www.burmeseclassic.com

ဂမ္ဘီရ သည်းထိတ်ရင်ဖိုဝတ္ထု

# မင်းသိင်္ခ

(ကဒုံကနီ)

# ဖိုးတွမ်တီးရာဇာနှင့် မသေသောလူသား



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်တွင်ဝတီရောစာနှင့် မသေသေးသောလူသား

မင်းသစ္စာလှိုင် (ကာခုံကနီ)

အတွင်းစာသားခွင့်ပြုချက်အမှတ်
၅၀၀၉၂၂၀၆၀၈
မျက်နှာဖုံး ခွင့်ပြုချက်အမှတ်
၅၀၁၅၈၆၁၁၀၇
ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်
၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ
၅၀၀
အဖုံးပန်းချီ
ကိုရိုးအောင်
ဖလင်
ကိုလှဝင်း
စာအုပ်ချုပ်
ပညာရွှေတောင်
ထုတ်ဝေသူ
ဦးအောင်မြတ်ထွေး
ပညာရွှေတောင်စာအုပ်တိုက်
(မြ - ၀၃၉၄၅)
၁၁၄၊ စိန့်ရတီလမ်း
ရတနာကျွန်းဆိုင်သာ၊ သုန္နာ
မြောက်ဥက္ကလာပ
မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင်
သန်းထိုက်ရတနာအော့ဖ်ဆက်
မြ(၀၅၁၃၁)၊
အမှတ် ၈၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့
တန်ဖိုး
၁၅၀၀ - ကျပ်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## မသေဆေးသောက်ထားသူများ

"သူကြီး၊ ဗျို့ . . . သူကြီး"

အိမ်ရှေ့မှ လှမ်းအော်ခေါ်သံကြားလိုက်ရသဖြင့် သူကြီးဦးလှကျော် လှမ်းကြည့်လိုက်သည်။ ခြံထဲသို့ ဦးဝေထွန်း ဝင်လာသည်ကို တွေ့မြင်လိုက်ရသဖြင့် သူကြီးဦးလှကျော်က ပြန်အော်ပြောလိုက်သည်။

"ဩော် - ဦးဝေထွန်းပါလား၊ လာလေဗျာ။ စောစောစီးစီး ကိစ္စရှိလို့လား။ လာဗျာ- ရေနွေးသောက်ရအောင်"

ဦးဝေထွန်း အိမ်ပေါ်သို့တက်လာပြီး သူကြီးနှင့်အတူ လက်ဖက်ရည်ခုံအနီးတွင် ဝင်ထိုင်လိုက်သည်။ ထို့ကြောင့် သူကြီးက ရေနွေးတစ်ခွက်ငှဲ့ကာ ဦးဝေထွန်းကိုကမ်းပေးပြီး ပြောလိုက်သည်။

"ရော့ဗျာ- ရေနွေးသောက်"

"အိမ်သားတွေကော တစ်ယောက်မှမရှိကြဘူးလား"

"မိန်းမကတော့ ဈေးသွားလေရဲ့ဗျာ။ သမီးကတော့ နောက်ဖေးမှာ ထမင်းအိုးတည်နေတယ်ထင်ပါ့။ သားတော်မောင်ကတော့ ဦးဝေထွန်းသိတဲ့အတိုင်းပဲ၊ မိုးလင်းတာနဲ့ အိမ်မှာမရှိတော့ဘူး။ စားချိန်ကျမှ ပြန်ရောက်လာတော့မှာ။ ဒါကြောင့် ကျုပ်တစ်ယောက်တည်း နားအေးပါးအေး ရေနွေးထိုင်သောက်နေတာ။ ကဲ - ဆိုစမ်းပါဦး၊ ဦးဝေထွန်းလာတာ ကိစ္စရှိလို့လား"

"သူကြီးကိုပြောစရာရှိလို့ဗျ"

www.burmeseclassic.com

www.burmeseclassic.com



“ဘာများပါလိမ့်၊ ပြောလေဗျာ”

“သူကြီး မသေတဲ့လူကို တွေ့ဖူးလား”

“ဘာများလဲလို့ဦးဝေထွန်းရယ်၊ တွေ့ဖူးတာပေါ့ဗျ”

“ဗျာ”

သူကြီးက မသေတဲ့လူကိုတွေ့ဖူးသည်ဟု ပြောလိုက်သဖြင့် ဦးဝေထွန်း သူကြီးကို တအံ့တဩကြည့်ကာ ပြန်မေးလိုက်သည်။

“မသေတဲ့လူကို သူကြီး တွေ့ဖူးတယ်ဟုတ်လား။ ဘယ်မှာ တွေ့ဖူးတာလဲ”

ဦးဝေထွန်းက တအံ့တဩပြန်မေးနေသဖြင့် သူကြီးက ဦးဝေထွန်းကို ပြန်မေးလိုက်သည်။

“ဦးဝေထွန်း စောစောစီးစီး ဘာတွေဖြစ်လာတာလဲ”

ဦးဝေထွန်းက သူကြီးမေးခွန်းကို ပြန်မဖြေ။ သူသိချင်တာကိုသာ အငမ်းမရမေးနေတော့သည်။

“ကျွန်တော်မေးတာကိုဖြေပါဦး သူကြီးရဲ့။ မသေတဲ့လူကို သူကြီး ဘယ်မှာတွေ့ဖူးတာလဲ”

ထို့ကြောင့် သူကြီးက စိတ်ပျက်စွာ ပြန်ပြောလိုက်သည်။

“ဦးဝေထွန်း စောစောစီးစီး ဘယ်လိုဖြစ်လာရတာလဲဗျာ။ ခင်ဗျားတို့ ကျုပ်တို့ အခုတွေ့မြင်နေကြရတဲ့လူတွေဟာ မသေလို့တွေ့နေကြရတာ မဟုတ်ဘူးလား။ အဲဒီလူတွေသေသွားခဲ့ရင် ကျုပ်တို့ခင်ဗျားတို့ သူတို့ကိုဘယ်လိုလုပ်တွေ့နိုင်တော့မှာလဲ။ အဲဒီလူတွေဟာ မသေတဲ့လူတွေပေါ့။ အခုအချိန်မှာ ခင်ဗျားလည်းမသေတဲ့လူ၊ ကျုပ်လည်းမသေတဲ့လူ၊ ရွာထဲကလူတွေလည်းမသေတဲ့လူတွေပဲလေ။ သေတဲ့လူတွေက သင်္ချိုင်းကမြေပုံအောက်မှာပဲရှိမှာပေါ့။ ခင်ဗျားဘာတွေလာမေးနေတာလဲ”

သူကြီး၏အဖြေကို ဦးဝေထွန်းက ဘဝင်မကျစွာ ပြန်ပြောလိုက်သည်။

“ဟာ - သူကြီးကလည်း ကျုပ်ပြောတာ အဲဒီလိုမသေသေးတဲ့လူတွေကို ပြောနေတာမဟုတ်ဘူး”

“ဒါဆို ဘာကိုပြောတာလဲ။ ရှင်းအောင်ပြောစမ်းပါဦးဝေထွန်းရယ်”

www.burmeseclassic.com

www.burmeseclassic.com


"ကျုပ်ပြောတာက မသေမယ့်လူ၊ တစ်သက်လုံး ဘယ်တော့မှ မသေမယ့်လူ၊ အဲဒီလိုလူကိုပြောတာ"

"ဟာဗျာ- ဦးဝေထွန်းကလည်း။ ကြံကြံဖန်ဖန် တစ်သက်လုံး ဘယ်တော့မှ မသေမယ့်လူရယ်လို့ ဘယ်လိုလုပ်ရှိနိုင်မှာလဲ"

"ရှိတယ် သူကြီးရဲ့"

"မဖြစ်နိုင်တာ"

"ကျုပ်ကိုယ်တိုင်တွေ့ခဲ့ရတာ"

"ဘာ - တစ်သက်လုံး ဘယ်တော့မှမသေမယ့်လူကို ဦးဝေထွန်း တွေ့ခဲ့တယ်ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်မှာတွေ့ခဲ့တာလဲ"

"ဒီရွာမှာပဲ"

"ဘယ်သူလဲ"

"အဲဒီလူကို သူကြီးလည်းတွေ့ဖူးတာပါပဲ"

"တစ်သက်လုံး ဘယ်တော့မှမသေမယ့်လူကို ကျုပ်လည်း တွေ့ဖူးတယ် ဟုတ်လား"

"ဟုတ်တယ်၊ အဲဒီလူကို သူကြီးလည်းတွေ့ဖူးတယ်"

"ကဲ - ဒါဆိုလည်း ပြောစမ်းပါဗျာ။ ဘယ်သူလဲ"

သူကြီးက စိတ်မရှည်စွာ ပြန်ပြောလိုက်သည်။ ထို့ကြောင့် ဦးဝေထွန်းက ပြောပြလိုက်သည်။

"ဦးရွှေလေးနဲ့ သူ့သား ဝင်းသောင်း"

"ဘယ်ဦးရွှေလေးလဲ၊ မိုးဦးကျစကမှ ကျုပ်တို့ရွာကိုပြောင်းလာတဲ့ ဦးရွှေလေးလား"

"ဟုတ်တယ်၊ အဲဒီဦးရွှေလေးတို့သားအဖပဲ။ သူတို့သားအဖက ဘယ်တော့မှမသေတော့မယ့် လူတွေပဲ"

ဦးရွှေလေးတို့သားအဖက မိုးဦးကျစမှ ဒီရွာ၊ ဒီဒေသကို ပြောင်းရွှေ့လာခဲ့ကြသူများ ဖြစ်သည်။ ဦးရွှေလေးမှာ အသက်ငါးဆယ်ခန့်ရှိ၍ ဘာသာတရားကို ယုံကြည်လေးစားသူတစ်ယောက် ဖြစ်သည်။ လူမှုရေးတန်းရေးနှင့် ရွာရေးရပ်ရေးကိစ္စများတွင် ငွေအားလူအားနှင့် တက်ကြွစွာ ပါဝင်လုပ်ကိုင်နေသူဖြစ်သဖြင့် ဤရွာ၊ ဤဒေသသို့ရောက်ရှိလာခဲ့သည်မှာ မကြာသေးသော်လည်း တစ်ရွာ


www.burmeseclassic.com

www.burmeseclassic.com


လုံး၏ အထင်ကြီးလေးစားမှုကို ခံနေရသူ ဖြစ်သည်။

ဦးရွှေလေးမှာ ဇနီးမယားသေဆုံးသွားခဲ့သဖြင့် စိတ်လေကာ နေရင်းဒေသမှ ပြောင်းရွှေ့လာခဲ့ခြင်း ဖြစ်သည်။ ငွေကြေးမနေအင်အား အခြေခံတောင့်တင်းသူများ ဖြစ်သဖြင့် သားအဖနှစ်ယောက် ပယ်လယ်ကမ်းခြေတစ်ခွင် စိတ်ပြေလက်ပျောက် လျှောက်သွားနေကြရင်းမှ ဤသမ့်တပင်ကျေးရွာလေးတွင် သောင်တင်သွားခဲ့ကြခြင်း ဖြစ်သည်။

ထို့ကြောင့် သမ့်တပင်တွင် ဦးရွှေလေးတို့သားအဖမှာ အသိအကျွမ်းမရှိ။ သူကြီးနှင့် ကျေးရွာသူကျေးရွာသားများကို အဆင်ပြေအောင် ပေါင်းသင်းဆက်ဆံကာ မြေလွတ်တစ်နေရာတွင် နေအိမ်လေးတစ်လုံး ဆောက်လုပ်နေထိုင်ခဲ့ကြသည်။ မည်မည်ရရ အလုပ်အကိုင်မရှိကြဘဲ ငွေတိုးချေးအလုပ်နှင့်ပင် သားအဖနှစ်ယောက် ရပ်တည်နေနိုင်ခဲ့ကြသည်။ ဦးရွှေလေးမှာ ငွေတိုးချေးစားသည်ဆိုသော်လည်း အတိုးကြီးမယူပေ။ အမှန်တကယ်မရှိသူများဆိုလျှင် အတိုးမယူသည့်အပြင် ဒါနပြုပေးကမ်းလေ့ရှိသည်။ မရှိဆင်းရဲသားများ၏ *ကျန်းမာရေးကိစ္စများတွင်လည်း ငွေကုန်ကြေးကျခံကာ* ကူသိုလ်ပြုကူသပေးခဲ့သည်။ ထို့ကြောင့် အချိန်တိုကာလအတွင်းမှာပင် ဦးရွှေလေးမှာ သမ့်တပင်ကျေးရွာ၏ အရေးပါအရာရောက်သူတစ်ယောက် ဖြစ်လာခဲ့တော့သည်။

ဝင်းသောင်းကမူ ဖခင်ဖြစ်သူဦးရွှေလေးနှင့်မတူ။ အချိန်ရှိသရွေ့ စကားကြီးစကားကျယ်ပြောကာ သောက်စားမူးယစ်နေသူဖြစ်သည်။ ဘာအလုပ်မှလဲမလုပ်။ ထို့ကြောင့် အကျင့်စရိုက်သဘာဝချင်းတူနေသော သူကြီးသားတင်စိုးတို့အဖွဲ့နှင့် အပေါင်းအသင်းဖြစ်သွားခဲ့တော့သည်။ ဝင်းသောင်း တင်စိုးကို အပေါင်းအသင်းလုပ်နေသည်မှာ သူ့အကြံနှင့်သူ ဖြစ်သည်။ ဝင်းသောင်းမှာ တင်စိုးကိုတည့်အောင်ပေါင်းကာ တင်စိုးနှမ မလေးငယ်ကို ပိုးပန်းနေခြင်းဖြစ်သည်။

ယခု ဦးရွှေလေးတို့သားအဖကို ဘယ်တော့မှ သေဆုံးမယ့်လူတွေမဟုတ်ဟု ဦးဝေထွန်းက ပြောဆိုလာခဲ့သည်။ ထို့ကြောင့် သူကြီးဦးလှကျော်က ဦးဝေထွန်းကို ပြန်ပြောလိုက်သည်။

"ကျုပ်ကတော့မယုံဘူးဗျာ။ လူတွေမွေးဖွားလာကြတာဟာ

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မဟုတ်တစ်နေ့ သေကြရဖို့မွေးဖွားလာခဲ့ကြရတာပဲ။ မွေးဖွားလာခဲ့ပြီဆိုတာနဲ့ သေခြင်းတရားက နောက်ကနေ ကပ်ပါလာခဲ့တာ။ သေခြင်းတရားကို ဘုရား၊ ရဟန္တာတွေတောင်မှ လွန်ဆန်လို့ ရကြတာမဟုတ်ဘူး။ ဦးရွှေလေးတို့ ပုထုဇဉ်လူသားတွေက ဘယ်တော့မှ မသေတော့ဘူးဆိုတာ ဘယ်လိုဖြစ်နိုင်မှာလဲ ဦးဝေထွန်းရယ်"

ထို့ကြောင့် ဦးဝေထွန်းက စာဒကတက် ပြောလိုက်ပြန်သည်။

"သူကြီးပြောတာမှန်ပါတယ်။ ဒါပေမယ့် အခု ဦးဝေထွန်းတို့ သားအဖ ဘယ်တော့မှမသေကြတော့ဘူး ဆိုတဲ့ကိစ္စမှာ သူတော်ကောင်းတွေ၊ ပုထုဇဉ်တွေဆိုတာနဲ့ မဆိုင်ဘူးဗျ"

ဦးဝေထွန်းပြောသည့်ကိစ္စကို သူကြီးက သဘောမပေါက်။ ထို့ကြောင့် ဦးဝေထွန်းက ဆက်ပြောလိုက်သည်။

"သူကြီးကို ကျုပ် ဥပမာတစ်ခုပြောမယ်။ ဖျားနေတဲ့လူတစ်ယောက်ကို အဖျားပျောက်ဆေးတိုက်ရင် ဘာဖြစ်မလဲ"

"ဖျားနေတဲ့လူကို အဖျားပျောက်ဆေးတိုက်ရင် အဖျားပျောက်ပြီး နေကောင်းသွားမှာပေါ့"

"ဖျားနေတဲ့လူဟာ သူတော်ကောင်းတစ်ယောက်ဖြစ်နေရင် ဆေးတိုက်လို့ အဖျားပျောက်ပါ့မလား"

"ပျောက်တာပေါ့"

"ဖျားနေတဲ့လူဟာ သူတော်ကောင်းတစ်ယောက်မဟုတ်ဘဲ လူယုတ်မာတစ်ယောက် ဖြစ်နေခဲ့ရင်ကော ဆေးတိုက်လို့ ပျောက်နိုင်ပါ့မလား"

သူကြီးဦးလှကျော်က ဦးဝေထွန်းကို နားမလည်နိုင်သလို ကြည့်ကာ ပြောလိုက်သည်။

"အဖျားပျောက်ဆေးဆိုတာ အဖျားရောဂါကိုပျောက်စေနိုင်တဲ့ စွမ်းရည်သတ္တိရှိနေတာပဲ။ လူယုတ်မာပဲဖြစ်ဖြစ်၊ သူတော်ကောင်းပဲဖြစ်ဖြစ်၊ ရဟန္တာပဲဖြစ်ဖြစ်၊ ပုထုဇဉ်ပဲဖြစ်ဖြစ် ဖျားနေတယ်ဆိုရင်တော့ အဖျားပျောက်ဆေးသောက် ပျောက်မှာပေါ့ဗျာ။ ဆေးဆိုတာက ပုထုဇဉ်ရယ်၊ သူတော်ကောင်းရယ်၊ သူယုတ်မာရယ်လို့ ခွဲခြားပြီးပျောက်စေတာမှ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



တာ”

“ဒါကြောင့် သူကြီးကို ကျုပ်ပြောတာပေါ့။ ဦးရွှေလေးတို့သားအဖ ဘယ်တော့မှ မသေကြတော့ဘူးဆိုတဲ့ကိစ္စမှာ သူတော်ကောင်းတွေ၊ ပုထုဇဉ်ဆိုတာတွေနဲ့ မဆိုင်ပါဘူးလို့”

“ဘာဖြစ်လို့လဲ”

“သူတို့သားအဖက မသေဆေးသောက်ထားကြလို့လေ”

“မဖြစ်နိုင်တာဗျာ၊ လောကမှာ မသေဆေးရယ်လို့ ဘယ်တုံးက ရှိဖူးလို့လဲ၊ ဦးဝေထွန်း ကြားဖူးလား”

“လောကကြီးမှာ မသေဆေးဆိုတာ ဘယ်ရှိပါ့မလဲသူကြီးရယ်၊ ဒါလောက်တော့ ကျုပ်လည်းသိတာပေါ့”

“ဒါဆို ဦးရွှေလေးတို့သားအဖက မသေဆေးကို ဘယ်ကရတာလဲ”

“ရေငန်ပိုင်ဦးရှင်ကြီးဆီကရတာ”

“ဘာပြောတယ်၊ ရေငန်ပိုင်ဦးရှင်ကြီးဆီက မသေဆေးကိုရတာ ဟုတ်လား”

သူကြီးက ဦးဝေထွန်းကို တအံ့တဩမေးလိုက်ပြန်သည်။

“ဟုတ်တယ် သူကြီး၊ သူတို့သားအဖကို ရေငန်ပိုင်ဦးရှင်ကြီးကိုယ်တိုင်က မသေဆေးကို တိုက်ခဲ့တာ”

ဦးဝေထွန်းပြောနေသည်ကို သူကြီးဦးလှကျော် လုံး၀ မယုံကြည်ပေ။ သူကြီးဦးလှကျော်မှာ ဒေသဆိုင်ရာ ယုံကြည်စွဲလမ်းမှုတွေနှင့် မိရိုးဖလာယုံကြည်စွဲလမ်းမှုတွေကို ပစ်ပယ်သူတစ်ယောက်မဟုတ်သကဲ့သို့ အစွန်းရောက်ယုံကြည်နေသူလည်း မဟုတ်ပေ။ ဆင်ခြင်တုံတရားရှိသူတစ်ယောက်ဖြစ်သည်။ ထို့ကြောင့် သူကြီးမှာ ဦးဝေထွန်းပြောဆိုနေသည်ကို မယုံကြည်သော်လည်း ဦးဝေထွန်းကို ဆက်မေးလိုက်ပြန်သည်။

“သူတို့သားအဖကို ရေငန်ပိုင်ဦးရှင်ကြီးက ဘယ်တုံးက ဘယ်နေရာမှာ မသေဆေးတိုက်ခဲ့တာလဲ”

“မိန်းမလှကျွန်းပေါ်မှာ သူတို့သားအဖကို ဦးရှင်ကြီးကိုယ်တိုင်က မသေဆေးတိုက်ကျွေးခဲ့တာလို့ ပြောတာပဲ။ ဘယ်အချိန်ကလဲဆိုတာတော့ သူလည်း မမှတ်မိတော့ဘူးတဲ့။ ခန့်မှန်းခြေ နှစ်ပေါင်း တစ်ရာလေးငါးဆယ်လောက်တော့

www.burmeseclassic.com

www.burmeseclassic.com



ရှိမယ်လို့ပြောတယ်"

"ဒါဆိုရင် ဦးရွှေလေးတို့သားအဖနှစ်ယောက်ရဲ့ အသက်တွေက နှစ်ပေါင်းတစ်ရာ့ငါးဆယ်ကျော်တောင် ရှိနေကြပြီပေါ့"

"ဟုတ်တယ်"

"မဖြစ်နိုင်တာဗျာ"

"မဖြစ်နိုင်ဘူးမပြောနဲ့ သူကြီး။ သူတို့သားအဖက ရေငန်ပိုင်ဦးရှင်ကြီး မောင်ရှင်ဘဝတုန်းက မိန်းမလှကျွန်းမှာ အတူတူသစ်ခုတ်ခဲ့ကြဖူးတယ်"

ထို့ကြောင့် သူကြီးက ဦးဝေထွန်းကို ဘဝင်မကျစွာပြန်ပြောလိုက်သည်။

"ဦးဝေထွန်းကို အဲဒီအကြောင်းတွေ ဘယ်သူကပြောတာလဲ။ ဦးရွှေလေးက ပြောတာလား"

"မဟုတ်ဘူး။ သူ့သားဝင်းသောင်းက မနေ့ကညနေကမှ ကျွန်တော့်ကိုပြောပြခဲ့တာ။ ဒါကြောင့် အခု သူကြီးကိုလာပြောပြတာ"

"ဝင်းသောင်းက မူးမူးရူးရူးနဲ့ပြောတာဖြစ်မှာပေါ့ဗျာ။ အရက်သမားပြောတဲ့စကားကိုများ ဦးဝေထွန်းရယ် အရေးတယူလုပ်ရတယ်လို့"

"ကျုပ်ကတော့ ယုံတယ် သူကြီး"

ဦးဝေထွန်း၏စကားကြောင့် သူကြီးက ပြန်ပြောလိုက်သည်။

"ဒီမှာ - ဦးဝေထွန်း၊ အကြောင်းအရာတစ်ခုဟာ သက်သေပြချက်ခိုင်လုံမှ အတည်ဖြုလို့ရတယ်။ ဒီလို အခြေအမြစ်မရှိတဲ့စကားတွေကို ဦးဝေထွန်းက ဘာကြောင့်ယုံနေရတာလဲ"

ထို့ကြောင့် ဦးဝေထွန်းက မခံချင်စွာ ပြန်ပြောလိုက်သည်။

"ဘာကြောင့် ကျုပ်ကယုံကြည်သလဲဆိုရင် ယုံကြည်ထိုက်လို့ယုံကြည်တယ်လို့ပဲ ပြောရမှာပဲ သူကြီး။ ကျုပ်လည်း လူညံ့တစ်ယောက်မဟုတ်ပါဘူး သူကြီးရယ်"

ဦးဝေထွန်းက ပြောပြောဆိုဆိုနှင့် သူ၏ အကျီအိတ်ထဲမှ စက္ကူထုပ်ကလေးတစ်ထုပ်ကို နှိုက်ယူလိုက်သည်။ စက္ကူထုပ်ကလေးကိုဖြေလိုက်ရာ ရွှေတုံးကလေးနှစ်တုံးကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com


ရွှေတုံးကလေးများမှာ မန်ကျည်းစေ့အရွယ်ပမာဏခန့်ရှိကာ မန်ကျည်းစေ့ပုံသဏ္ဍာန်များ ဖြစ်သည်။ ရွှေမန်ကျည်းစေ့လေးများ ဖြစ်သည်။ ဦးဝေထွန်းသည် ရွှေမန်ကျည်းစေ့လေးနှစ်စေ့ကို သူကြီးကို လှမ်းပေးလိုက်ပြီး ပြောလိုက်သည်။

"အဲဒါ မနေ့ညနေက ဝင်းသောင်း ကျွန်တော့်ကို ပေးခဲ့လို့ ကျွန်တော် ကောက်သိမ်းထားခဲ့တာ။ ဝင်းသောင်းပြောတဲ့ စကားထဲမှာ ရေစင်ပိုင်ဦးရှင်ကြီးက သူတို့သားအဖကို ရွှေမန်ကျည်းစေ့တွေ အများကြီးပေးထားတယ်တဲ့။ ဒါကြောင့် သူတို့သားအဖ ဘာမှ မလုပ်မကိုင်ဘဲ စားနေနိုင်တာတဲ့"

သူကြီးသည် ရွှေမန်ကျည်းစေ့ကလေးများကို ဆ,ကိုင်ကြည့်ကာ ဦးဝေထွန်းကိုပြောလိုက်သည်။

"မန်ကျည်းစေ့ကလေးတွေက အခေါင်းပွလုပ်ထားတာဗျ။ တစ်စေ့ကို တမတ်သားလောက်တော့ ရှိတယ်"

ဤတွင် ဦးဝေထွန်းက ဆက်ပြောလိုက်သည်။

"ဒါကြောင့် ကျုပ်က ယုံတယ်လို့ပြောတာပေါ့။ နောက်ပြီး ပြောစရာကျန်သေးတယ် သူကြီးရဲ့"

"ဘာလဲ"

"သူတို့သားအဖက တပေါင်းလပြည့်နေ့တိုင်း မိန်းမလှကျွန်းမှာ ဦးရှင်ကြီးနဲ့သွားတွေ့ကြရတယ်ဆိုပဲ"

"ဘာဖြစ်လို့သွားတွေ့ကြရတာလဲ"

"အဲဒါတော့ ကျုပ်လည်းမသိဘူး"

ထို့နောက် သူကြီးက ရွှေမန်ကျည်းစေ့လေးများကို ဦးဝေထွန်းကို ပြန်ပေးလိုက်ပြီး တွေးတွေးဆဆ ပြောလိုက်သည်။

"ကျုပ်ကတော့ မယုံဘူးဗျာ။ စကားတွေက ယုတ္တိမတန်ဘူး။ လူတစ်ယောက် အသက် တစ်ရာ့ငါးဆယ် နှစ်ရာရှည်တယ်ဆိုတာ ဒီခေတ်မှာ မဖြစ်နိုင်ဘူး။ ဦးရှင်ကြီးကိုယ်တိုင်က မသေဆေးတိုက်ခဲ့တယ်ဆိုတာလည်း မဖြစ်နိုင်ဘူး။ မသေဆေးဆိုတာလည်း လောကမှာ မရှိနိုင်ဘူး။ ဒါပေမယ့် သူတို့မှာ ရွှေမန်ကျည်းစေ့လေးတွေ အမြောက်အမြားရှိနေတယ်ဆိုတာကတော့ စိတ်ဝင်စားစရာအချက်ပဲ။ စဉ်းစားစရာပဲ"

www.burmeseclassic.com


"ဘာမှစဉ်းစားမနေစမ်းပါနဲ့ အဖေရာ၊ ယုံသာယုံလိုက်စမ်းပါ"

သူကြီးသားတင်စိုးက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။ တင်စိုးမှာ အပြင်တွင် လည်ပတ်နေရာမှ ပြန်လာပြီး အိမ်တွင် ပိုက်ဆံပြန်လာယူခြင်း ဖြစ်သည်။ ဖခင်ဖြစ်သူနှင့် ဦးဝေထွန်းတို့ ပြောဆိုနေကြသည်ကို အပြင်မှ နားထောင်နေရာမှ ဝင်ရောက် ပြောဆိုလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် သူကြီးနှင့် ဦးဝေထွန်းတို့က တင်စိုးကိုကြည့်လိုက်ကြသည်။ တင်စိုးက အိမ်ပေါ်သို့တက်လာပြီး ပြောလိုက်ပြန်သည်။

"ဒီအကြောင်းတွေကို ကျွန်တော်သိထားခဲ့တာ ကြာပြီဗျ။ ဝင်းသောင်းက ကျွန်တော့်ကိုပြောပြထားလို့ ကျွန်တော်သိခဲ့တာ။ ကျွန်တော့်မှာလည်း အဲဒီလိုရွှေမန်ကျည်းစေ့လေးရှိတယ်။ ဝင်းသောင်းပေးခဲ့တာ။ ခဏနေဦး၊ ကျွန်တော်ယူပြမယ်"

တင်စိုးက ပြောပြောဆိုဆိုနှင့် သူ့အိပ်ခန်းသို့သွားကာ အထုပ်ကလေးတစ်ထုပ် ယူလာခဲ့သည်။ စက္ကူထုပ်ကလေးကို ဖြေပြလိုက်ရာ ရွှေမန်ကျည်းစေ့လေးသုံးစေ့ကို တွေ့လိုက်ကြရသည်။ ဦးဝေထွန်းထံမှ ရွှေမန်ကျည်းစေ့ကလေးများနှင့် တစ်ပုံစံတည်းပဲ ဖြစ်သည်။

ထို့ကြောင့် သူကြီးက သားဖြစ်သူတင်စိုးကို မေးလိုက်သည်။

"မင်းက ဒီအကြောင်းတွေကို ဘာဖြစ်လို့ငါ့ကိုမပြောတာလဲ"

"ဒီအကြောင်းတွေကို ကျွန်တော် ဘယ်သူ့ကိုမှ မပြောဘူး။ ဒီနှစ် တပေါင်းလပြည့်နေ့ ဝင်းသောင်းတို့သားအဖ ဦးရှင်ကြီးနဲ့သွားတွေ့ရင် ကျွန်တော်လည်းလိုက်သွားမလို့။ ဟိုလူသိ၊ ဒီလူသိဆိုရင် လိုက်ချင်နေကြဦးမယ်။ နောက်ပြီး ဒီကိစ္စက လူသိလို့မဖြစ်ဘူး။ ရွှေမန်ကျည်းစေ့တွေအတွက် သူတို့သားအဖမှာ အန္တရာယ်ရှိနိုင်တယ်။ ဒါကြောင့် ဘယ်သူ့ကိုမှ မပြောတာ။ ဝင်းသောင်းကလည်း ဘယ်သူ့ကိုမှမပြောဖို့မှာတယ်"

"ဒါဆို ဝင်းသောင်းက ဘာဖြစ်လို့ ဦးဝေထွန်းကို ပြောရတာလဲ"


www.burmeseclassic.com

www.burmeseclassic.com


သူကြီးက မေးလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် တင်စိုးက ပြန်ပြောလိုက်ပြန်သည်။

"ဦးဝေထွန်းလိုလူက အိမ်ပေါက်စေ့လျှောက်ပြောနေမယ့် လူမှမဟုတ်တာ။ ဦးဝေထွန်းကို ယုံကြည်လို့ဖြစ်မှာပေါ့"

ထို့နောက် သူကြီးက တင်စိုးကိုမေးလိုက်ပြန်သည်။

"ဝင်းသောင်းတို့သားအဖ ဦးရှင်ကြီးနဲ့သွားတွေ့တာ မင်းက ဘာဖြစ်လို့လိုက်ချင်ရတာလဲ"

"ဦးရှင်ကြီးနဲ့တွေ့ရင် မသေဆေးသောက်ရမယ်။ ရွှေမန်ကျည်းစေ့တွေရမယ်။ ဒီတော့ အသက်လည်းရှည်မယ်။ ချမ်းလည်းချမ်းသာမယ်"

"မင်းကို ဘယ်သူကအာမခံလို့လဲ"

"တင်စိုးတို့က မပိုင်ရင် ခြင်တောင်မရိုက်ဘူး"

"မင်းတို့ဟာတွေက မဟုတ်သေးပါဘူးကွာ"

"အဖေတို့က သေသေချာချာမသိဘဲ ပြောနေတာပဲ။ ကဲ - ဝင်းသောင်းတို့သားအဖ ဘာတွေဖြစ်ခဲ့ကြတယ် ဆိုတာ အဖေသိလား"

"ဘယ်သိမလဲကွ။ သူတို့ဒီကိုပြောင်းလာတာ လပိုင်းပဲရှိသေးတာ"

"အဲဒါကြောင့်ပြောတာပေါ့။ အဖေတို့က ဘာမှမသိလို့ပြောနေတာ"

"မင်းကကော ဘာတွေသိထားလို့လဲ"

"သိတာပေါ့၊ သိပ်သိတာပေါ့"

ထိုစဉ် -

"သူကြီး၊ ဗျို့ . . . သူကြီး"

သက်ပိုင်စိုးနှင့် ထူးအောင်တို့ ခြံထဲသို့ ဝင်လာခဲ့ကြသည်။ သက်ပိုင်စိုးနှင့် ထူးအောင်တို့မှာ သမ္မတပင ကျေးရွာ၏ တက်ကြွသော လူငယ်လေးများပင် ဖြစ်သည်။ ရှစ်တန်းအဆင့်အထိ ခေတ်ပညာသင်ယူခဲ့ဖူးသူများ ဖြစ်သည်။ ဘာသာသာသနာနှင့် ရပ်ရေးရွာရေးကိစ္စများတွင် ရှေ့တန်းမှ ဦးဆောင်လုပ်ရှားနေသူများလည်း ဖြစ်သည်။

သက်ပိုင်စိုးနှင့် ထူးအောင်တို့မှာ မလေးငယ်ကို ပြိုင်တူပိုး

www.burmeseclassic.com

www.burmeseclassic.com



ပန်းနေခဲ့ကြသော်လည်း ငယ်မွေးခြံပေါက်ငယ်သူငယ်ချင်းများ ဖြစ်ကြသဖြင့် စိတ်ဝမ်းကွဲမှုမရှိ။ ကိုယ့်နည်းကိုယ်ဟန်နှင့်သာ မလေးငယ်၏ မေတ္တာကို ပိုင်ဆိုင်ခွင့်ရရှိရန် ကြိုးစားနေခဲ့ကြသည်။ အကယ်၍ မလေးငယ်က တစ်ယောက်ကို မေတ္တာမျှခဲ့လျှင် တစ်ယောက်က သဘောထားကြီးစွာ ကြည်ဖြူကျေနပ်ရန် သဘောတူထားခဲ့ကြသည်။

ဤသည်ကိုလည်း မလေးငယ်က သိရှိနေခဲ့သည်။ လက်ရှိအခြေအနေတွင်မူ မလေးငယ်မှ ဆုံးဖြတ်၍မရဖြစ်နေခဲ့သည်။ ထူးအောင်နှင့် သက်ပိုင်စိုးတို့ နှစ်ယောက်စလုံးမှာလည်း ပြောစရာအပြစ်ဟူ၍မရှိ။ မလေးငယ်၏ နှလုံးသားကလည်း ထူးအောင်နှင့် သက်ပိုင်စိုးတို့ကို မခွဲဆုံးဖြတ်၍မရနိုင်သဖြင့် နှစ်ယောက်စလုံးကို ငါစဉ်းစားပါရစေဦးဟာဟူသာ ပြောဆိုနိုင်ခဲ့သည်။

သူကြီးသည် ထူးအောင်နှင့် သက်ပိုင်စိုးတို့ကို ကြည့်ကာ မေးလိုက်သည်။

"သက်ပိုင်စိုးနဲ့ ထူးအောင် ကိစ္စရှိလို့လား"

"မရှိပါဘူး သူကြီး။ မနက်ဖြန် ကျွန်တော်တို့ မြို့ကိုသွားမလို့ ဘာမှာဦးမလဲလို့ လာမေးတာပါ"

သက်ပိုင်စိုးနှင့် ထူးအောင်တို့မှာ မြို့သို့ မကြာခဏသွားလေ့ရှိသည်။ မြို့တွင် ဆွေမျိုးများရှိသဖြင့် မကြာခဏ သွားရောက်လည်ပတ်နေကြခြင်း ဖြစ်သည်။ ထူးအောင်နှင့်သက်ပိုင်စိုးတို့ မြို့သို့သွားလျှင် သူကြီးက မြို့မှရာဇဝတ်အုပ်၊ မြို့ပိုင်စသော အရာရှိများထံသို့ ကျေးရွာနှင့် ပတ်သက်၍ အကြောင်းအကျိုးစာများ ရေးသားကာ လူကြုံပါးလေ့ရှိသည်။ ထို့ကြောင့် ထူးအောင်နှင့် သက်ပိုင်စိုးတို့က လာရောက် မေးနေကြခြင်း ဖြစ်သည်။

အမှန်တကယ်တွင်မူ ထူးအောင်နှင့်သက်ပိုင်စိုးတို့မှာ သူကြီး၏ အကျိုးဆောင်လုပ်ချင်၍ လာခဲ့ကြခြင်းမဟုတ်၊ မလေးငယ်ဘာများမှာမလဲဟူသောအတွေးနှင့် လာခဲ့ကြခြင်း ဖြစ်သည်။ သို့သော် မလေးငယ်မှာ အိမ်ထဲတွင်ချက်ပြုတ်လုပ်ကိုင်နေသဖြင့် မတွေ့ကြရပေ။

ထိုစဉ် သူကြီးက ပြန်ပြောလိုက်သည်။

"ဒီတစ်ခေါက်တော့ မှာစရာမရှိတော့ပါဘူးကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမှာ ဒီတင်ပြီးနေပြီ ဖြစ်သည်။ သို့သော် မလေးငယ်က ထွက်မလာသေး။ မလေးငယ် ယခုအချိန်တွင် မီးဖိုထဲတွင်ရှိနေမည် ကိုတော့ သိနေကြသည်။ မလေးငယ်နှင့်မတွေ့ရဘဲလည်း မပြန်ချင် ကြ၊ ကိစ္စကလည်းမရှိတော့။

ထို့ကြောင့် ထူးအောင်က စကားမရှိစကားရှာပြောလိုက် သည်။

"စောစောက တင်စိုးပြောသံကြားလိုက်ပါတယ် သိတာပေါ့၊ သိပ်သိတာပေါ့လို့ တင်စိုးပြောနေသံ ကြားလိုက်ရတယ်။ တင်စိုးက ဘာတွေများသိပ်သိနေလို့လဲကွ"

"ငါဘာသာဘာသိသိ၊ မင်းတို့နဲ့ဘာဆိုင်လဲ"

တင်စိုးက ဘုပြောလိုက်သည်။ နဂိုကတည်းက ထူးအောင် နှင့် သက်ပိုင်စိုးတို့ကို တင်စိုးကကြည့်မရ။ ထူးအောင်နှင့် သက်ပိုင်စိုး တို့ကို ရွာထဲတွင် နေရာတကာ လူတွင်ကျယ်လုပ်နေကြသည်ဟု တင်စိုးက ထင်နေသည်။ ဖခင်ဖြစ်သူ သူကြီးဦးလှကျော်ကလည်း တင်စိုးကို သက်ပိုင်စိုးနှင့် ထူးအောင်တို့ကို စံနမူနာပြုကာ ဆုံးမ လေ့ရှိသဖြင့် သက်ပိုင်စိုးနှင့် ထူးအောင်တို့ကို တင်စိုးကြည့်မရဖြစ် နေခဲ့သည်။ ထို့ကြောင့် တင်စိုးက ဘုပြောလိုက်ခြင်းပင် ဖြစ်သည်။

ထို့ကြောင့် သူကြီးက တင်စိုးကို မာန်မဲပြောဆိုလိုက်သည်။

"ဟေ့ကောင်- မင်းပါးစပ်ပိတ်ထားစမ်း"

ထို့နောက် သူကြီးက ဦးဝေထွန်းနှင့်တင်စိုးတို့ပြောပြခဲ့သော ဦးရွှေလေးတို့ သားအဖနှစ်ယောက်အကြောင်းကို ပြန်လည် ပြော ပြလိုက်တော့သည်။ ထူးအောင်နှင့် သက်ပိုင်စိုးတို့မှာ ကျေးရွာ၏ အားထားရသော လူငယ်များဖြစ်သဖြင့် ကျေးရွာနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို သိရှိစေရန်ရည်ရွယ်၍ သူကြီးက ပြော လိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် သက်ပိုင်စိုးက တင်စိုးကိုတောင်းပန်ပြောဆိုလိုက် သည်။

"ဦးရွှေလေးတို့သားအဖနဲ့ပတ်သက်ပြီး မင်းသိထားတာတွေ ကို ပြောပြလို့ဖြစ်မယ်ဆိုရင် ပြောပြပါလား သူငယ်ချင်း"

ဤတွင် ဦးဝေထွန်းက ပြောလိုက်သည်။

"ကဲပါ- ကျုပ်ပဲပြောပြပါ့မယ်။ ဝင်းသောင်းက သူတို့သား

www.burmeseclassic.com

www.burmeseclassic.com



အဖအကြောင်းကို မနေ့ညနေက ကျုပ်ကိုလည်းပြောပြသွားခဲ့ပါတယ်။ ဒီလိုဗျ၊ သူတို့က ပဲခူးနယ် ကစင်ရွာဇာတိတွေ။ ကစင်ရွာကို တချို့က စည်တီးရွာလို့လည်းခေါ်ကြတယ်”

ထို့ကြောင့် ထူးအောင်က မေးလိုက်သည်။

“ပဲခူးနယ်က ကစင်ရွာဆိုတာ ဦးရှင်ကြီးရဲ့ဇာတိရွာမဟုတ်လား”

“ဟုတ်တယ်၊ ကစင်ရွာဟာ ဦးရှင်ကြီးရဲ့ဇာတိရွာပဲ။ ဦးရွှေလေးတို့ဇာတ်လမ်းက အဲဒီကစင်ရွာက စခဲ့တာပဲ”

ဦးဝေထွန်းက ‘ဦးရွှေလေးတို့ဇာတ်လမ်းက အဲဒီ ကစင်ရွာက စခဲ့တာပဲ’ဟု အစချီကာ ဝင်းသော်င်း ပြောပြခဲ့သည်များကို ပြန်လည် ပြောပြလိုက်တော့သည်။



www.burmeseclassic.com

ww.burmeseclassic.com

## ပြန်ဆုံကြတဲ့သူငယ်ချင်းသုံးယောက်

"ဖိုးအောင်ရေ ဟေ့. . . ဖိုးအောင်"

နောက်မှ ခေါ်သံကြားသဖြင့် ဖိုးအောင် လှည့်ကြည့်လိုက်သည်။ ရွှေလေး အမောတကော ပြေးလိုက်လာသဖြင့် ရပ်စောင့်နေလိုက်သည်။ ရွှေလေးမှာ ဖိုးအောင်အနီးသို့ရောက်သည်နှင့် မေးလိုက်သည်။

"မင်း သစ်ခုတ်လိုက်သွားမလို့ဆို"

"ဟုတ်တယ်၊ ငါ့ညီလေးမောင်ရှင်တစ်ယောက်တည်း စိတ်မချလို့ ငါပါလိုက်သွားမလို့"

"မင်းအမေ ဒေါ်သူက မင်းကို သွားခွင့်ပြုပါ့မလား"

"အမေမသိအောင် လိုက်သွားရမှာပေါ့ကွာ။ ငါ့ညီလေးတစ်ယောက်တည်း ငါစိတ်မချပါဘူး။ ဒီကောင်က စောင်းတီးပြီး သီချင်းဆိုဖို့သာ ကျွမ်းကျင်တာ။ အလုပ်ကြမ်းလုပ်နိုင်မှာ မဟုတ်ဘူး။ တောလည်းမကျွမ်းကျင်ဘူး။ မောင်ရှင်က ကိုရင်ဝတ်ချင်လွန်းလို့သာ သစ်ခုတ်လိုက်တာ"

"ဒါဆို မင်းတို့ညီအစ်ကိုနှစ်ယောက်စလုံး လိုက်ကြမှာပေါ့"

"ဟုတ်တယ်"

"ငါလည်းလိုက်ချင်တယ်ကွာ။ မင်းတို့လှေသူကြီးကို ပြောပေးပါလား"

"လူလိုသေးရင်တော့ ရမှာပေါ့ကွာ။ ငါလည်း လှေသူကြီးဆီသွားမလို့။ လိုက်ခဲ့လေ"

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ဖိုးအောင်နှင့် ရွှေလေးတို့ လျှောက်လာခဲ့ကြတော့သည်။

ဖိုးအောင်နှင့်မောင်ရှင်မှာ ညီအစ်ကိုဝမ်းကွဲတော်စပ်သူများဖြစ်သည်။ ဖိုးအောင်၏မိခင်ဒေါ်သူနှင့် မောင်ရှင်၏မိခင်ဒေါ်ဖြူတို့မှာ ညီအစ်မအရင်းများဖြစ်ကြသည်။ မောင်ရှင်တို့မိသားစုမှာ ဖခင်ကြီးရှိစဉ်က စီးပွားရေးကောင်းမွန်ခဲ့ကြသည်။ ထို့ကြောင့် ဒေါ်ဖြူသည် အစ်မဖြစ်သူဒေါ်သူအား ငွေသုံးပိဿာ (ကျပ်ဒင်္ဂါး ၃၀၀) ချေးငှားပေးခဲ့ဖူးသည်။

ဖခင်ကြီးဆုံးပါးသွားသောအခါ မောင်ရှင်တို့မိသားစုမှာ စီးပွားရေးကျဆင်းသွားခဲ့ရသည်။ ထို့ကြောင့် မောင်ရှင်မှာ သူ၏ ထူးချွန်စွာ တတ်မြောက်ထားခဲ့သော စောင်းပညာနှင့် အသက်မွေးကာ မိခင်ကြီးကို လုပ်ကိုင်ကျွေးမွေးခဲ့သည်။ ထိုစဉ်က မောင်ရှင်မှာ ရှင်မပြုရသေးပေ။ ထို့ကြောင့် မောင်ရှင်က ရှင်ပြုချင်သည်ဟုဆိုသဖြင့် ဒေါ်ဖြူသည် အစ်မအရင်းဖြစ်သူ ဒေါ်သူထံသို့သွားကာ တစ်ချိန်ကချေးငှားခဲ့သော ငွေဒင်္ဂါးသုံးရာကို သွားတောင်းခဲ့ကြသည်။

ထိုအချိန်တွင် ဒေါ်သူမှာ ချမ်းသာကြွယ်ဝနေပြီ ဖြစ်သည်။ ချမ်းသာကြွယ်ဝနေပြီ ဖြစ်သော်လည်း တစ်ချိန်က ချေးယူထားခဲ့သော အကြွေးကိုပြန်မပေး။ ပြန်မပေးသည့်အပြင် မောင်ရှင်တို့သားအမိကို နှိမ်ချပြောဆိုကြိမ်းမောင်းလွှတ်လိုက်သည်။ ထို့ကြောင့် မောင်ရှင်တို့သားအမိမှာ ရှက်လည်းရှက်၊ ဝမ်းလည်းနည်းကာ ကစင်ရွာမှ ပြောင်းရွှေ့ကာ ဒလမြို့တွင် အခြေချနေထိုင်ခဲ့ကြသည်။

ဒေါ်သူ၏သားဖြစ်သူ ဖိုးအောင်မှာ အဒေါ်ဖြစ်သူနှင့် ညီဖြစ်သူကို သနားသဖြင့် မောင်ရှင်တို့နှင့်အတူ ဒလမြို့သို့လိုက်ပါလာခဲ့သည်။ ဒလမြို့တွင်နေထိုင်ကြစဉ် မောင်ရှင်ကို ရှင်ပြုပေးနိုင်ရေးအတွက် ညီအစ်ကိုနှစ်ယောက် သစ်ခုတ်လုပ်သားအဖြစ် လုပ်ကိုင်ရန် စီစဉ်ခဲ့ကြခြင်းဖြစ်သည်။ ဤသတင်းကို ရွှေလေးကကြားသဖြင့် သူပါ သစ်ခုတ်လုပ်သားအဖြစ်လုပ်ကိုင်ရန် ဖိုးအောင်ကို အကူအညီတောင်းခဲ့ခြင်း ဖြစ်သည်။

ရွှေလေး ကံကောင်းသည်ဟုပင် ဆိုရမည်ဖြစ်သည်။ သစ်ခုတ်လုပ်သားလိုနေသဖြင့် ရွှေလေးသစ်ခုတ်လုပ်သား လုပ်ကိုင်ခွင့်

www.burmeseclassic.com

ww.burmeseclassic.com



ရရှိသွားခဲ့သည်။ ထို့ကြောင့် ရွှေလေးမှာ ဖိုးအောင်၊ မောင်ရှင်တို့နှင့် အတူ မိန်းမလှကျွန်းသို့ သစ်ခုတ်လိုက်ပါလာခဲ့ရလေတော့သည်။

ရွှေလေး၊ ဖိုးအောင်နှင့် မောင်ရှင်တို့မှာ ကစင်ရွာဇာတိများ ဖြစ်သကဲ့သို့ ငယ်သူငယ်ချင်းများလည်း ဖြစ်ကြသည်။ ရွှေလေးတို့ မိသားစု ဒလသို့ပြောင်းရွှေ့လာပြီးမှ မောင်ရှင်တို့မိသားစု ဒလသို့ ပြောင်းလာခဲ့ကြခြင်း ဖြစ်သည်။ ထို့ကြောင့် ငယ်သူငယ်ချင်းများ ဒလတွင် ပြန်လည်ဆုံတွေ့ခဲ့ကြခြင်း ဖြစ်သည်။ ထို့ကြောင့် သူငယ်ချင်းသုံးယောက်မှာ သစ်ခုတ်လုပ်သားအဖြစ် ပျော်ရွှင်စွာ လိုက်ပါလာခဲ့ကြတော့သည်။

■

www.burmeseclassic.com

ww.burmeseclassic.com

## တောကြီးမျက်မည်းထဲမှ မိန်းမချောလေးများ

မောင်ရှင်တို့သစ်ခုတ်သွားမည့်လှေမှာ ဆိပ်ကမ်းကထွက်ခွာရန် အဆင်သင့်ဖြစ်နေခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် လှေသူကြီးက လှေလုပ်သားခေါင်းဆောင်ကို မေးလိုက်သည်။

"လူစုံပြီလားဟေ့"

"စုံပါပြီ"

"ဒါဆိုရင် အားလုံးကိုခေါ်လိုက်။ လှေမထွက်ခင် မိန်းမလှကျွန်းနဲ့ပတ်သက်ပြီး မှာစရာရှိတာ မှာထားရအောင်"

မိန်းမလှကျွန်းနှင့် ပတ်ဝန်းကျင်ဒေသ သစ်တောကြီးများမှာ တောကြမ်းသည်။ နတ်ကြီးသည်။ အမှားမခံဟူ၍ သတင်းကြီးနေသော နေရာဒေသများဖြစ်သည်။ ထို့ကြောင့် ထိုဒေသများသို့ သစ်ခုတ်သွားကြသူများမှာ အလွန် သတိပြုကြရသည်။ လှေသူကြီးက လှေထိုးသားအလုပ်သမားများကို မိန်းမလှကျွန်းနှင့် ပတ်သက်၍ ရှောင်ရန်၊ ဆောင်ရန်ကိစ္စများကို ကြိုတင်ပြောပြထားလေ့ရှိသည်။

အလုပ်သမားများ စုဝေးရောက်ရှိလာကြသောအခါ လှေသူကြီးက ပြောလိုက်သည်။

"ကဲ - အားလုံးသေသေချာချာနားထောင်ကြ။ တို့ အခုသစ်ခုတ်သွားမယ့် မိန်းမလှကျွန်းဟာ တောကြမ်းတယ်၊ နတ်ကြီးတယ်၊ အမှားမခံဘူး။ အခုသွားကြမယ့်လူတွေထဲမှာ မိန်းမလှကျွန်းကိုရောက်ဖူးတဲ့လူတွေပါသလို မရောက်ဖူးတဲ့လူတွေလည်းပါတယ်။ ဒါကြောင့် မိန်းမလှကျွန်းနဲ့ပတ်သက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် အခုပြောမယ့်စကားတွေကို သေသေချာချာ မှတ်ပြီး တိတိကျကျလိုက်နာကြပါ"

လှေသူကြီးက ဆေးပေါ့လိပ်ကြီးကို ဖွာလိုက်ပြီး သူ့အလုပ်သမားတွေကို ကြည့်လိုက်သည်။ အလုပ်သမားများမှာ ငြိမ်သက်နေကြသည်။

"မိန်းမလှကျွန်းသစ်တောကြီးနဲ့ ပတ်သက်ပြီး ရှောင်ရမယ့် အချက်ငါးချက်ရှိတယ်။ အဲဒါတွေကတော့ တောထဲမှာ သစ်ခုတ်မယ်ဆိုရင် သစ်ကိုသာခုတ်ပါ။ တောထဲက သားကောင်တွေကို သတ်ဖြတ်စားသောက်ခြင်းမလုပ်ပါနဲ့။ နောက်တစ်ချက်က ဖြစ်နိုင်ရင် သက်သတ်လွတ်စားပါ။ မစားနိုင်ဘူးဆိုရင်တော့ ငါးပိ၊ ငါးခြောက်၊ ပုဇွန်ခြောက်နဲ့ရေသတ္တဝါ အသေးအဖွဲ့လေးတွေကိုသာ စားကြပါ။ နောက်တစ်ခုက ကျွန်းပေါ်မှာ လေချွန်တာ၊ လက်ခုပ်တီးတာ၊ သီချင်းဆိုတာ၊ တူရိယာဂီတတီးမှုတ်တာ လုံးဝ မလုပ်ပါနဲ့။ ကြမ်းတမ်းတဲ့ အပြောအဆိုတွေ၊ ဆဲဆိုတာတွေ၊ မဆင်မခြင် ကျင်ကြီးကျင်ငယ်စွန့်တာတွေ လုံးဝမလုပ်မိဖို့ သတိထားပါ။ နောက်ဆုံးအချက်ကတော့ လှေပေါ်မှာ မိန်းမလုံးဝမပါရပါဘူး။ အဲဒီအချက်တွေကို မရှောင်နိုင်ရင်တော့ ချက်ချင်းလက်ငင်း ဒုက္ခတွေ့မှာသေချာတယ်"

လှေသူကြီးက စကားကို ခေတ္တရပ်နားကာ ဆေးလိပ်ကို ဖွာလိုက်သည်။ ထို့နောက် လှေသူကြီးက ဆက်ပြောလိုက်ပြန်သည်။

"တကယ်လို့ စောစောက ကျုပ်ပြောခဲ့တဲ့ အချက်တွေထဲက တစ်ယောက်ယောက်က ပြုလုပ်မိခဲ့ရင် မိန်းမလှကျွန်းနဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေက နိမိတ်ပြသတိပေးကြပါတယ်။ ဘယ်လိုနိမိတ်ပြသတိပေးသလဲဆိုရင် အချိန်အခါမဟုတ်ဘဲ မုန်တိုင်းကျမယ်။ မိုးသည်းထန်စွာရွာမယ်။ လှိုင်းကြီးမယ်။ မိကျောင်းကြီးတွေပေါ်လာမယ်။ ကျားဟိန်းသံကြားရမယ်။ လှေထွက်မရဘဲဖြစ်မယ်။ အဲဒီလို ဆိုင်ရာပိုင်ရာတွေက သတိပေးတာကို အလေးမမူခဲ့ရင်တော့ လှေပေါ်မှာ ပါသမျှ အားလုံး တစ်ယောက်မှ အိမ်ပြန်ရောက်ကြတော့မှာ မဟုတ်ဘူး။ လှေမှောက်၊ ရေနစ်၊ ကျားကိုက်၊ မိကျောင်း

www.burmeseclassic.com

www.burmeseclassic.com


ကိုက်ခံရပြီး သေကြရမှာ။ ဒါကြောင့် အခု ကျုပ်ပြောတာတွေကို သေသေချာချာမှတ်ကြပါ။ သတိထားပါ။ တစ်ယောက်ယောက်ကလုပ်ရင်လည်း ကျန်တဲ့လူတွေက သတိပေးကြပါ။ ကဲ- ဒါပါပဲ။ လှေထွက်မယ်"

ထို့နောက် မောင်ရှင်တို့သစ်ခုတ်လှေကြီးမှာ ဆိပ်ကမ်းမှခွာလာခဲ့ကြလေတော့သည်။

သို့နှင့် -

မိန်းမလှကျွန်းသို့ ရောက်ရှိသွားခဲ့ကြတော့သည်။ မောင်ရှင်မှာ နုနုနယ်နယ် လူငယ်တစ်ယောက်ဖြစ်ကာ သစ်ခုတ်အတွေ့အကြုံမရှိ။ ထို့ကြောင့် လှေသူကြီးက မောင်ရှင်ကို ထမင်းချက်လှေစောင့်အဖြစ် ထားရှိရန်စီစဉ်ခဲ့သည်။ မောင်ရှင်နှင့်အတူ ရွှေလေးကိုပါ အဖော်အဖြစ်ထားရှိခဲ့ကြသည်။ ထို့ကြောင့် မောင်ရှင်နှင့် ရွှေလေးတို့မှာ လှေတွင်ကျန်ရစ်ကာ ကျန်လူအားလုံး တောထဲသို့ သစ်ဝင်ခုတ်ကြသည်။

မောင်ရှင်နှင့် ရွှေလေးတို့မှာ ချက်ပြုတ်လုပ်ကိုင်ပြီးချိန်တွင် သစ်ခုတ်သူများ ပြန်လည် ရောက်ရှိလာကြပြီး မနက်စာစားခဲ့ကြသည်။ ထို့နောက် တစ်အောင့်တစ်နား နားနေကာ နေ့လယ်ပိုင်း တောထဲသို့ သစ်ခုတ်ပြန်သွားခဲ့ကြပြန်သည်။ ထို့ကြောင့် မောင်ရှင်နှင့် ရွှေလေးတို့နှစ်ယောက်တည်း လှေတွင်ကျန်ရှိနေခဲ့ကြပြန်သည်။ မနက်စာ၊ ညစာ ချက်ပြုတ်လုပ်ကိုင်ပြီးပြီဖြစ်သဖြင့် မောင်ရှင်တို့နှစ်ယောက်မှာ အလုပ်မရှိတော့။ ထို့ကြောင့် စကားထိုင်ပြောနေခဲ့ကြသည်။

ထိုစဉ် မောင်ရှင်က ပြောလိုက်သည်။

"ကိုရွှေလေး ပျင်းတယ်ဗျာ"

"ပျင်းရင်အိပ်ပေါ့ကွ"

"စောင်းတီးပြီး သီချင်းဆိုကြရအောင်"

"ဘယ်မှာစောင်းရှိလို့လဲ"

"ကျွန်တော် ဖွက်ပြီးယူလာခဲ့တယ်"

မောင်ရှင်က ပြောပြောဆိုဆိုနှင့် လှေနောက်ဘက်ခန်းထဲတွင်ဖွက်ယူလာခဲ့သော သူ၏စောင်းကို ဆွဲထုတ်ယူလာသည်။ ထို့ကြောင့် ရွှေလေးက ထိတ်ထိတ်ပျာပျာ ပြောဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


"ဟော့ကောင် မလုပ်နဲ့၊ လေ့သူကြီးပြောထားတယ် မဟုတ်လား။ ဒီကျွန်းမှာ သီချင်းဆိုတာ၊ တူရိယာပစ္စည်းမတီးရဘူးဆိုတာလေ။ ဟာ - မလုပ်ပါနဲ့ကွာ။ ဒုက္ခရောက်နေပါဦးမယ်"

"ကိုရွှေလေးကလည်းဗျာ၊ သီချင်းဆိုတာ၊ စောင်းတီးတာနဲ့တော့ ဒုက္ခမရောက်နိုင်ပါဘူးဗျာ"

"မလုပ်ပါနဲ့ မောင်ရှင်ရယ်။ ဒုက္ခရောက်တာ မရောက်တာထက် လေ့သူကြီးမကြိုက်တာကို မလုပ်ပါနဲ့ကွာ။ တို့က သူ့အလုပ်သမားတွေ။ တော်တော်ကြာ တစ်ခုခုဖြစ်ရင် ပြောစရာဖြစ်နေပါဦးမယ်ကွာ"

"ကိုရွှေလေးကြောက်ရင်လည်း မဆိုနဲ့ပေါ့ဗျာ"

မောင်ရှင်က ပြောမရ၊ စောင်းကြိုးတွေကို ညှိလိုက်သည်။ ထို့နောက် စောင်းသံနှင့်လိုက်လျောညီထွေ သီချင်းဆိုနေလေတော့သည်။ မောင်ရှင်မှာ သူ့စောင်းသံတွင် နစ်မြောနေသော်လည်း ရွှေလေးမှာမူ မောင်ရှင်၏စောင်းသံကို သစ်ခုတ်သူတွေကြားမှာစိုးရိမ်နေခဲ့တော့သည်။ ရွှေလေးမှာ စိုးရိမ်ထိတ်လန့်နေသော်လည်း မောင်ရှင်၏စောင်းလက်သံနှင့် သီချင်းသံမှာ သာယာနာပျော်ဖွယ်ဖြစ်နေသဖြင့် မကြာခင် သီချင်းထဲတွင် နစ်မြောသွားခဲ့တော့သည်။ ထို့ကြောင့် ရွှေလေးမှာ တုံးလုံးလှဲအိပ်ရင်း သီချင်းနားထောင်နေခဲ့သည်။

အတန်ကြာ တီးခတ်သီဆိုပြီးသောအခါ မောင်ရှင်က မောသွားဟန်နှင့် တီးခတ်သီဆိုမှုကို ရပ်နားလိုက်သည်။

ထိုစဉ် -

"ဆက်ဆိုပါဦးလား မောင်ကြီးရယ်၊ မောင်ကြီးရဲ့စောင်းလက်သံနဲ့ သီချင်းသံကို နားထောင်ရတာ နှမလေးတို့မှာ အားမရနိုင်သလိုဖြစ်နေလို့ပါ"

ကမ်းပေါ်မှလှမ်းအော်ပြောလိုက်သော မိန်းကလေး၏အသံကို ကြားလိုက်ရသဖြင့် မောင်ရှင်ကမ်းခြေသို့ လှမ်းကြည့်လိုက်သည်။ ရွှေလေးမှာလည်း လှဲအိပ်နေရာမှ ကမ်းပေါ်သို့လှမ်းကြည့်လိုက်သည်။

"ဟာ"


www.burmeseclassic.com

www.burmeseclassic.com


"ဟင်"

နှစ်ယောက်စလုံး တအံ့တသြ ဖြစ်သွားခဲ့ကြရတော့သည်။ ကမ်းခြေပေါ်ရှိ လဲကျနေသော သစ်တုံးတစ်တုံးပေါ်တွင် ရွှင်ပြုံးစွာ ထိုင်နေသော မိန်းကလေးနှစ်ယောက်ကို တွေ့မြင်လိုက်ကြရသဖြင့် အံ့သြသွားခဲ့ကြခြင်း ဖြစ်သည်။ ဤကဲ့သို့သော တောကြီးမျက်မည်း ထဲတွင် ဤကဲ့သို့ချောမောလှပသော မိန်းကလေးများကို တွေ့မြင် လိုက်ရခြင်းမှာ အံ့သြစရာပင် ဖြစ်သည်။ ထို့ကြောင့် မောင်ရှင်နှင့် ရွှေလေးတို့မှာ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ထိုစဉ် မိန်းကလေးတစ်ယောက်က ပြောလိုက်သည်။

"မောင်ကြီးတို့၊ နှမလေးတို့လှေပေါ်တက်လာပါရစေ"

"ဩော် - အင်း. . . တက်ခဲ့ပါ. . . တက်ခဲ့ပါ"

မောင်ရှင် အယောင်ယောင်အမှားမှားနှင့် ပြန်ပြောလိုက်သည်။ ထို့နောက် မိန်းကလေးများ လှေပေါ်သို့တက်လာခဲ့ကြသည်။ ရွှေလေးမှာလည်း အိပ်နေရာမှ ထထိုင်လိုက်သည်။ မိန်းကလေးနှစ်ယောက်မှာ မောင်ရှင်တို့အနီးတွင် ဝင်ထိုင်လိုက်သည်။ ထို့နောက် မိန်းကလေးတစ်ယောက်က ပြောလိုက်သည်။

"နှမလေးနာမည်က မယ်မြလို့ခေါ်ပါတယ်။ သူ့နာမည်က တော့ မယ်ခလို့ခေါ်ပါတယ်။ နှမလေးတို့က ညီအစ်မတွေပါ။ မောင်ကြီးရဲ့ ဆောင်းတီးပြီး သီချင်းဆိုသံကြားရလို့ ဘယ် လိုမှမနေနိုင်ကြလို့ ဒီကိုရောက်လာခဲ့ကြတာပါ"

ထို့နောက် မယ်ခက ပြောလိုက်ပြန်သည်။

"နှမလေးတို့က လှေပေါ်ကိုတက်လာချင်တာ။ မောင်ကြီး တို့ရဲ့ခွင့်ပြုချက်မရသေးလို့ ကမ်းခြေပေါ်မှာပဲထိုင်ပြီး နား ထောင်နေခဲ့ရတာ။ အခုလို လှေပေါ်တက်ခွင့်ပေးတာ ကျေးဇူးတင်ပါတယ် မောင်ကြီးတို့ရယ်"

ထို့ကြောင့် ရွှေလေးက ပြောလိုက်သည်။

"အမယ်လေး ငါ့နှမရယ်၊ လှေပေါ်တက်လာဖို့အတွက် ဒီ လောက်အထိ ခွင့်တောင်းစရာမလိုပါဘူး။ ကိုယ့်ဘာသာ ကိုယ်တက်လာခဲ့တော့လည်း မောင်ကြီးတို့က နှင်မချဘူး"

"မောင်ကြီးတို့က နှင်မချဘူးဆိုတာတော့ သိပါတယ်။ ဒါ ပေမယ့် ကာယကံရှင်ရဲ့ခွင့်ပြုမှုမရှိရင် နှမလေးတို့အနေနဲ့


www.burmeseclassic.com

ဘယ်လိုမှ လှေပေါ်ကိုတက်လို့ မရနိုင်ပါဘူး"

"ဘာဖြစ်လို့လဲ"

ဤတွင် မယ်မြကာ ဝင်ရောက် ပြောဆိုလိုက်သည်။

"တဲပါ မောင်ကြီးရယ်၊ နှမတို့ကို သီချင်းတစ်ပုဒ်လောက် ဆိုပြပါဦး"

ထို့ကြောင့် ရွှေလေးက ပြောလိုက်သည်။

"ကဲပါ- မောင်ရှင်ရယ်၊ ပွဲတောင်းနေမှတော့ ဆိုပြလိုက်ပါတော့"

ထို့နောက် မောင်ရှင်မှာ စောင်းတီးရင်း သီချင်းဆိုပြခဲ့ရာ ညနေစောင်းလာခဲ့ပြီ ဖြစ်သည်။ မောင်ရှင်မှာလည်း မယ်ခနှင့်မယ်မြတို့၏ဆန္ဒအရ သီဆိုပေးနေခဲ့ရာ မောပန်းလာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် နောက်ဆုံးတစ်ပုဒ်သီဆိုပြီး ရပ်နားလိုက်တော့သည်။

ဤတွင် မယ်ခက -

"ညနေတောင်စောင်းလာပြီ၊ နှမလေးတို့ပြန်ဦးမယ်နော်"

"နှမလေးတို့က ဘယ်ကိုပြန်ကြရမှာလဲ"

ရွှေလေးက မေးလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် မယ်မြက-

"နှမလေးတို့က ဒီတောထဲကို ပြန်ကြရမှာပါ။ ဒီဒေသမှာ တစ်ပွဲစားကြီး ဦးဘိုးထော်ဆိုရင် ဘယ်သူ့ကိုမေးမေး သိပါတယ်။ နှမလေးတို့က ဦးဘိုးထော်ရဲ့သမီးတွေပါ"

ထို့နောက် မယ်ခက ပြောလိုက်ပြန်သည်။

"မောင်ကြီးတို့ မပြန်ကြသေးဘူးဆိုရင် မနက်ဖြန်လည်း နှမလေးတို့ကို လာခွင့်ပြုကြပါနော်"

"လာခဲ့ကြပါ၊ လာခဲ့ကြပါ"

မောင်ရှင်နှင့် ရွှေလေးတို့က နှုတ်သွက်လျှာသွက် ပြောဆိုလိုက်ကြသည်။

ထို့နောက် မယ်ခနှင့်မယ်မြတို့ ကမ်းပေါ်သို့ပြန်တက်ကာ တောထဲသို့ ဝင်ရောက်သွားခဲ့ကြတော့သည်။

မောင်ရှင်နှင့် ရွှေလေးတို့မှာ တောကြီးမျက်မည်းထဲမှလာပြီး တောကြီးမျက်မည်းထဲသို့ ဝင်သွားခဲ့ကြသော မိန်းမလှလေးနှစ်ယောက်ကို မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ကြည့်နေမိခဲ့ကြလေတော့သည်။

■



www.burmeseclassic.com

ww.burmeseclassic.com

## ကံဆိုးသူမောင်ရှင်

ထို့နောက် -

နောက်ရက်များတွင် လှေသမားများ တောထဲသို့ သစ်ခုတ်သွားချိန်တွင် မယ်ခနှင့် မယ်မြတို့ညီအစ်မ ရောက်ရှိလာကြကာ မောင်ရှင်၏ စောင်းတီးသီချင်းဆိုသံကို လာရောက် နားထောင်နေခဲ့ကြတော့သည်။ ဤသို့ဖြင့် မောင်ရှင်၊ ရွှေလေးတို့နှစ်ယောက်နှင့် မယ်ခနှင့်မယ်မြတို့ ညီအစ်မနှစ်ယောက်မှာ ရင်းနှီးသွားခဲ့ကြတော့သည်။

မယ်ခက -

"မောင်ကြီးတို့ ဘယ်တော့ပြန်ကြမှာလဲ"

"သစ်တွေလည်း တော်တော်ရနေပြီ။ မနက်ဖြန်သစ်တွေ လှေပေါ်တင်ပြီး သန်ဘက်ခါလောက်ပြန်မယ်လို့ လှေသူကြီး ကပြောတာပဲ"

မောင်ရှင်က ပြန်ပြောလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် မယ်ခက -

"သူတို့ပြန်ရင် မောင်ကြီးနေခဲ့ပါလားဟင်"

"ဟေ - နင်တို့က မောင်ရှင်ကိုတော့ခေါ်ပြီး ငါ့ကိုတော့ မခေါ်ကြဘူးလား"

ရွှေလေးက မခံချင့်စွာ ပြောဆိုလိုက်သဖြင့် မယ်ခက ရွှေလေးကို ပြန်ပြောလိုက်သည်။

"မောင်ကြီးက သီချင်းလည်းမဆိုတတ်ဘူး။ စောင်းလည်း



www.burmeseclassic.com

www.burmeseclassic.com


မတီးတတ်ဘူး။ သူများတီးတာဆိုတာ နားထောင်ပြီးအိပ်ငိုက်နေတာပဲ။ အဲဒီလိုလူကိုခေါ်ထားလို့ မယ်ခတို့အတွက် ဘယ်လိုပျော်စရာကောင်းမှာလဲ။ မခေါ်ချင်ပါဘူး"

ထို့ကြောင့် ရွှေလေးက အားကျမခံပြန်ပြောလိုက်သည်။

"ခင်ဗျားတို့ကခေါ်လည်း ကျုပ်ကမနေနိုင်ပေါင်ဗျာ။ ကျုပ်မှာ သားနဲ့မယားနဲ့ မိသားစုနဲ့ ရွှေကလပ်နဲ့တင်ထားမယ်ဆိုတာတောင်မှ ကျုပ်ကမနေနိုင်ပေါင်"

ထို့နောက် မောင်ရှင်က ပြောလိုက်သည်။

"မောင်ကြီးနေလို့မဖြစ်သေးပါဘူးကွယ်။ မောင်ကြီးမရှိရင် မောင်ကြီးရဲ့အမေကို ဘယ်သူလုပ်ကျွေးမှာလဲ။ နောက်ပြီး မောင်ကြီးက ရှင်မပြုရသေးဘူး။ ရှင်ပြုချင်လို့ အခုလိုသစ်ခုတ်လိုက်လာခဲ့ရတာ"

"နှမလေးတို့နဲ့နေခဲ့ပါ မောင်ကြီးရယ်"

"မဖြစ်နိုင်လို့ပါကွယ်"

"ဘာပဲဖြစ်ဖြစ် နှမလေးတို့ကတော့ မောင်ကြီးကို မရ,ရအောင် ခေါ်ထားရမှာပဲ"

သို့နှင့် -

ညနေစောင်းလာပြီဖြစ်သဖြင့် မယ်ခနှင့် မယ်မြတို့ ပြန်သွားခဲ့ကြပြန်သည်။

အမှန်တကယ်တွင်မူ မယ်ခနှင့် မယ်မြတို့မှာ လူသားများမဟုတ်။ ပရလောကသားများသာ ဖြစ်သည်။ သူတို့၏ ဖခင်ဖြစ်သူ ဦးဘိုးထော်ဆိုသူမှာ ထိုဒေသတွင် တံငါမုဆိုးလုပ်ငန်းကို လုပ်ကိုင်စားသောက်နေသူ တစ်ပွဲစားကြီးဖြစ်သည်။ ဦးဘိုးထော်မှာ လမုနတ်နှင့် အကျွမ်းဝင်သူဖြစ်သည်။ လမုနတ်၏ စောင်မကြည့်ရှုမှုကြောင့် ငါး၊ ပုစွန်များနှင့် တောကောင်များကို အလွယ်တကူ ဖမ်းဆီးနိုင်ခဲ့သည်။

တစ်ခါတွင် လမုနတ်နှင့် အဆင်မပြေဖြစ်ကာ လမုနတ်နေသော လမုပင်ကို ဦးဘိုးထော်က ဓားနှင့် ခုတ်ပစ်ခဲ့သည်။ ဤသည်ကို လမုနတ်က စိတ်ဆိုးကာ ဦးဘိုးထော်နှင့် သမီးနှစ်ယောက်ဖြစ်သော မယ်ခနှင့်မယ်မြတို့ကို ကျားနှင့် တိုက်သတ်ပစ်လိုက်သည်။ ထိုအချိန်မှစ၍ ဦးဘိုးထော်မှာ အဘိုးဟူသော ပရလောကသား


www.burmeseclassic.com

ww.burmeseclassic.com


အဖြစ် ထိုဒေသတွင် ထင်ရှားသွားခဲ့လေတော့သည်။

မောင်ရှင်နှင့်ရွှေလေးတို့မှာ ထိုဇာတ်လမ်းကိုမသိ။ ထို့ကြောင့် ပင်လျှင် မယ်ခနှင့်မယ်မြတို့ကို စိုးရိမ်ကင်းမဲ့စွာ ဆက်ဆံပြောဆိုခဲ့ကြခြင်း ဖြစ်သည်။

ဤသို့ဖြင့် သစ်များကို လှေပေါ် တင်ပြီးသွားတော့သည်။ ထို့ကြောင့် လှေကို ကမ်းခြေမှခွာလိုက်ကြသည်။ သို့သော် လှေကား မရွေ့၊ ကမ်းခြေမှခွာမရ၊ လှေသူကြီးနှင့်လှေထိုးသားများက အမျိုးမျိုးကြိုးစားကြသော်လည်း လှေကား တုတ်တုတ်မျှမလှုပ်။

ဤတွင် အတွေ့အကြုံရင့်ကျက်နေပြီဖြစ်သော လှေသူကြီးက ခန့်မှန်း သိရှိလိုက်ပြီ ဖြစ်သည်။ ဤလူများထဲမှ တစ်စုံတစ်ယောက်သည် အမှားတစ်စုံတစ်ရာပြုလုပ်ခဲ့၍သာ လှေထွက်မရသည်ကို လှေသူကြီးခန့်မှန်းသိရှိနေပြီ ဖြစ်သည်။ ထို့ကြောင့် လှေထိုးသားများအား မဲနှိုက်စေ၍ သုံးကြိမ်သုံးခါတိတိ မဲပေါက်သူကို ရေစာကျွေးရန် စီစဉ်လုပ်ဆောင်ရတော့သည်။ ရေစာကျွေးသည်ဆိုသည်မှာ အရှင်လတ်လတ် ရေထဲသို့ ပစ်ချသတ်ဖြတ်ခြင်းပင် ဖြစ်သည်။

ဤတွင် ကံဆိုးသူမှာ မောင်ရှင် ဖြစ်သည်။ မဲနှိုက်ကြရာတွင် သုံးကြိမ်သုံးခါတိတိ မောင်ရှင်တစ်ဦးတည်းသာ မဲပေါက်ခဲ့တော့သည်။ မောင်ရှင်မှာ သုံးကြိမ်သုံးခါတိတိ မဲပေါက်ခဲ့သော်လည်း ရွှေလေးကိုငဲ့ညှာကာ စောင်းတီးကာ သီချင်းဆိုခဲ့သည့်အကြောင်းနှင့် မယ်ခနှင့် မယ်မြတို့အကြောင်းကို ဖွင့်မပြော။ လှေသူကြီးက ရိုက်နှက်စစ်ဆေးသောအခါမှ ရွှေလေးက အကြောင်းစုံဖွင့်ပြောလိုက်တော့သည်။ ထို့ကြောင့် လှေသူကြီးနှင့် လှေထိုးသားများမှာ အလွန်အမင်း ဒေါသထွက်သွားကြတော့သည်။ မောင်ရှင်၏ပြုလုပ်မှုများကို ရွှေလေးကတားမြစ်ခြင်းမပြုသဖြင့် ဒေါသထွက်နေကြခြင်းဖြစ်သည်။ ထို့ကြောင့် မောင်ရှင်အား ဝိုင်းအုံချုပ်နှောင်ကာ ရေထဲသို့ပစ်ချလိုက်ကြပြီး ရွှေလေးကို ဝိုင်းအုံရိုက်နှက်ခဲ့ကြရာ ရွှေလေးမှာလည်း သတိလစ်မေ့မြောသွားခဲ့ရသတော့သည်။

■

www.burmeseclassic.com

ww.burmeseclassic.com

## အတိတ်ဘဝက သူငယ်ချင်း

ရွှေလေးမှာ တစ်ကိုယ်လုံးနာကျင်ကိုက်ခဲနေပြီး ခေါင်းထဲမှာလည်း ရီဝေနောက်ကျိနေသည်။ အားယူကာ မျက်လုံးကိုဖွင့်ကြည့်လိုက်သည်။ မြင်ကွင်းမှာ ဝေဝါးနေရာမှ တဖြည်းဖြည်း ကြည်လင်လာပြီ ဖြစ်သည်။ ထို့ကြောင့် ပတ်ဝန်းကျင်ကို ကျိုးကန်းတောင်းမှောက် အကဲခတ်ကြည့်လိုက်သည်။

"ငါ့ကို ကမ်းပေါ်မှာ တစ်ယောက်တည်းပစ်ထားသွားကြတာကိုး"

ကမ်းခြေတွင် လှေမရှိတော့။ သူသတိမေ့နေစဉ် သူ့ကို ကမ်းပေါ်မှာတင်ထားခဲ့ပြီး လှေထွက်ခဲ့ကြောင်း ရွှေလေးစဉ်းစားမိလိုက်ရသည်။

"မောင်ရှင်၊ မောင်ရှင်တစ်ယောက်တော့ သေရှာပြီနဲ့တူတယ်"

ရွှေလေးမှာ သူ၏မျက်စိရှေ့မှာပင် ရေစာကျွေးခံခဲ့ရရှာသော မောင်ရှင်အတွက် စိတ်မကောင်းဖြစ်သွားခဲ့သည်။ ထို့နောက် သူ၏လက်ရှိအခြေအနေကို သတိပြုမိသွားခဲ့ပြန်သဖြင့် တုန်လှုပ်ချောက်ချားသွားခဲ့ရပြန်သည်။

"ဟာ - လောလောဆယ် ဒီမိန်းမလှကျွန်းပေါ်မှာ ငါတစ်ယောက်တည်း။ ဒီနေရာကို ဒီတစ်ခါပဲရောက်ဖူးသေးတာ ငါဘယ်လိုပြန်မလဲ။ ပြန်ဖို့နေနေသာသာ အသက်တောင် ရှင်သေရတော့မှာ။ အစာငတ်လို့မသေလည်း တောကောင်တွေ

www.burmeseclassic.com



ကိုက်လို့သေရမှာပဲ။ ဒုက္ခပဲ၊ ငါဘယ်လိုလုပ်ရမလဲ။ ဒီအတိုင်းဆို ငါ့အဖြစ်က မောင်ရှင့်အဖြစ်ထက်တောင် ပိုဆိုးနေပါလား။ ဒုက္ခပဲ ငါဘယ်လိုလုပ်ရ မလဲ။ မောင်ရှင်နဲ့အတူတူသေသွားတာကမှကောင်းဦးမယ်။ မောင်ရှင်ရေ ငါ့အဖြစ်ကိုလာကြည့်စမ်းပါဦးကွာ။ ဟီး. . . ဟီး. . . ဟီး"

ရွှေလေးမှာ တုန်လှုပ်ချောက်ချားစွာနှင့် သွေးရူးသွေးတန်းအော်ပ၊ ငိုယိုနေတော့သည်။

ယင်းစဉ် -

"ဝေါင်း ဝေါင်း"

"အမယ်လေး - မြတ်စွာဘုရား၊ မောင်ရှင်ရေ ငါ့ကိုကယ်ပါဦး"

တောထဲမှ ကျားဟိန်းသံ ကြားလိုက်ရသဖြင့် ရွှေလေးမှာ သွေးပျက်ချောက်ချားစွာ အော်ဟစ်လိုက်တော့သည်။

"ဝေါင်း. . . ဝေါင်း. . . ဝေါင်း"

"ဖလပ်. . . ဖလပ်. . . ဖရော. . . ဝေါ"

"မြတ်စွာဘုရား ကယ်တော်မူပါမောင်ရှင်ရေ။ ငါ့ကို ကြည့်မနေပါနဲ့ကွာ။ ဟီး. . . ဟီး. . . ဟီး"

ကျားဟိန်းသံမှာ အဆက်မပြတ်ထွက်ပေါ်လာပြီး တစ်စတစ်စနီးကပ်လာခဲ့သည်။ ကျားဟိန်းသံကြောင့် တောကောင်များကြောက်လန့်ထွက်ပြေးခဲ့ကြသဖြင့် တစ်တောလုံးဆူညံသွားခဲ့တော့သည်။ ထို့ကြောင့် ရွှေလေးမှာ ဘုရားကိုတ,ကာ မောင်ရှင်ကိုလည်းရေရွတ် အကူအညီတောင်းနေမိတော့သည်။

ထို့နောက် ကျားဟိန်းသံမှာ တော်တော်လေးနီးကပ်လာနေပြီဖြစ်သဖြင့် ရွှေလေးမှာ ဆောက်တည်ရာမရတော့ဘဲ ဆင်ခြင်တုံတရားကင်းမဲ့စွာ ရေထဲသို့ဆင်းပြေးသွားတော့သည်။

ထိုစဉ် -

"ဝုန်း - ဖွမ်း"

"အမယ်လေးဗျ"

ရေပြင်တစ်နေရာဆီမှ ရေပွက်လုံးကြီးများ ဖြစ်ပေါ်လာကာ မိကျောင်းကြီးတစ်ကောင် ရုတ်တရက် ပေါ်ထွက်လာခဲ့သည်။ မိကျောင်းကြီးသည် ရွှေလေးရှိရာသို့ တစ်ဟုန်ထိုးကူးခတ်လာနေခဲ့



www.burmeseclassic.com

www.burmeseclassic.com


ာည်။ ထို့ကြောင့် ရွှေလေးမှာ တုန်လှုပ်ချောက်ချားစွာ ကမ်းခြေဆီသို့ ပြန်လှည့်ပြေးလာခဲ့ရပြန်သည်။

ထိုစဉ် ကမ်းခြေတောစပ်ဆီမှလည်း ကျားဟိန်းသံကို ကြားနေရပြန်သည်။ ရေပြင်ဆီမှလည်း မိကျောင်းကြီးက တစ်ဟုန်ထိုးကူးခတ်လာနေပြန်သည်။ ထို့ကြောင့် ရွှေလေးမှာ တောထဲသို့လည်း မပြေးရဲ၊ ရေထဲသို့လည်း မဆင်းရဲ။ ကုန်းပေါ်တွင်ကျား၊ ဲထဲတွင်မိကျောင်း၊ ကျားအန္တရာယ်နှင့်မိကျောင်းအန္တရာယ်၊ ဒ ာယ်နှစ်ခုကြားတွင် မပြေးသာမရှောင်သာ ညှပ်ပူးညှပ်ပိတ် ပိ ်နေခဲ့ရပြီဖြစ်သဖြင့် အသားများပင် တဆတ်ဆတ်တုန်အောင် သွေးပျက်ချောက်ချားနေရပြီ ဖြစ်သည်။

ထိုစဉ် -

"ဟာ - ကျား. . . ကျား. . . ကျားကြီး"

ကျားကြီးမှာ တောထဲမှထွက်လာကာ မာန်ဖီဟိန်းဟောက်ကာ ရွှေလေးဆီသို့ ဦးတည်လာနေသည်။ မိကျောင်းကြီးမှာလည်း ကမ်းခြေအနီးသို့ ရောက်ရှိလာနေပြီဖြစ်သည်။ ရွှေလေး စိတ်ကိုတုံးတုံးချလိုက်တော့သည်။ ပြေးလို့လည်း လွတ်တော့မည်မဟုတ်။ ပြေးစရာလည်းမရှိတော့။ ထို့ကြောင့် ဖြစ်ချင်ရာဖြစ်စေတော့ဟု မျက်စိစုံမှိတ်လိုက်တော့သည်။ မျက်စိကို စုံမှိတ်ထားခဲ့သော်လည်း သူ့ကို မိကျောင်းကပဲအရင်စားမလား၊ ကျားကပဲအရင်စားလေမလားဟု သွေးပျက်ချောက်ချားနေတော့သည်။

ထိုအချိန် -

"ကိုရွှေလေး ကိုရွှေလေး"

ရွှေလေး သူ့နားကို သူမယုံနိုင်အောင် ဖြစ်သွားခဲ့သည်။ မိကျောင်းနှင့်ကျား ဦးတဲ့ကောင်စားဟု ကိုယ့်ကိုယ်ကိုယ်သေလူဟု သဘောထားခဲ့သော ရွှေလေးကို တစ်စုံတစ်ယောက်ကခေါ်နေသဖြင့် ရွှေလေး သူ့နားကိုယ်ပင် သူမယုံနိုင်အောင် ဖြစ်သွားခဲ့ရခြင်းဖြစ်သည်။

"ကိုရွှေလေး၊ ကိုရွှေလေး"

ခေါ်သံကို ဆက်လက်ကြားနေပြန်သဖြင့် ရွှေလေး မရဲဖ နှင့် တဖြည်းဖြည်း မျက်လုံးကို ဖွင့်ကြည့်လိုက်ဂိ သည်။

"ဟာ"


www.burmeseclassic.com

www.burmeseclassic.com


ရွှေလေး စောစောက ကိုယ့်နားကိုကိုယ်မယုံခဲ့သလို ယခုလည်း ကိုယ့်မျက်စိကိုကိုယ် မယုံနိုင်လောက်အောင် ဖြစ်နေခဲ့ပြန်သည်မထင်။ ရွှေလေး ဘယ်လိုမှမထင်ခဲ့။ မောင်ရှင်ကို အခု ပြန်တွေ့ရလိမ့်မယ်လို့ ရွှေလေး ဘယ်လိုမှမထင်ခဲ့။ ယခုတော့ မောင်ရှင်ကို နတ်ဝတ်တန်ဆာအစုံအလင်နှင့် စောင်းကိုပိုက်ကာ ရွှေတွင် မတ်တတ်ရပ်နေသည်ကို တွေ့မြင်နေရသဖြင့် ရွှေလေးကိုယ့်မျက်စိကိုယ်ပင် ကိုယ်မယုံကြည်နိုင်လောက်အောင် ဖြစ်သွားခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ရွှေလေးက မောင်ရှင်ကို ကြောင်ပြီးကြည့်နေခဲ့သည်။

"ကို. . . ရွှေ. . . လေး"

မောင်ရှင်က တိုးညင်းစွာခေါ်လိုက်ပြန်သည်။ ရွှေလေးက ကြောင်ပြီးကြည့်နေဆဲပင် ဖြစ်သည်။ ထို့ကြောင့် မောင်ရှင်က ထပ်မံ၍ ခေါ်ပြောလိုက်ပြန်သည်။

"ကိုရွှေလေး မကြောက်ပါနဲ့။ အန္တရာယ်မရှိတော့ပါဘူး။ မိကျောင်းအန္တရာယ်ရော ကျားအန္တရာယ်ပါ ဘာမှမရှိတော့ပါဘူး"

ထိုအခါမှ ရွှေလေး ကျားနှင့် မိကျောင်းကို သတိရသွားခဲ့တော့သည်။ မောင်ရှင်ပြောတာ ဟုတ်သည်။ မိကျောင်းကြီးမှာ ကမ်းခြေကိုမေးတင်ကာ ငြိမ်သက်နေသကဲ့သို့ ကျားကြီးမှာလည်း မောင်ရှင်၏ နံဘေးတွင် ငြိမ်သက်နေသည်။

ထို့နောက် မောင်ရှင်က ပြောလိုက်ပြန်သည်။

"ဒီကျားကြီးနဲ့ ဒီမိကျောင်းကြီးက မောင်ရှင်ရဲ့ စီးတော်ကျားနဲ့ စီးတော်မိကျောင်းကြီးပါ"

"ဘာ - ဘာပြောတယ်၊ ဒီကျားကြီးနဲ့ မိကျောင်းကြီး [illegible] မောင်ရှင်ရဲ့ စီးတော်ကျားနဲ့ စီးတော်မိကျောင်းဟုတ် [illegible]း"

ရွှေလေးက တအံ့တဩ ပြန်မေးလိုက်သည်။

"ဟုတ်ပါတယ်၊ အခုဆိုရင် မောင်ရှင်ဟာ ကိုရွှေလေးတို့နဲ့ ဘဝခြားသွားခဲ့ပါပြီ။ မောင်ရှင်ဟာ ရေငန်တစ်ရိုးပိုင်စံစိုးတဲ့ ကျွန်းညိုသခင် နတ်မောင်ရှင်အဖြစ် ဘဝပြောင်းခဲ့ပြီဖြစ်လို့ ဒီမိကျောင်းကြီးနဲ့ ဒီကျားကြီးဟာ နတ်မောင်ရှင်ရဲ့ စီးတော်ကျားနဲ့ စီးတော်မိကျောင်းကြီးတွေ ဖြစ်နေခဲ့တာပါ"


www.burmeseclassic.com

ww.burmeseclassic.com



ရွှေလေးက ကျားကြီး၊ မိကျောင်းကြီးနှင့် မောင်ရှင်တို့ကို တအံ့တဩ တစ်လှည့်စီကြည့်နေမိခဲ့သည်။ ထို့နောက် နတ်မောင်ရှင်က ဆက်ပြောလိုက်ပြန်သည်။

"မောင်ရှင်တို့လှေကို ကမ်းကခွာမရအောင်လုပ်ခဲ့တာ မယ်ခနဲ့မယ်မြတို့ ညီအစ်မပါ။ သူတို့က မောင်ရှင်ကို ဒီကျွန်းမှာ ကျန်ခဲ့စေချင်လို့ အဲဒီလိုလုပ်ခဲ့ကြတာပါ။ ဒါပေမယ့် မောင်ရှင့်ကြောင့် ကိုရွှေလေးပါ ဒုက္ခရောက်ခဲ့ရတယ်။ နောက်ပြီး ကိုရွှေလေးနဲ့ မောင်ရှင်တို့ဟာ အတိတ်ဘဝကသူငယ်ချင်းတွေလေ။ ဒါကြောင့် ကိုရွှေလေးနဲ့ ဒုက္ခတွေကို ကယ်တင်ဖို့ နတ်မောင်ရှင် ရောက်လာခဲ့ရတာပါ"

ရွှေလေး ဘာပြန်ပြောရမှန်းပင်မသိတော့။

"ဒါကြောင့် ကိုရွှေလေး မောင်ရှင့်နောက်ကိုလိုက်ခဲ့ပါ"

"ဘယ်ကိုလိုက်ရမှာလဲ"

"မောင်ရှင်ရဲ့နေရာကိုပေါ့"

"လိုက်ပြီးဘာလုပ်ရမှာလဲ"

"မောင်ရှင်ပြောပြခဲ့ပြီးပါပြီလေ။ ကိုရွှေလေးဟာ မောင်ရှင်ရဲ့ အတိတ်ဘဝက သူငယ်ချင်းတစ်ယောက်ဖြစ်ခဲ့သလို မောင်ရှင်နဲ့ပတ်သက်ပြီး ဒုက္ခရောက်ခဲ့ရတာကြောင့် ကိုရွှေလေးကို ကူညီစောင့်ရှောက်ချင်လို့ပါ။ ကိုရွှေလေးမျက်စိမှိတ်ထားလိုက်ပါ"

"ဘာလုပ်မလို့လဲ"

"မျက်စိကိုသာမှိတ်နေလိုက်ပါ။ ကိုရွှေလေး ဘာမှမဖြစ်စေရပါဘူး"

ထို့ကြောင့် ရွှေလေး မျက်စိမှိတ်နေလိုက်သည်။ ထိုစဉ် ရွှေလေးခန္ဓာကိုယ်မှာ သိမ့်ခနဲဖြစ်သွားခဲ့သည်။

"မျက်လုံးမဖွင့်လိုက်နဲ့နော်"

မောင်ရှင်က သတိပေးပြောဆိုနေသဖြင့် ရွှေလေးမျက်လုံး ဆက်မှိတ်နေလိုက်သည်။

ခဏအကြာတွင် -

"မျက်လုံးဖွင့်လိုက်တော့"

"ဟာ"

www.burmeseclassic.com

www.burmeseclassic.com



မောင်ရှင်က မျက်လုံးပြန်ဖွင့်ခိုင်းလိုက်သဖြင့် ရွှေလေး မျက်လုံးဖွင့်ကြည့်လိုက်ရာ ရွှေလေး တအံ့တသြ ဖြစ်သွားခဲ့ရပါတော့သည်။ ရွှေလေးတို့မှာ ကျောက်လိုဏ်ဂူကြီးတစ်ခုထဲသို့ ရောက်ရှိနေခဲ့သည်။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် ချောင်းစပ်ကမ်းခြေနေရာမှ လိုဏ်ဂူတစ်ခုအတွင်းသို့ ရောက်ရှိသွားခဲ့သဖြင့် ရွှေလေး တအံ့တသြဖြစ်သွားခဲ့ရခြင်းပင် ဖြစ်သည်။

လိုဏ်ဂူထဲတွင် ကျောက်စားပွဲ၊ ကျောက်သေတ္တာတွေ အများအပြားရှိနေသည်။ လိုဏ်ဂူဟု ဆိုသော်လည်း မှောင်မည်းမနေ။ ထို့ကြောင့် ရွှေလေးက ပတ် ျင်ကို တအံ့တသြလှည့်လာကြည့်နေခဲ့သည်။

"အဲဒါ မောင်ရှင်ရဲ့ နန်းဆောင်နေရာပဲ ကိုရွှေလေး"

မောင်ရှင်က ပြောဆိုလိုက်ခြင်းဖြစ်သည်။ ထို့နောက် ကျောက်စားပွဲဆီသို့လျှောက်သွားပြီး ကျောက်စားပွဲပေါ်ရှိ ကျောက်ကလပ်လေးပေါ်ရှိ ကျောက်ရေခွက်ငယ်တစ်ခုကို ယူလိုက်သည်။ ကျောက်ခွက်ငယ်ထဲတွင် ရေများရှိနေသည်။ ရေဟုဆိုသော်လည်း အရသာရှိသော ဟင်းရန့်ကဲ့သို့မွှေးနေသည်။ မောင်ရှင်က ကျောက်ရေခွက်လေးကို ရွှေလေးအား လှမ်းပေးပြီး ပြောလိုက်သည်။

"သောက်လိုက်ပါ ကိုရွှေလေး၊ ရော့ - သောက်လိုက်ပါ"

ရွှေလေး စဉ်းစားမနေတော့။ ကျောက်ခွက်ကလေးကိုယူကာ ခွက်ထဲမှရေတွေကို သောက်လိုက်သည်။

ရွှေလေးတစ်ကိုယ်လုံး ရှိန်းခနဲဖြစ်သွားပြီး ကြက်သီးတွေလည်း တဖြန်းဖြန်းထလာခဲ့သည်။ စိတ်ထဲမှာလည်း အလိုလို ရွှင်လန်းလာပြီး အားအင်တွေလည်း ပြည့်လာသလို ဖြစ်လာခဲ့တော့သည်။

ထိုစဉ် မောင်ရှင်က ပြောလိုက်သည်။

"အခု ကိုရွှေလေးသောက်ခဲ့တာဟာ အာယုဒီဃလို့ခေါ်တဲ့ အသက်ရှည်ဆေးကြီးပဲ။ ဒီဆေးတော်ကြီးရဲ့ တန်ခိုးအာနိသင်ကြောင့် ကိုရွှေလေးဟာ ဘယ်တော့မှ သေမှာမဟုတ်တော့ဘူး"

ကို့ကြောင့် ရွှေလေးက တအံ့တသြ ပြန်မေးလိုက်သည်။

"ဘာ - ငါ. . . ငါ ဘယ်တော့မှ မသေတော့ဘူး၊ ဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား"

"ဟုတ်တယ်၊ ကိုရွှေလေးဘယ်တော့မှမသေတော့ဘူး။ တုတ်၊ စား၊ သေနတ်အန္တရာယ်တွေကိုလည်း ဂရုစိုက်စရာမလိုတော့ဘူး။ အာယုဒီဃဆေးတော်ကြီးရဲ့ တန်ခိုးတော်ကြောင့် ကိုရွှေလေးဟာ ကာယသိဒ္ဓိလည်းပြီးနေပြီ"

"ဟုတ်ပါ့မလား မောင်ရှင်ရယ်၊ ဒီဆေးလေးသောက်လိုက်ရုံနဲ့ တုတ်ပြီး၊ စားပြီး၊ သေနတ်ပြီး နောက်ပြီး ဘယ်တော့မှ မသေတော့ဘူးဆိုတာ ဖြစ်နိုင်ပါ့မလား"

"ကိုရွှေလေး အခုမယုံလည်း နောက်တော့ယုံမှာပါ။ တစ်ခုတော့ရှိတယ်။ ကိုရွှေလေးဟာ ဘယ်တော့မှမသေတော့ဘူး ဆိုပေမယ့် သေချင်တဲ့စိတ်တွေ ဖြစ်လာခဲ့ရင်တော့ သေလိမ့်မယ်။ ကိုရွှေလေးရဲ့စိတ်ထဲမှာ သေချင်တဲ့စိတ်တွေဖြစ်လာခဲ့ရင် အာယုဒီဃဆေးတော်ကြီးရဲ့ စွမ်းရည်သတ္တိတွေ ပျက်ပြယ်သွားလိမ့်မယ်။ အဲဒီအချိန်မှာ ကိုရွှေလေး သေမှာပဲ။ ဒါကြောင့် ဘယ်တော့မှ မသေချင်ဘူးဆိုရင်တော့ ဘယ်တော့မှ သေချင်တဲ့စိတ်တွေ ဖြစ်မလာပါစေနဲ့။ ဖြစ်လာခဲ့ရင်တော့ သေမှာပဲ"

ထို့နောက် မောင်ရှင်က ကျောက်သေတ္တာတစ်ခုကို ဆွဲဖွင့်ကာ အထုပ်တစ်ထုပ်ကိုထုတ်ယူပြီး ရွှေလေးကိုပေးလိုက်သည်။ ရွှေလေးကလည်း အထုပ်ကို လှမ်းယူလိုက်သည်။ ထို့နောက် အထုပ်ကို ဖြေကြည့်လိုက်ရာ -

"ဟာ - ရွှေ . . ရွှေမန်ကျည်းစေ့တွေပါလား"

"အဲဒါ ကိုရွှေလေးကို မောင်ရှင် မ,စလိုက်တာပဲ။ ကိုရွှေလေးကို တစ်ခုမှာလိုက်ဦးမယ်။ ကိုရွှေလေး ဒလမှာ မနေပါနဲ့တော့။ ပင်လယ်ကမ်းခြေတစ်နေရာမှာ ပြောင်းရွှေ့နေထိုင်ပါ။ နှစ်စဉ်နှစ်တိုင်း တပေါင်းလပြည့်နေ့မှာ မိန်းမလှကျွန်းကိုလာပြီး မောင်ရှင်နဲ့ လာတွေ့ပါ။ ကိုရွှေလေးအတွက် အကျိုးရှိမှာပါ"

"ဘာလာလုပ်ရမှာလဲ"

"မိန်းမလှကျွန်းကိုသာ ရောက်အောင်လာခဲ့ပါ"

"အေးပါ၊ လာခဲ့ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com


"ကဲ - ကိုရွှေလေးကိုပြန်ပို့ပေးမယ်။ ကမ်းခြေကို လှေတစ်စင်းလာဆိုက်လိမ့်မယ်။ အဲဒီလှေနဲ့လိုက်သွားပြီး ဒလကိုပြန်ပါ။ ဒလကိုရောက်တာနဲ့ ဒလကနေ ချက်ချင်းပြောင်းပါ။ ကဲ - ကိုရွှေလေး မျက်စေ့မှိတ်ထားပါ"

ရွှေလေးမှာ စောဒကမတက်တော့ဘဲ မျက်စိကို မှိတ်ထားလိုက်သည်။ မျက်စိပြန်ဖွင့်လိုက်သောအခါ ကမ်းခြေသို့ ပြန်လည်ရောက်ရှိနေခဲ့သည်။

ထိုစဉ် ကမ်းခြေသို့ ရွက်လှေတစ်စီးဆိုက်ကပ်လာခဲ့သည်။ ရွက်လှေမှာ တိုင်ကျိုးသွားခဲ့သဖြင့် ကမ်းခြေသို့ ဆိုက်ကပ်လာခဲ့ခြင်းဖြစ်သည်။ တောထဲတွင် သစ်ခုတ်ကာ ရွက်တိုင်အသစ်ပြုလုပ်ရန် ဆိုက်ကပ်လာခဲ့ခြင်း ဖြစ်သည်။ ရွှေလေးမှာ တောထဲတွင် သစ်ခုတ်ရင်း အဖော်များနှင့်ကွဲကာ မျက်စိလည်နေသူတစ်ယောက်အဖြစ် ဇာတ်လမ်းဆင်ပြောပြပြီး ရွက်လှေနှင့် လိုက်ပါခွင့်တောင်းခဲ့သည်။

လှေသူကြီးကလည်း သဘောကောင်းစွာ လိုက်ပါခွင့်ပြုခဲ့သည်။ ရွှေလေးမှာ ရွှေမန်ကျည်းစေ့အထုပ်ကြီးကို လက်မှမချရဲအောင် ဖြစ်နေခဲ့သော်လည်း လှေထိုးသားများနှင့်လှေသူကြီးတို့ကမူ အထုပ်ကို သတိပြုမိကြဟန်ပင်မရှိ။

သို့နှင့် -

ရွှေလေး ဒလသို့ပြန်ရောက်လာခဲ့သည်။ ဒလသို့ရောက်လျှင် ရောက်ချင်း သားနှင့်ဇနီးကို အကျိုးအကြောင်းပြောပြကာ နေအိမ်နှင့် ပစ္စည်းအားလုံးကိုထားခဲ့ကာ ညတွင်းချင်းပင် ရန်ကုန်ဘက်ကမ်းသို့ ကူးလာခဲ့သည်။ ရန်ကုန်တွင် ရွှေမန်ကျည်းစေ့အချို့ကို ရောင်းချကာ ပင်လယ်ကမ်းခြေဒေသမြို့တစ်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

ထိုမှ တပေါင်းလပြည့်နေ့တိုင်းတွင် မိန်းမလှကျွန်းသို့ သွားရောက်ကာ မောင်ရှင်နှင့် သွားရောက် တွေ့ဆုံနေခဲ့သည်။ ဝင်းသောင်းအသက်နှစ်ဆယ်အရွယ်တွင် ဦးရွှေလေး၏ဇနီးသေဆုံးသွားခဲ့သည်။ ထိုနှစ်တပေါင်းလပြည့်လတွင် ရွှေလေးသည် ဝင်းသောင်းကို မိန်းမလှကျွန်းသို့ခေါ်ကာ မောင်ရှင်နှင့် တွေ့ပေးခဲ့သည်။ ဝင်းသောင်းကိုလည်း မသေဆေး အာယုဒီဃဆေးတော်ကြီးကို တိုက်ကျွေးပါရန် မောင်ရှင်ကို တောင်းပန်ပြောဆိုခဲ့သည်။ ထို့ကြောင့်


www.burmeseclassic.com

www.burmeseclassic.com


နတ်မောင်ရှင်က ဝင်းသောင်းကိုလည်း မသေဆေးတိုက်ကျွေးခဲ့ပြန်သည်။ ဤသို့ဖြင့် ရွှေလေးနှင့် ဝင်းသောင်းတို့မှာ ဘယ်တော့မှ မသေသောလူများ ဖြစ်သွားခဲ့ကြလေတော့သည်။

သို့သော် -

ရွှေလေးနှင့် ဝင်းသောင်းတို့ သောက်သုံးခဲ့ကြရသော ဆေးစွမ်းအာနိသင်မှာမတူ။ ရွှေလေးသောက်သုံးခဲ့ရသော ဆေးစွမ်းအာနိသင်မှာ မသေဟု ဆိုသော်လည်း အသက်ငါးဆယ်ခန့်အရွယ်ရောက်မှ ရုပ်ရည်ရူပကာပြောင်းလဲမှုမရှိတော့ဘဲ တစ်သက်လုံးအသက် ငါးဆယ်အရွယ်အဖြစ်ရှိနေသည်။ ဝင်းသောင်းသောက်သုံးခဲ့ရသော ဆေးစွမ်းအာနိသင်မှာမူ စတင်သောက်လိုက်သောအချိန်မှစ၍ ရုပ်ရည်ရူပကာပြောင်းလဲမှုမှရှိတော့ပေ။ ထို့ကြောင့် ရွှေလေးနှင့် ဝင်းသောင်းတို့သားအဖမှာ လွန်ခဲ့သော နှစ်ပေါင်းများစွာမှ ယနေ့တိုင်အောင် အသက်ငါးဆယ်အရွယ်နှင့် အသက်နှစ်ဆယ်အရွယ်ဖြစ်နေခဲ့ကြခြင်း ဖြစ်သည်။

ထိုကဲ့သို့ နှစ်ပေါင်းများစွာ ရုပ်ရည်ပြောင်းလဲမှု မရှိသဖြင့် ရွှေလေးတို့သားအဖမှာ တစ်နေရာတည်းတွင် ကြာရှည်နေထိုင်၍ မဖြစ်ကြတော့။ ပတ်ဝန်းကျင်မှ သတိပြုမိမည်ကိုစိုးသဖြင့် တစ်နေရာပြီးတစ်နေရာ ပြောင်းရွှေ့နေထိုင်လာခဲ့ကြရာမှ ယခုသမုံ့တပင်ကျေးရွာသို့ ရောက်ရှိလာခဲ့ကြခြင်း ဖြစ်လေတော့သည်။

■


www.burmeseclassic.com

ww.burmeseclassic.com

## အရက်မူးရှုကွဲခိုးပေါ်

ဦးဝေထွန်းက ဦးရွှေလေးတို့ သားအဖအကြောင်းကို ပြန်လည် ပြောပြနေခဲ့ရာ ပြီးဆုံးသွားခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် သူကြီးက ပြောလိုက်သည်။

"ဒီအတိုင်းဆိုရင် ဦးရွှေလေးရဲ့သား ဝင်းသောင်းတောင်မှ ကျုပ်တို့ထက် အသက်အများကြီးကြီးနေပြီပဲ"

"ဟုတ်ထာပေါ့"

ဦးဝေထွန်းက ထောက်ခံပြောဆိုလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် ထူးအောင်က ကန့်ကွက်ပြောဆိုလိုက်သည်။

"မဖြစ်နိုင်ဘူး၊ အခုပြောသွားတဲ့ဇာတ်လမ်းက ဦးရှင်ကြီးဇာတ်လမ်းပဲ၊ ဦးရှင်ကြီးဇာတ်လမ်းထဲမှာ ဦးရွှေလေးတို့သားအဖနှစ်ယောက်ပါထည့်ပြီး ဇာတ်လမ်းဆင်ထားတာ။ ကျွန်တော်ကတော့ မယုံဘူး"

ဤတွင် သူကြီးသားတင်စိုးက ထောက်ပြပြောဆိုလိုက်ပြန်သည်။

"မင်းတို့က မြို့ကျောင်းတက်လာခဲ့တဲ့ကောင်တွေဆိုတော့ ဘယ်ယုံမလဲ၊ ဒါပေမယ့် မင်းမယုံလို့မရဘူး"

"ဘာဖြစ်လို့လဲ"

"ရွှေမန်ကျည်းစေ့တွေက သက်သေခံရှိနေတယ်လေကွာ။ နောက်တစ်ချက်က ဦးရွှေလေးအိမ်မှာ ဦးရှင်ကြီးရုပ်တုကြီးကို ကိုးကွယ်ထားတာ။ ဒါတွေက ခိုင်လုံတဲ့ သက်သေပြချက်



www.burmeseclassic.com

www.burmeseclassic.com


တွေ့ပဲ။ ဒီလို ခိုင်လုံတဲ့ သက်သေပြချက်တွေကို လက်မခံဘူး ဆိုတာ အမှန်တရားကို လက်မခံချင်တဲ့သဘောဘဲ"

"ငါက အမှန်တရားကို လက်မခံချင်လို့ ပြောနေတာမဟုတ်ဘူး တင်စိုး။ ဦးရှင်ကြီးကို ကိုးကွယ်တာတစ်ခုနဲ့ မှန်တယ်လို့ ပြောလို့ရမလား။ ဦးရှင်ကြီးကို တစ်ရွာလုံး တစ်နယ်လုံးက ကိုးကွယ်နေကြတာပဲ။ မှန်တယ်၊ ဒါပေမယ့် ဦးရှင်ကြီးရဲ့ ဓာတ်ပုံကားချပ်တွေနဲ့ပဲ ကိုးကွယ်နေကြတာ။ ဦးရွှေလေးလို ရုပ်တုကြီးနဲ့ တခမ်းတနားကိုးကွယ်တာ မင်းတွေ့ဖူးလို့လား။ ဦးရှင်ကြီးရုပ်တုဆိုလို့ မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေ တစ်ခုလုံးမှာ ရှာကြည့်၊ မိန်းမလှကျွန်းပေါ်က မျောက်တစ်ရာဘုရားမှာပဲရှိတာ"

တင်စိုးပြောသည်မှာလည်း ဟုတ်နေပြန်သည်။ ကမ်းခြေဒေသများတွင် ဦးရှင်ကြီးကို လေးစားယုံကြည်ကြသည် ဆိုသော်လည်း ဓာတ်ပုံကားချပ်များနှင့်သာ ကိုးကွယ်နေခဲ့ကြခြင်းဖြစ်သည်။ ဦးရှင်ကြီးရုပ်တုမှာ မိန်းမလှကျွန်းပေါ်မှ မျောက်တစ်ရာစေတီတော်တွင်သာရှိသည်။

ထို့ကြောင့် သက်ပိုင်စိုးက ဝင်ရောက် ပြောလိုက်သည်။

"တင်စိုးပြောတာ ဟုတ်တယ်။ နောက်ပြီး ရွှေမန်ကျည်းစေ့လေးတွေကလည်း တစ်စေ့နှစ်စေ့တည်း မဟုတ်ဘူး။ စဉ်းတော့စဉ်းစားစရာပဲ"

ဤတွင် ထူးအောင်က ကန့်ကွက်ပြောဆိုလိုက်ပြန်သည်။

"ဘာမှစဉ်းစားစရာမလိုပါဘူးကွာ။ လုပ်ဇာတ်ကြီးဆိုတာ သေချာတယ်။ မင်းတို့စဉ်းစားကြည့်ကြလေ။ ဦးရွှေလေးတို့ သားအဖက မသေဆေးသောက်ထားတာကို လူသိမှာစိုးလို့ တစ်နယ်ပြီးတစ်နယ် ပြောင်းနေခဲ့ကြတယ်ဆိုပြီး အခုဘာဖြစ်လို့ ဖွင့်ပြောရတာလဲ"

ထို့ကြောင့် ဦးဝေထွန်းက ဝင်ပြောလိုက်သည်။

"အရက်မူးတော့ ကွဲခိုးပေါ်ဆိုသလို ဝင်းသောင်းက မူးပြီး ပြောတာဖြစ်မှာပေါ့။ အခုလို ဝင်းသောင်းက ပြောလို့ ဦးရွှေလေးတောင်မှ သိချင်မှသိမှာ"

ဤတွင် မလေးငယ်တစ်ယောက် အိမ်နောက်ဖေးခန်းမှ

www.burmeseclassic.com

www.burmeseclassic.com


ထွက်လာကာ အကြံပေးပြောဆိုလိုက်သည်။

"အဖေတို့ပြောနေတာ သမီး အားလုံးကြားတယ်။ ဒီကိစ္စ သေချာအောင် ဦးရွှေလေးကို တိုက်ရိုက်သွားမေးကြည့်ကြပါလား"

"ဦးရွှေလေးက ဘယ်ပြောမလဲ"

ထို့ကြောင့် ဦးဝေထွန်းက ငြပြောလိုက်သည်။

"ဘာဖြစ်လို့မပြောရမှာလဲ သူကြီးရ၊ ဝင်းသောင်းကို သက်သေပြမယ်။ ဝင်းသောင်းပြောပြချက်တွေနဲ့ ဝင်းသောင်းဆီက ရွှေမန်ကျည်းစေ့တွေကို သက်သေပြမယ်ဗျာ။ ဦးရွှေလေး မငြင်းနိုင်တော့ဘူး။ ဝန်ခံတယ်ဆိုရင် တပေါင်းလပြည့်နေ့ကျရင် ဦးရွှေလေးနဲ့ကပ်ပြီး မိန်းမလှကျွန်းကိုလိုက်သွားကြမယ်။ ဦးရှင်ကြီးရဲ့ မ,စမှု့ကိုလည်းခံရမယ်။ မသေဆေးလည်း သောက်ချင်သောက်ရမယ်"

ဤတွင် မလေးငယ်က ဝင်ရောက် ထောက်ခံပြောဆိုလိုက်သည်။

"ဦးလေးဝေထွန်းပြောသလို ကောင်းပါတယ်။ တကယ်လို့ ဝင်းသောင်းပြောပြချက်ဟာ အရက်မူးလို့ ကွဲခိုးပေါ်သလို မှန်နေတယ်ဆိုရင် တစ်ရွာလုံးအတွက် အကျိုးရှိနိုင်တဲ့ကိစ္စပဲ"

ထို့ကြောင့် ဝင်းသောင်း၏ပြောဆိုမှုများမှာ အရက်မူး၍ ကွဲခိုးပေါ်လာခဲ့ခြင်း ဟုတ်၊ မဟုတ် ဦးရွှေလေးထံ သွားရောက်စုံစမ်းရန် ဆုံးဖြတ်ခဲ့ကြလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## မဟုတ်ဘူး ဟုတ်တယ်

ဦးရွှေလေးမှာ နေအိမ်တွင် တစ်ယောက်တည်း စာဖတ်နေရာမှ သူကြီးနှင့် လူတစ်အုပ်တစ်မကြီးလာနေသည်ကိုတွေ့မြင်လိုက်ရသဖြင့် ဆီးကြိုနှုတ်ဆက်ပြောဆိုလိုက်သည်။

"ဟာ - သူကြီးတို့ပါလား၊ လူအုပ်တောင့်လှချည်လား။ ကေန္တ- အလှူခံထင်တယ်။ ကဲကဲ-လာကြ၊ ပြော ဘာအတွက်လဲ။ ကျွန်တော်ဘယ်လောက်လှူရမလဲ"

ဦးရွှေလေးက သူကြီးတို့လူစု အလှူခံလာနေကြသည်ဟု တွေးထင်ကာ ဖော်ရွေစွာပြောဆိုနေတော့သည်။ သူကြီးနှင့်အတူ ဦးဝေထွန်း၊ ထူးအောင်၊ သက်ပိုင်စိုး၊ တင်စိုးနှင့် ကာလသားခေါင်းဆောင် ကိုချစ်တို့လည်း ပါလာခဲ့ကြသည်။ ကိုချစ်မှာလည်း ဦးရွှေလေးတို့သားအဖ မသေဆေးသောက်ထားကြောင်း ဝင်းသောင်းက ပြောဆိုခဲ့သဖြင့် သူကြီးကိုလာပြောခဲ့ခြင်း ဖြစ်သည်။ ထိုမှ သူကြီးတို့က ဦးရွှေလေးဆီလာရန် အစီအစဉ်ကိုသိလိုက်ရသဖြင့် လိုက်ပါလာခဲ့ခြင်း ဖြစ်သည်။

သူကြီးတို့လူစု ဦးရွှေလေးတို့အိမ်ပေါ်ကို တက်လာပြီး ခုံနေရာများတွင် ထိုင်လိုက်ကြသည်။

ထို့နောက် သူကြီးက ဦးရွှေလေးကိုမေးလိုက်သည်။

"မောင်ဝင်းသောင်းတစ်ယောက်ကော မတွေ့ပါလား"

"ရှိပါတယ် သူကြီး၊ နောက်ဖေးမှာ ထမင်းစားနေပါတယ်။ ကိစ္စရှိလို့လား"



www.burmeseclassic.com

www.burmeseclassic.com


"မရှိပါဘူး"

"ကဲ - ဆို သူကြီးတို့ ဘာအတွက်အလျှုံခံလာခဲ့ကြတာလဲ"

"ကျုပ်တို့ အလျှုံခံလာကြတာ မဟုတ်ဘူး ဦးရွှေလေး"

"ဒါဆိုဘာကိစ္စလဲ"

"ဦးရွှေလေးကို မေးစရာရှိလို့"

"မေးပါ သူကြီး မေးပါ။ ဘာမျှားမေးမလို့ပါလိမ့်"

ထို့ကြောင့် သူကြီးက ဦးဝေထွန်း၊ တင်စိုးနှင့် ကိုချစ်တို့ကို ဝင်းသောင်းပြောပြခဲ့သော ရေငန်ပိုင်ဦးရှင်ကြီးနှင့် မသေဆေးအကြောင်းကို ပြန်လည်ပြောပြလိုက်သည်။ ဦးရွှေလေးက သူကြီးပြောပြနေသည်ကို တအံ့တဩနားထောင်နေခဲ့သည်။ သူကြီးစကားဆုံးသွားသောအခါ ဦးရွှေလေးက ပေါ့ပေါ့တန်တန် ပြန်လည်ပြောဆိုလိုက်သည်။

"ဖြစ်မှဖြစ်ရလေ သူကြီးရယ်၊ ဒီကောင်ဝင်းသောင်း မူးမူးနဲ့ လျှောက်ပြောနေတာကို သူကြီးတို့ကအရေးတယူလုပ်နေရတယ်လို့ဗျာ။ လောကကြီးမှာ မသေတဲ့လူဆိုလို့ ဘယ်လိုလုပ်ရှိနိုင်မှာလဲ။ ကျုပ်အသက်က အမှန်တကယ် အသက်ငါးဆယ်ပါ။ ဘယ်လိုလုပ် နှစ်ရာသုံးရာရှိနိုင်မှာလဲ။ ကြံကြံဖန်ဖန်ဗျာ။ ဝင်းသောင်းတစ်ယောက်ကတော့ ခက်တော့တာပဲ။ မူးမူးနဲ့ထင်ရာလျှောက်ပြောနေတာ။ သူကြီးတို့ကို အားနာစရာဖြစ်နေပြီ"

ဤတွင် တင်စိုးက ဝင်ပြောလိုက်သည်။

"ဒီလိုဆိုရင် မန်ကျည်းစေ့လေးတွေနဲ့ပတ်သက်ပြီး ဦးလေးရွှေလေး ဘာပြောမလဲ"

"အမယ်လေး မောင်တင်စိုးရယ်၊ ဦးလေးဆီမှာ ဘယ်ရွှေမကျည်းစေ့မှ မရှိပါဘူးကွယ်"

ဦးရွှေလေးက ငြင်းဆိုပြောဆိုနေသဖြင့် သူကြီးကဝင်ရောက်ပြောဆိုလိုက်သည်။

"ကဲ - ဦးဝေထွန်းနဲ့တင်စိုး၊ မင်းတို့ဆီက ဝင်းသောင်းပေးထားတဲ့ ရွှေမန်ကျည်းစေ့လေးတွေကို ပြလိုက်ကြပါကွယ်"

ထို့ကြောင့် ဦးဝေထွန်းနှင့်တင်စိုးတို့က ဝင်းသောင်းပေးထားသော ရွှေမန်ကျည်းစေ့လေးများကို ထုတ်ပြလိုက်ကြတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ကာလသားခေါင်းဆောင် မောင်ချစ်ကလည်း ဝင်ရောက် ပြောဆိုလိုက်ပြန်သည်။

"ဟာ - အဲဒီလို ရွှေမန်ကျည်းစေ့လေးတွေ ဝင်းသောင်းက ကျွန်တော်ကိုလည်း ပေးခဲ့တယ်။ ဒီမှာ ကျွန်တော်ယူလာတယ်"

ကိုချစ်ကလည်း ရွှေမန်ကျည်းစေ့လေးတစ်စေ့ကို အိတ်ထဲမှ ထုတ်ယူပြလိုက်သည်။

ဦးရွှေလေးသည် ရွှေမန်ကျည်းစေ့လေးတွေကို တအံ့တဩ ကြည့်နေခဲ့သည်။ ထို့နောက် နောက်ဖေးဘက်ကိုလှည့်ကာ ဝင်းသောင်းကို အမောတကောအော်ခေါ် လိုက်သည်။

"ဝင်းသောင်း၊ ဟေ့ကောင် ဝင်းသောင်း လာစမ်း။ မြန်မြန်လာခဲ့စမ်း"

ဝင်းသောင်းမှာလည်း စားသောက်ပြီးခဲ့ပြီဖြစ်သဖြင့် လက်သုတ်ပဝါနှင့် လက်ကိုသုတ်ရင်း နောက်ဖေးခန်းမှ ထွက်လာခဲ့သည်။

"တိုးတိုးသက်သာခေါ် လည်း ကြားပါတယ်အဖေရာ။ အဖေ့ဟာက အော်ကြီးဟစ်ကျယ်နဲ့ ရွာထဲကိုသူပုန်ဝင်လာတာကျနေတာပဲ"

"ဟေ့ကောင် - အခုဟာက ရွာထဲကိုသူပုန်ဝင်လာတာထက် ပိုဆိုးတယ်။ မင်း ရွာထဲမှာ ဘာတွေမဟုတ်မဟတ်လျှောက်ပြောနေတာလဲ"

"ကျွန်တော်က ဘာတွေလျှောက်ပြောနေလို့လဲ"

"စောစောက သူကြီးတို့ ပြောနေကြတာ မင်းမကြားဘူးလား"

"ကြားသားပဲ"

"အဲဒါကို ပြောတာပေါ့ကွ။ ဘာဖြစ်လို့ မဟုတ်တာတွေ လျှောက်ပြောနေရတာလဲ"

"ကျွန်တော်က မဟုတ်တာပြောတာမှမဟုတ်ဘဲ။ ဟုတ်တာတွေပြောနေတာပဲ"

"ဘာကွ၊ ဘာပြောတယ်"

ဦးရွှေလေး တော်တော်လေး ဒေါသဖြစ်နေသည်။ ဝင်းသောင်းကတော့ ဣန္ဒြေမပျက်။ သူကြီးနှင့်အဖွဲ့က ဦးရွှေလေးတို့



www.burmeseclassic.com

www.burmeseclassic.com


သားအဖ ဘယ်လိုဖြေရှင်းပြမည်ကို အကဲခတ် စောင့်ကြည့်နေခဲ့ကြသည်။

ထို့နောက် ဝင်းသောင်းက ခပ်အေးအေးပင် ပြန်ပြောလိုက်သည်။

"သိပ်လည်း ဒေါသမကြီးပါနဲ့ အဖေရာ။ ကျွန်တော်တို့သားအဖ မသေဆေးသောက်ထားကြတာ သူကြီးတို့သိလို့လည်း ဘာမှဖြစ်တာမှမဟုတ်တာ"

"ဟာ - ဒီကောင် ခက်နေပါပြီ"

"မခက်ပါဘူး အဖေရာ၊ ကျွန်တော်တို့ကို ရေငန်ပိုင်ဦးရှင်ကြီးက မသေဆေးတိုက်ခဲ့တာ။ တပေါင်းလပြည့်နေ့တိုင်း ရေငန်ပိုင်ဦးရှင်ကြီးနဲ့ သွားတွေ့ခဲ့ကြတာ၊ ရေငန်ပိုင်ဦးရှင်ကြီးက ရွှေမန်ကျည်းစေ့လေးတွေ ပေးခဲ့တာ ဒါလောက်ပဲ ကျွန်တော်ပြောခဲ့တာပါ"

"ဝင်းသောင်း- မင်း ရူးကြောင်မူးကြောင်နဲ့ ဘာတွေပြောနေတာလဲ။ မင်းရူးနေသလား။ ဟာ - ဒုက္ခပါပဲကွာ၊ သူကြီး ဒီကောင်ပြောတာ သူကြီးတို့ကတော့ ယုံလား။ မသေဆေးတဲ့၊ ရေငန်ပိုင်ဦးရှင်ကြီးနဲ့ တွေ့တယ်တဲ့၊ ရွှေမန်ကျည်းစေ့တဲ့။ မဖြစ်နိုင်တာတွေကိုကွာ၊ လူကြားရင်ရှက်စရာ"

ဤတွင် တင်စိုးက သူ့အင်္ကျီအိတ်ထဲမှ ရွှေမန်ကျည်းစေ့လေးနှစ်စေ့ကို ထုတ်ပြလိုက်သည်။ ထို့နောက် ဦးရွှေလေးကို ပြောလိုက်သည်။

"ဦးလေး၊ ဒီရွှေမန်ကျည်းစေ့လေးတွေက ရေငန်ပိုင်ဦးရှင်ကြီးက ဦးလေးကိုပေးခဲ့တဲ့ ရွှေမန်ကျည်းစေ့လေးတွေ မဟုတ်လား"

ထို့ကြောင့် ဦးဝေထွန်းနှင့် ကာလသခေါင်းဆောင်ကိုချစ်တို့ကလည်း ဝင်းသောင်းပေးခဲ့သော ရွှေမန်ကျည်းစေ့လေးများကို ထုတ်ပြလိုက်သည်။ ဦးရွှေလေးမှာ ရွှေမန်ကျည်းစေ့လေးတွေကို ဘအံ့တသြကြည့်နေခဲ့သည်။ ထို့နောက် မယုံကြည်နိုင်သလို ပြန်မေးလိုက်ပြန်သည်။

"ဒီ. . . ဒီ. . . ရွှေမန်ကျည်းစေ့လေးတွေကို ဝင်းသောင်းက ပေးခဲ့တာ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com


ထို့ကြောင့် ဦးဝေထွန်းကပြန်ပြောလိုက်သည်။

"ကျုပ်တို့က ဦးရွှေလေးကို ဘာဖြစ်လို့ညာပြောနေရမှာလဲ။ ဟိုမှာ မောင်ဝင်းသောင်းလည်း ရှိနေတာပဲ။ ဦးရွှေလေး ကိုယ့်သားကိုကိုယ် ပြန်မေးကြည့်လိုက်ပါလား"

ထို့ကြောင့် ဦးရွှေလေးက ဝင်းသောင်းကိုကြည့်လိုက်သည်။ ဝင်းသောင်းကမူ ဘာမှမဖြစ်သလို။ ထို့ကြောင့် ဦးရွှေလေးက ဝင်းသောင်းကို မေးလိုက်သည်။

"ဟေ့ကောင် ၊ ဒီရွှေမန်ကျည်းစေ့တွေကို မင်းပေးခဲ့တာ ဟုတ်လား"

"ဟုတ်တယ်"

"ဒါ ဒါတွေကို မင်းဘယ်ကရလဲ"

"အဖေ့ဆီကလေ"

"ဘာ - ဘာပြောတယ်"

"ဟုတ်တယ်၊ ကျွန်တော်အဖေ့ဆီက ယူပေးလိုက်တာ"

"ဟေ့ကောင်၊ မင်းမဟုတ်တာတွေမပြောနဲ့။ ဒါတွေ ငါ့မှာ မရှိစဘူး။ မင်း. . . မင်း. . . ပြောစမ်း၊ ဒါတွေကို မင်းဘယ် ကရလာတာလဲ"

"ဘယ်ကရလာရမှာလဲ အဖေရာ။ ရေငန်ပိုင်ဦးရှင်ကြီးက အဖေ့ကိုပေးခဲ့တဲ့အိတ်ထဲက သားနှိုက်ယူပြီး သူတို့ကိုပေးခဲ့ တာ"

ဦးရွှေလေး မျက်စိမျက်နှာပျက်နေပြီ ဖြစ်သည်။ သားဖြစ် သူကို ဒေါသတကြီး ကြည့်နေခဲ့သည်။ ဦးရွှေလေးတို့သားအဖ နှစ် ယောက်မှာ တစ်ယောက်ကဖုံး၊ တစ်ယောက်ကဖော်လုပ်နေသည်။ သူကြီးတို့အဖွဲ့ကမူ ဘာမှမပြောကြ။

ထို့နောက် ဦးရွှေလေးက ဝင်းသောင်းကိုပြောလိုက်သည်။

"ကဲ-ရေငန်ပိုင်ဦးရှင်ကြီး ပေးခဲ့တယ်ဆိုတဲ့အိတ် ဘယ်မှာလဲ ငါ့ကိုယူပြစမ်း"

"ကျွန်တော် တကယ် ယူပြလိုက်ရမလား"

"ယူပြကွာ၊ ယူပြလိုက်"

ထို့ကြောင့် ဝင်းသောင်း ဦးရွှေလေး၏အိပ်ခန်းထဲသို့ဝင်သွား ခဲ့သည်။ ကိုဝင်းသောင်း အိပ်ခန်းထဲသို့ ဝင်သွားစဉ် ဦးရွှေလေးက


www.burmeseclassic.com

www.burmeseclassic.com


သူကြီးတို့အုပ်စုကိုပြောလိုက်သည်။

"ဒီကောင်ပြောနေတာတွေ တစ်ခုမှမဟုတ်ပါဘူးဗျာ။ ကျုပ်မှာ ဒီလိုရွှေမန်ကျည်းစေ့တွေလည်း မရှိပါဘူး။ ရှိရင်ဒီလိုဘယ်နေပါ့မလဲဗျာ။ ဒီကောင် ဒီဟာတွေကို ဘယ်ကဘယ်လို ရလာတာလဲမသိဘူး"

ထို့ကြောင့် သူကြီးဦးလှကျော်က ပြောလိုက်သည်။

"ဦးရွှေလေးကသာ မဟုတ်ဘူးပြောနေတာ။ မောင်ဝင်းသောင်းက သေသေချာချာပြောနေတာပဲ။ အခုလည်း ဦးရွှေလေးကမရှိပါဘူးဆိုတဲ့ ရွှေမန်ကျည်းစေ့အိတ်ကို မောင်ဝင်းသောင်းက သွားယူနေပြီ။ ဦးရွှေလေး ပေးထားတဲ့နေရာကို မောင်ဝင်းသောင်းက သိနေလို့ဖြစ်မှာပေါ့။ ဒီကိစ္စကို ကျွန်တော်တို့သိလို့လည်း ဘာပြဿနာမှမရှိနိုင်ပါဘူး ဦးရွှေလေးရယ်"

"ဟာ - မဟုတ်ဘူး သူကြီး၊ ကျုပ်က သူကြီးတို့ကို ဘာဖြစ်လို့ညာနေရမှာလဲ။ ကျုပ်အကြောင်းကို သူကြီးတို့သိပြီးသားပါ။ ကျုပ်ဟာ စကားကိုအပိုမပြောတတ်သလို မဟုတ်တာကိုလည်း ဘယ်တော့မှမပြောဘူးဆိုတာ သူကြီးတို့သိပါတယ်။ နောက်ပြီး ကျုပ်က မုသာဝါဒကံကို အထူးသတိနဲ့ထိန်းနေသူတစ်ယောက်ပါ"

ဦးရွှေလေးက ထိုသို့ပြောလိုက်သဖြင့် သူကြီးနှင့်အဖွဲ့တွေဝေသွားခဲ့ကြရတော့သည်။ ဦးရွှေလေးသည် 'မုသာဝါဒကံ' ကို အထူးထိန်းသူတစ်ယောက်ဖြစ်သည်ကိုတော့ သမ္မတပင်တစ်ရွာလုံးက သိရှိနေခဲ့ကြသည်။ အိမ်တစ်အိမ်သို့ သွားရောက်လည်ပတ်စဉ် ထမင်းစားဝိုင်းနှင့်ဆုံ၍ 'ဦးရွှေလေး ထမင်းစားပြီးပြီလား၊ လာစားပါဦးလား' ဟု အိမ်ရှင်ကခေါ်လျှင် ဦးရွှေလေးက ထမင်းမစားခဲ့ရသေးလျှင် 'မစားခဲ့ရသေးပါဘူးဗျာ' ဟုသာပြောသည်။ အားနာပါးနာနဲ့ မစားရသေးဘဲ စားပြီးပြီဟုမဖြေ။ အကယ်၍ ဟင်းကြိုက်၍စားချင်ခဲ့လျှင်လည်း 'အေးဗျာ၊ စားတော့စားချင်တယ်။ အားနာလို့မစားတော့ပါဘူး' ဟုအမှန်အတိုင်း ပြောလေ့ရှိသည်။ မုသာဝါဒကံထိုက်မှာစိုးသဖြင့် ထိုသို့ပြောဆိုခဲ့ခြင်း ဖြစ်သည်။

လမ်းတွင်တွေ့၍ 'ဦးရွှေလေးဘယ်လဲ'ဟု နှုတ်ဆက်မေးမြန်း



www.burmeseclassic.com

www.burmeseclassic.com


ခဲ့လျှင်လည်း 'ဟိုနား ဒီနား' ဟု ဘယ်တော့မှ မရေမရာအဖြေမျိုး မဖြေခဲ့။ ဘယ်သူ့အိမ်၊ ဘယ်ဝါဒအိမ်၊ ဘုန်းတော်ကြီးကျောင်း စသည်ဖြင့် တိတိကျကျသာ ပြောလေ့ရှိသည်။ သူကြီးအိမ်ကို သွားမည်ကို 'ဒီနား' ဟုဖြေလျှင် မှုံသာဝါဒကံထိုက်မည်စိုးသဖြင့် သူကြီးအိမ်ကိုသွားမည်ဟုသာ တိတိကျကျဖြေသည်။ ဦးရွှေလေးမှာ ထိုမျှအထိ မုသာဝါဒကံကို ထိန်းနေသူတစ်ယောက်ဖြစ်သည်။ ထို့ကြောင့် ဦးရွှေလေးမှာ လိမ်ညာပြောဆိုမည့်သူမဟုတ်၊ ဦးရွှေလေးလိမ်ညာနေခြင်း မဖြစ်နိုင်။ ဦးရွှေလေး လိမ်ညာနေခြင်းမဟုတ်လျှင် ဝင်းသောင်း လိမ်ညာနေခြင်းသာ ဖြစ်ပေတော့မည်။

ဤသို့ဆိုလျှင် -

ဝင်းသောင်းက ဘာကြောင့် ဒီလိုလိမ်ညာပြောနေရတာလဲ။ ဝင်းသောင်း လိမ်ညာပြောနေသည်ဆိုရအောင်လည်း ဝင်းသောင်းက သက်သေသက္ကာယတွေနှင့် ပြောဆိုနေပြန်သဖြင့် ဝင်းသောင်းပြောနေသည်ကိုလည်း မဟုတ်ဘူးပြော၍မဖြစ်နိုင်။ ယခုပင်လျှင် ဝင်းသောင်းက ရွှေမန်ကျည်းစေ့တွေထည့်သောအိတ်ကို သွားယူနေခဲ့ပြီ ဖြစ်သည်။

ထိုစဉ် -

ဝင်းသောင်းအခန်းထဲမှ ပြန်ထွက်လာခဲ့သည်။ လက်ထဲတွင် ကတ္တီပါအိတ်ကလေးတစ်လုံး ပါရှိလာခဲ့သည်။ အိတ်ကလေးမှာ အဝါရောင်ကလေး ဖြစ်သည်။ အလွန် အရည်အသွေးကောင်းသော ကတ္တီပါအိတ်ကလေး ဖြစ်သည်။

ဝင်းသောင်းက ကတ္တီပါအိတ်ကလေးကို စားပွဲပေါ်သို့ တင်လိုက်သည်။

"ဒီမှာ အဖေ့ကို ရေငန်ပိုင်ဦးရှင်ကြီးကပေးလိုက်တဲ့ ရွှေမန်ကျည်းစေ့အိတ်။ အဲဒီထဲမှာ ရွှေမန်ကျည်းစေ့တွေ ရှိတယ်။ ဦးလေးဝေထွန်းနှင့် ကိုချစ်၊ တင်စိုးတို့ကို ကျွန်တော် အဲဒီထဲ နှိုက်ပေးခဲ့တာ"

ဦးရွှေလေးက ကတ္တီပါအိတ်ကလေးကို မျက်လုံးကျွတ်ထွက်မတတ်ကြည့်ကာ ဝင်းသောင်းကို မေးလိုက်သည်။

"မင်း. . . မင်း ဒါ. . . ဒါကို ဘယ်ကရလာတာလဲ"

"အဖေ့အိပ်ခန်းထဲကလေ"


www.burmeseclassic.com

www.burmeseclassic.com


"မဟုတ်ဘူး မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး။ ဒါ ငါ့ဥစ္စာမဟုတ်ဘူး။ ငါ့မှာဒါမျိုးမရှိဘူး။ မင်းလိမ်နေတာ။ ပြောစမ်း၊ ဒီအိတ်ကို မင်း ဘယ်ကရလာတာလဲ"

ဦးရွှေလေးမှာ သွေးပျက်ချောက်ချားနေသူတစ်ယောက်လို ဖြစ်နေတော့သည်။ ဝင်းသောင်းကမူ ဘာမှမဖြစ်သလို။ အဖွဲ့က လည်း ဘာပြောရမည်မသိ၊ မဝေခွဲနိုင်ကြတော့။

ထို့နောက် ဝင်းသောင်းက ပြောလိုက်သည်။

"ဒီအိတ်ကို ဘယ်ကရလာရမှာလဲ အဖေရာ။ အခုပဲ အဖေ့ အိပ်ခန်းထဲက ယူလာခဲ့တာတွေ့ရဲ့သားနဲ့"

"မဖြစ်နိုင်ဘူး၊ ပြောစမ်း - ဒီအိတ်ကို မင်း ဘယ်ကရလာတာလဲ"

ဝင်းသောင်းက သူ့အဖေ၏အမေးကို မဖြေသေးဘဲ ကတ္တီပါ အိတ်ကလေးကို ကြိုးဖြေပြီး ဖွင့်ကြည့်လိုက်သည်။

"ဟာ"

ဝင်းသောင်း ကတ္တီပါအိတ်ကလေးကို ဖွင့်ကြည့်ကာ တအံ့ တသြဖြစ်နေသဖြင့် ဦးရွှေလေးက မေးလိုက်သည်။

"ဘာဖြစ်ရပြန်ပြီလဲ"

"ဒီ. . . ဒီမှာ"

ဝင်းသောင်းက ကတ္တီပါအိတ်ကလေးကို ဖွင့်ကိုင်ကာ တစ် ယောက်စီကို လိုက်လံပြသနေတော့သည်။ ကတ္တီပါအိတ်ကလေး ထဲတွင် မီးသွေးခဲများသာဖြစ်နေသည်ကို တွေ့မြင်ကြရသည်။

ထို့နောက် ဝင်းသောင်းက တအံ့တသြ ပြောဆိုနေတော့ သည်။

"ကျွန်တော်ယူခဲ့တုန်းက အကုန်လုံး ရွှေမန်ကျည်းစေ့လေး တွေပဲ။ အများကြီးမှ တကယ့်အများကြီးပါဗျာ။ အခုမှ ဘယ် လိုလုပ်ပြီး သွေးခဲတွေ ဖြစ်သွားခဲ့ရတာလဲ။ အဖေ အဖေ"

"ဘာလဲ"

ဝင်းသောင်းက ဦးရွှေလေးကို မယုံသင်္ကာကြည့်ကာ ခေါ် လိုက်သည်။ ဦးရွှေလေးက ပြန်ထူးလိုက်သဖြင့် ဝင်းသောင်းကမယုံ သင်္ကာမေးလိုက်သည်။

"ဒီမီးသွေးခဲတွေ အဖေထည့်ထားတာလား"


www.burmeseclassic.com

"ငါက ဘာဖြစ်လို့ထည့်ရမှာလဲ။ ဒီအိတ်ရှိနေတာ သိတောင် မသိဘူး"

"ကျွန်တော် အဖေ့အိတ်ထဲက မန်ကျည်းတောင့်တွေကို နှိုက်ယူနေတာကို အဖေသိလို့ အခုလိုမီးသွေးခဲနဲ့ ရွှေမန်ကျည်းစေ့တွေ လဲထည့်ထားတာ မဟုတ်လား"

ဝင်းသောင်းပုံစံက ဖခင်ဖြစ်သူကို တကယ့်ကိုမယုံသင်္ကာပုံစံနှင့် မေးနေခြင်း ဖြစ်သည်။ ထို့ကြောင့် ဦးရွှေလေးက ပြောလိုက်သည်။

"ဝင်းသောင်း၊ မင်း တော်တော် ပြဿနာရှာနေပါလားကွာ။ ရွာထဲမှာ မဟုတ်မဟတ်တွေလျှောက်ပြော၊ ဘယ်ကအိတ်ဘယ်လိုယူလာမှန်းမသိ၊ ရွှေမန်ကျည်းစေ့တွေနဲ့ မီးသွေးခဲလဲတယ်ပြောလိုပြော။ နေစမ်းပါဦး၊ ဘာဖြစ်လို့ မင်းအဲဒီလိုလုပ်နေတာတုံး"

"ကျွန်တော် မဟုတ်တာတွေပြောနေတာ မဟုတ်ဘူး။ အဖေသာ မဟုတ်တာတွေပြောနေတာ"

"ဘာကွ၊ ကဲကွာ"

"ခွပ်"

"အား"

"ဟာ - ဦးရွှေလေး၊ မလုပ်နဲ့ မလုပ်နဲ့"

သားဖြစ်သူက သူ့ကို မဟုတ်တာတွေ ပြောနေတာဟုဆိုသဖြင့် ဦးရွှေလေး အလွန်အမင်းဒေါသဖြစ်သွားခဲ့သည်။ ထို့ကြောင့် ဝင်းသောင်းကို ရိုက်နှိုက်ထိုးကြိတ်လိုက်သဖြင့် သူကြီးတို့အဖွဲ့ကဝိုင်းဆွဲခဲ့ကြရတော့သည်။

ထို့နောက် သူကြီးက ပြောလိုက်သည်။

"ဦးရွှေလေးကို ကျွန်တော် တစ်ခုတော့ပြောချင်တယ်ဗျာ"

"ပြောပါ သူကြီး"

"ဦးရွှေလေးတို့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို ကျွန်တော်တို့က ဝင်ပြီး စပ်စုသလိုဖြစ်နေပြီ။ ကျွန်တော်တို့အနေနဲ့တလည်း တကယ်လို့ မောင်ဝင်းသောင်းပြောခဲ့သလို ဦးရွှေလေးတို့မိသားစုဟာ ရေစင်ပိုင်ဦးရှင်ကြီးနဲ့ အမှန်တကယ်အကျွမ်းဝင်နေခဲ့မယ်ဆိုရင် ကျေးရွာအတွက်အများကြီး

www.burmeseclassic.com

www.burmeseclassic.com


အကျိုးရှိလာနိုင်တယ်လို့ တွေးမိခဲ့ကြလို့ အခုလို လာမေးမိခဲ့ကြတာပါ။ ဦးရွှေလေးဆိုတာလည်း အမှန်တကယ် စိတ်ကောင်းစေတနာရှိတဲ့လူတစ်ယောက် ဖြစ်နေတာကြောင့်လည်း အခုလို လာမေးမိခဲ့တာပါ။ ကျွန်တော်တို့အတွက်နဲ့တော့ ဦးရွှေလေးတို့သားအဖ ပြဿနာမဖြစ်ကြပါနဲ့။ ကျွန်ဘဲ်တို့အတွက်နဲ့ ဦးရွှေလေး စိတ်အနှောင့်အယှက်ဖြစ်ရ ( ) တောင်းပန်ပါတယ်။ ကဲ - ကျွန်တော်တို့ကို ခွင့်ပြုပါဦး။ ပြန်ကြမယ်ဗျာ့"

သူကြီးက သူ့ပရိသတ်ကိုပြောကာ နေရာမှထလိုက်သည်။ ထို့နောက် ရွှေ့ဆုံးမှ ထွက်သွားတော့သည်။ ထို့ကြောင့် ကျန်သူများမှာလည်း ဦးရွှေလေးတို့အိမ်မှ ပြန်လည် ထွက်ခွာခဲ့ကြလေတော့သည်။

ဦးရွှေလေးနှင့် ဝင်းသောင်းတို့သားအဖနှစ်ယောက်မှာ တစ်ယောက်ကဖုံးပြီး တစ်ယောက်ကဖော်နေသည့်ပုံတဲ့။ သူက ဘာကြောင့် ဖုံးနေပြီး ဖော်တဲ့သူကလည်း ဘာကြောင့် ဖော်နေခဲ့သည်ကို သူကြီးတို့လူစုတွေ ခွဲစဉ်းစား၍မရ။ မုသာဝါဒကံကို အထူးဂရုစိုက်ထိန်းသိမ်းနေထိုင်သူ ဦးရွှေလေးသည် လိမ်ညာပြောဆိုလိမ့်မည်မဟုတ်သကဲ့သို့ ဝင်းသောင်း၏သက်သေခံပစ္စည်းတွေကလည်း ခိုင်လုံနေခဲ့ပြန်သည်။ ဒီကြားထဲတွင် ရွှေမန်ကျည်းစေ့တွေက မီးသွေးခဲတွေ ဖြစ်နေခဲ့ပြန်သည်။ ရွှေမန်ကျည်းစေ့တွေ၊ ရွှေမန်ကျည်းတောင့်တွေက မီးသွေးခဲတွေဖြစ်သွားခဲ့သော ဖြစ်စဉ်ဖြစ်ရပ်များကိုလည်း ကြားဖူးနားဝရှိနေခဲ့ကြပြန်တော့ ဝင်းသောင်းပြောတာတွေကိုလည်း မဟုတ်ဘူးပြော၍မရနိုင်။

မည်သို့ပင်ဖြစ်စေ -

သူတို့သားအဖနှစ်ယောက်ကြားတွင် တိကျသောအဖြေရနိုင်တော့မည်မဟုတ်။ မဟုတ်ဘူး၊ ဟုတ်တယ်ဟူ၍သာ ငြင်းခုံပြောဆိုရင်း အချိန်ကုန်သွားပေလိမ့်မည်။ ထို့ကြောင့် သူကြီးကဦးဆောင်ကာ ပြန်လာခဲ့ခြင်း ဖြစ်သည်။ ဝင်းသောင်းတို့သားအဖ ဘယ်လိုဖြေကျန်ရစ်သည်ကိုပင် ပြန်မကြည့်ခဲ့ကြတော့။

သူကြီးတို့လူစု ထွက်သွားခဲ့ကြသည်ကို ဦးရွှေလေးတို့သားအဖက ကြည့်နေခဲ့ကြသည်။ သူကြီးတို့လူစု မြင်ကွင်းမှပျောက်ကွယ်

www.burmeseclassic.com

ww.burmeseclassic.com



သွားမှ ဦးရွှေလေးက သားဖြစ်သူကိုပြောလိုက်သည်။

"ဒီမှာ ဝင်းသောင်း၊ မင်းကို နောက်တစ်ခါထပ်ပြီး ထိုးလား ကြိတ်လား ငါမလုပ်ချင်တော့ဘူး။ ဒါပဲငါပြောမယ်"

ထို့နောက် ဦးရွှေလေးက သူကြီးတို့အုပ်စုမလာခင်က ဖတ်နေသောစာအုပ်ကို ဆက်လက် ဖတ်နေလိုက်တော့သည်။ ဝင်းသောင်းကမူ ဘာတစ်ခွန်းမှ ပြန်မပြောတော့ဘဲ ရွာထဲ ထွက်သွားခဲ့လေတော့သည်။

ထိုစဉ် -

ဦးရွှေလေးတို့ အိမ်အောက်ထဲမှ လူတစ်ယောက် ဟိုကြည့်ဒီကြည့်နှင့် ထွက်လာခဲ့သည်။ ထိုသူမှာ လူရိပ်လူခြည်ကို အကဲခတ်ကာ ဦးရွှေလေးတို့ခြံထဲမှ ခပ်သုတ်သုတ်ထွက်သွားခဲ့သည်။

ထိုသူမှာ ရွာထိပ်ရှိဇရပ်ထဲတွင်နေသော ဘိန်းစားငထွန်းပင် ဖြစ်လေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## မသေဆေးယူပေးနိုင်သူ ငါချစ်သူ

ဤသို့ဖြင့် -

ဦးရွှေလေးနှင့် ဝင်းသောင်းတို့၏ သတင်းမှာ တိုးတိုးတိတ်တိတ်နှင့် တစ်ရွာလုံးပျံ့နှံ့သွားခဲ့တော့သည်။ ဦးရွှေလေးတို့သားအဖမှာ ဘယ်တော့မှ သေကြမည့်သူများ မဟုတ်ကြောင်း၊ သူတို့၏ အသက်မှာ နှစ်ပေါင်းရာကျော်နေပြီဖြစ်ကြောင်း၊ ရေငန်ပိုင်ဦးရှင်ကြီး၏ မ,စမှုကိုခံနေရသူများဖြစ်ကြောင်း၊ ရေငန်ပိုင်ဦးရှင်ကြီးမှ ရွှေမန်ကျည်းစေ့များပေးထားကြောင်း၊ တပေါင်းလပြည့်တိုင်းတွင် မိန်းမလှကျွန်းတွင် ဦးရှင်ကြီးနှင့်သွားရောက်တွေ့ဆုံလေ့ရှိကြောင်း၊ မသေဆေး၏အစွမ်းသတ္တိကြောင့် တုတ်၊ ဓား၊ သေနတ်ပြီးနေကြောင်း စသည်ဖြင့် တိုးတိုးတိတ်တိတ် သတင်းဖြစ်နေခဲ့တော့သည်။

ထို့ကြောင့် ဦးရွှေလေးတို့သားအဖကို စိတ်ဝင်စားလာခဲ့ကြတော့သည်။ တုတ်ပြီးဓားပြီးချင်သူများ၊ မသေဆေးသောက်[illegible]ကြသူများ၊ ရေငန်ပိုင်ဦးရှင်ကြီးကို ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံပူဇော်ချင်သူများ၊ ရွှေမန်ကျည်းစေ့လိုချင်သူများက ဦးရွှေလေးနှင့်သားအဖကို ချဉ်းကပ်လာကြတော့သည်။ ယခင်ကထက် ပိုမို အလေးထားလာခဲ့ကြသည်။

ဦးရွှေလေးကမူ ယခင်နှင့်မတူဘဲ ပိုမိုအလေးထားခြင်းခံနေရသော်လည်း ဣန္ဒြေမပျက်ဥပုသ်ကျောင်းသွားခြင်း၊ ရပ်ရေးရွာရေးကိစ္စများတွင် ငွေအားလူအားနှင့် ကူညီနေခြင်း အသိမိတ်ဆွေများ

www.burmeseclassic.com

www.burmeseclassic.com



ထံ သွားလာလည်ပတ်ခြင်း စသည်ဖြင့် ယခင်အတိုင်းပင် ဖြစ်သည်။

ဝင်းသောင်းကမူ ထိုသို့မဟုတ်။ ယခင်ကထက် သောက်စား ပိုများလာကာ အလောင်းကစားလည်း ပိုများလာခဲ့သည်။ ထို့အပြင် အပေါင်းအသင်းလည်း ပိုမို များပြားလာခဲ့သည်။ ဝင်းသောင်းထံမှ ရေငန်ပိုင်ဦးရှင်ကြီးနှင့် ပတ်သက်၍ အခွင့်အလမ်းများ ရယူလိုသဖြင့် ဝင်းသောင်းကို အလိုလိုက်အကြိုက်ပေး၍ ပေါင်းသင်းခဲ့ကြသည်။ ထို့ကြောင့် ဝင်းသောင်းမှာ အပျော်အပါးအသောက်အစား နှင့် လောင်းကစားအတွက် ငွေကြေးပင်မလိုတော့။ ဝင်းသောင်းအတွက် ဒကာခံချင်သူတွေက အလုအယက်ပင် ဖြစ်လာနေသည်။ ဝင်းသောင်းကြိုက်နှစ်သက်သည့် မိန်းကလေးကိုပင် ပြောဆိုပေးမည့်သူများ ရှိလာခဲ့သည်။

ဝင်းသောင်းမှာ တစ်ရွာလုံးတွင် မလေးငယ်တစ်ယောက်ကိုသာ မျက်စိကျနေသဖြင့် ဝင်းသောင်း၏အကျိုးဆောင်ပေးလိုသူများမှာ အခက်ဖြစ်နေကြရတော့သည်။ မလေးငယ်မှာ သူကြီးသမီးတစ်ယောက်ဖြစ်နေသည့်အပြင် ထက်မြက်သူမိန်းကလေးတစ်ယောက်လည်း ဖြစ်သည်။ မလေးငယ်၏အနီးတွင် ထူးအောင်နှင့် သက်ပိုင်စိုးတို့လည်း ရှိနေကြသည်။ ထူးအောင်နှင့် သက်ပိုင်စိုးတို့ကို ဖြတ်ကျော်ရန်မှာလည်း လွယ်ကူလှသည်မဟုတ်။ ထို့ကြောင့် ဝင်းသောင်းနှင့် မလေးငယ်ကို နီးစပ်အောင်ပြုလုပ်ရန် အခက်အခဲဖြစ်နေခဲ့ကြလေတော့သည်။

ဤရက်အတွင်းတွင် ဦးဝေထွန်းမှာလည်း ဦးရွှေလေးအိမ်သို့ မကြာခဏ သွားရောက် လည်ပတ်နေခဲ့သည်။ ဦးဝေထွန်းမှာ ဝင်းသောင်းပြောခဲ့သည်များကို အကြွင်းမဲ့ယုံကြည်နေသူ ဖြစ်သည်။ ထို့ကြောင့် စဉ်းစားချင့်ချိန်ပြောဆိုနေကြသော သူကြီးဦးလှကျော်၊ ထူးအောင်နှင့် သက်ပိုင်စိုးတို့နှင့်ပင် အငြ ့မခံတော့။ ဦးရွှေလေးထံမှ အခွင့်အရေးရရှိနိုင်ရေးအတွက် ဦးရွှေလေးနှင့်သာ တတွဲတွဲ ဖြစ်နေလေတော့သည်။

သူကြီးဦးလှကျော်နှင့် သက်ပိုင်စိုး၊ ထူးအောင်တို့မှာလည်း ဒီရက်ပိုင်းအတွင်း ခေါင်းချင်းဆိုင် တိုင်ပင်နေခဲ့ကြသည်မှာလည်း အကြိမ်ကြိမ်ပင်။

ထို့ကြောင့် ဦးရွှေလေးတို့ သားအဖနှစ်ယောက်၏ ဖြစ်စဉ်

www.burmeseclassic.com

www.burmeseclassic.com


များနှင့်ပတ်သက်၍ သမ္မတပင်ရွာကလေးမှာ တိုးတိုးတိတ်တိတ်နှင့် လှုပ်လှုပ်ရှားရှား ဖြစ်နေခဲ့လေတော့သည်။

ထိုသို့ ဦးရွှေလေးတို့အကြောင်းကို တစ်ရွာလုံးစိတ်ဝင်စားနေကြချိန်တွင် မလေးငယ်က ထူးအောင်နှင့်သက်ပိုင်စိုးတို့ကို ပြောစရာရှိ၍ ဟုဆိုကာ တစ်ပြိုင်တည်းချိန်းဆိုခဲ့သည်။ ရွာထိပ်ရှိ ဘိန်းစားငထွန်းနေသော ဇရပ်ကြီးတွင် ချိန်းဆိုလိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် ထူးအောင်နှင့် သက်ပိုင်စိုးတို့ ဇရပ်သို့ ရောက်ရှိလာခဲ့ကြသည်။ သူတို့ကိုမြင်လိုက်သည်နှင့် ဘိန်းစားငထွန်းက ဆီးကြိုပြောဆိုလိုက်သည်

"ဟား - ငါ့စံအိမ်တော်ကိုလာကြတာ ဘယ်သူတွေများလဲမှတ်တယ်၊ ထူးအောင်နဲ့ သက်ပိုင်စိုးတို့ပါလား။ ဧည့်သည်လာတယ်ဆိုတော့ အိမ်ရှင်က ခရီးဦးကြိုပြုရတော့မှာပေါ့ကွာ။ လာကြ လာကြ"

ထူးအောင်နှင့် သက်ပိုင်စိုးတို့ ဇရပ်ပေါ်သို့ တက်ထိုင်လိုက်ကြသည်။

ထို့နောက် ဘိန်းစားငထွန်းက -

"ဇရပ်ဆိုတဲ့နေရာဒေသဟာ အကြောင်းကိစ္စရှိမှ သွားကြလာကြတာ။ ဒါကြောင့် အခု မင်းတို့နှစ်ယောက်လာခဲ့ကြတာ အလည်လာခဲ့ကြတာတော့ မဖြစ်နိုင်ဘူး။ အကြောင်းကိစ္စတစ်ခုကြောင့် လာခဲ့ကြတာပဲဖြစ်မယ်"

ထို့ကြောင့် ထူးအောင်က ပြောလိုက်သည်။

"ဟုတ်ပါတယ် ကိုကြီးထွန်း"

ဘိန်းစားငထွန်းမှာ ထူးအောင်နှင့် သက်ပိုင်စိုးတို့ထက်များစွာ အသက်ကြီးနေသဖြင့် ထူးအောင်နှင့် သက်ပိုင်စိုးတို့က ကိုကြီးထွန်းဟု ခေါ်ကြသည်။ ထို့အပြင် ထူးအောင်နှင့် သက်ပိုင်စိုးတို့မှာ သမ္မတပင်ရွာတွင် ဘိန်းစားငထွန်း၏အရင်းနှီးဆုံး အပေါင်းအသင်းများပင် ဖြစ်သည်။ ဘိန်းစားငထွန်းကို တလေးတစားဆက်ဆံသူတွေမှာလည်း တစ်ရွာလုံးတွင် သက်ပိုင်စိုးနှင့် ထူးအောင် နှစ်ယောက်တည်းသာ ရှိသည်။

ဘိန်းစားငထွန်း ဒီဇရပ်ကိုရောက်လာခဲ့သည်မှာလည်း ကြာလှသေးသည်မဟုတ်။ ဦးရွှေလေးတို့သားအဖ ဒီရွာကိုပြောင်းမလာ


www.burmeseclassic.com

www.burmeseclassic.com



မီ တစ်လအလိုခန့်ကမှ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။ ဘိန်းစားငထွန်းမှာ ရွာထိပ်ဇရပ်တွင်နေထိုင်ကာ ထင်းခွဲ၊ ရေခပ် စသည်ဖြင့် ခိုင်းတာလုပ်ပြီး ရလာသည့်ငွေကြေးကို ဘိန်းဝယ်စားကာ ဇရပ်တွင် မှိန်းနေလေတော့သည်။ ဘိန်းစားငထွန်းမှာ ဘိန်းစားတစ်ယောက်ဖြစ်သော်လည်း အလုပ်လုပ်ရာတွင် လေးပင်ခြင်းမရှိ။သွက်လက်ပေါ့ပါးသဖြင့် အလုပ်ရှိလျှင် ငထွန်းကိုပင် ခေါ်ခိုင်းကြသည်။ သို့သော် ငထွန်းမှာ အခိုင်းခံဘိန်းစားတစ်ယောက်သာ ဖြစ်နေ၍ ခိုင်းရုံမျှသာခိုင်းကာ ဘယ်သူကမှ အရေးတယူမပြုခဲ့ကြ။

ဘယ်သူကမှ အရေးတယူမပြုကြသော်လည်း ငထွန်းက ဂရုမစိုက်။ ဘိန်းဖိုးရလျှင် ကျေနပ်နေသူ ဖြစ်သည်။ ဘိန်းစားငထွန်းမှာ ဘိန်းစားတစ်ယောက် ဖြစ်နေသော်လည်း စကားပြောလျှင် ဒဿနဆန်သောစကားများ၊ အတွေးအခေါ်ပါသော စကားများကိုသာ ပြောဆိုလေ့ရှိသဖြင့် သမ္မတပင်ရွာတွင် စကားကြီးစကားကျယ်ပြောသူများကို ဘိန်းစားငထွန်းဟု ခိုင်းနှိုင်းသုံးနှုန်းခေါ်လေ့ ရှိကြသည်။

ယခုလည်း ငထွန်းက ထူးအောင်တို့ကို တွေးခေါ်ပြောဆိုလိုက်သဖြင့် ထူးအောင်က 'ဟုတ်ပါတယ် အစ်ကိုကြီးထွန်း'ဟု ပြန်ပြောလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် ငထွန်းက ဆက်ပြောလိုက်ပြန်သည်။

"အေး - မင်းတို့က အကြောင်းကိစ္စတစ်ခုကြောင့် လာခဲ့ကြတယ်ဆိုတာ ဝန်ခံကြပြီဆိုရင် ဘာအကြောင်းကိစ္စလဲဆိုတာ ဆက်စဉ်းစားရမယ်"

ငထွန်းက စကားစကိုဖြတ်ကာ မျက်လုံးလေးမှေးစင်းကာ စဉ်းစားသလိုလုပ်နေသည်။ ထို့နောက် အဖြေရသွားဟန်နှင့် -

"မင်းတို့နှစ်ယောက်က အတူတူလာခဲ့ကြတယ်ဆိုတော့ အကြောင်းကိစ္စက မင်းတို့နှစ်ယောက်စလုံးနှင့် သက်ဆိုင်ရနေရမယ်။ နှစ်ယောက်စလုံးနဲ့ ပတ်သက်တဲ့ကိစ္စဆိုတော့ သူကြီးသမီးမလေးငယ်နဲ့ပဲ ပတ်သက်နေလိမ့်မယ်"

ငထွန်းမှာ ထူးအောင်၊ သက်ပိုင်စိုးနှင့် မလေးငယ်တို့၏ အကြောင်းကို သိထားသူဖြစ်သဖြင့် ထိုသို့ပြောလိုက်ခြင်း ဖြစ်သည်။ ထူးအောင်နှင့် သက်ပိုင်စိုးတို့ကမူ ငထွန်း၏ဆက်စပ်ပြောဆိုနေ



www.burmeseclassic.com

www.burmeseclassic.com


သည်မှာ မှန်ကန်နေသဖြင့် သဘောကျနေခဲ့ကြသည်။

ထို့နောက် ငထွန်းက ဆက်လက် ပြောလိုက်ပြန်သည်။

"မလေးငယ်နဲ့ ပတ်သက်တဲ့ကိစ္စဆိုရင် ဘယ်လိုကိစ္စဖြစ်နိုင်မလဲ၊ ဘယ်လိုကိစ္စဖြစ်နိုင်မလဲ။ မင်းတို့နှစ်ယောက်စလုံး သူကြီးအိမ်ကို အချိန်မရွေး ဝင်နိုင်ထွက်နိုင်တဲ့ အခွင့်အရေးတွေရှိနေရဲ့သားနဲ့ ဒီဇရပ်ကို မလေးငယ်ကိစ္စနဲ့ ပတ်သက်ပြီး လာခဲ့ကြတယ်ဆိုတော့ မလေးငယ်က မင်းတို့နှစ်ယောက်ကို ပြောစရာကိစ္စရှိလို့ ချိန်းလိုက်တာဖြစ်မယ်"

ထူးအောင်နှင့် သက်ပိုင်စိုးတို့မှာ ဘိန်းစားငထွန်းကို တော်တော် သဘောကျနေကြပြီ ဖြစ်သည်။ ငထွန်းကတော့ ထူးအောင်တို့ကို ဂရုမစိုက်ဘဲ ဆက်လက် ပြောဆိုနေပြန်သည်။

"မလေးငယ်က သူ့အိမ်မှာမပြောချင်လို့ ဒီဇရပ်ကိုချိန်းလိုက်တာဖြစ်မယ်။ တစ်နည်းအားဖြင့် လူမသိစေချင်တဲ့ကိစ္စကို ပြောချင်လို့ဖြစ်မယ်။ လူမသိစေချင်တဲ့ကိစ္စဆိုတော့ ကိုယ်ရေးကိုယ်တာကိစ္စပဲဖြစ်မယ်။ ဒါကြောင့် မလေးငယ်က မင်းတို့ကို ဒီဇရပ်ကိုချိန်းပြီး မင်းတို့သုံးယောက်စလုံးနဲ့ဆိုင်တဲ့ ကိစ္စကို ပြောမှာသေချာတယ်"

ထို့ကြောင့် သက်ပိုင်စိုးက ငထွန်းကို ပြောလိုက်သည်။

"အစ်ကိုကြီးထွန်းပြောတာ ဟုတ်ပါတယ်။ ဒါပေမယ့် လေးငယ်က ဘာပြောမယ်ဆိုတာတော့ ကျွန်တော်တို့လည်းမသိသေးပါဘူး။ ဒါကြောင့် ကိုကြီးထွန်းကို တောင်းပန်ပါရစေ"

ဤတွင် ဘိန်းစားငထွန်းက ပြောလိုက်သည်။

"တောင်းပန်စရာမလိုပါဘူးကွာ။ ငါရှောင်ပေးပါ့မယ်"

ငထွန်းက ထူးအောင်တို့ပြောမည့်စကားကို ကြိုတင်ပြောလိုက်သဖြင့် ထူးအောင်နှင့် သက်ပိုင်စိုးတို့ သဘောကျသွားခဲ့ကြပြန်သည်။ ထို့နောက် ငထွန်းက နေရာမှထလိုက်ပြီး ပြောလိုက်ပြန်သည်။

"အင်း - လောကမှာ သူများအကျိုးဆောင်ရင် ကိုယ့်ပုဆိုးပေါင်ရမယ်တဲ့။ ငါလိုကောင်ကတော့ ပေါင်စရာပုဆိုးလည်း မရှိတော့ ပြဿနာမရှိနိုင်ပါဘူး။ ကဲ - ဟိုမှာမိန်းကလေးတွေလာနေကြပြီ။ ငါသွားတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ငထွန်းကပြောပြောဆိုဆိုနှင့် ဇရပ်ပေါ်မှ ဆင်းသွားကာ ဇရပ်နောက်ရှိ တောအုပ်ထဲသို့ ဝင်သွားခဲ့သည်။ ထူးအောင်တို့မှာ ငထွန်းပြောသဖြင့် လှမ်းကြည့်လိုက်ကြရာ သူတို့ဆီသို့ မိန်းကလေး သုံးယောက်လျှောက်လာနေကြသည်ကို တွေ့မြင်လိုက်ကြရသည်။ ထို့ကြောင့် ထူးအောင်က ပြောလိုက်သည်။

"လေးငယ်နဲ့အတူတူ ခင်နှင်းလှိုင်နဲ့ ဝင်းပတို့လည်း ပါလာကြတာပဲ"

"အဖော်ခေါ်တာဖြစ်မှာပေါ့"

သက်ပိုင်စိုးက ပြောလိုက်ခြင်း ဖြစ်သည်။

ထိုစဉ် မလေးငယ်တို့ ဇရပ်ပေါ်သို့ တက်လာခဲ့ကြပြီး မလေးငယ်က ထူးအောင်တို့ကို မေးလိုက်သည်။

"နင်တို့ရောက်နေတာကြာပြီလား"

"စောစောလေးကတင်ရောက်တာ"

"ဖိုးဘိန်းစားကြီးကော"

"ကိုကြီးထွန်းကို ငါတို့ပဲ,ထုတ်လိုက်ပြီ"

ဤတွင် ဝင်းပက ပြောလိုက်သည်။

"ကဲ - နင်တို့ပြောစရာရှိတာပြောကြ။ ငါနဲ့ ခင်နှင်း ခရေပန်းတွေ လိုက်ကောက်လိုက်ဦးမယ်"

ဇရပ်ပတ်ဝန်းကျင်တွင် ခရေပင်ကြီးများရှိနေသဖြင့် ဝင်းပကပြောလိုက်ခြင်း ဖြစ်သည်။

ဝင်းပနှင့် ခင်နှင်းလှိုင်တို့ သွားကြသောအခါ ထူးအောင်က မလေးငယ်ကို မေးလိုက်သည်။

"နင် ငါတို့ကို ဘာပြောမလို့ခေါ်တာလဲ"

"ပြောစရာရှိလို့ပေါ့ဟ"

"ပြောစရာရှိလည်း ပြောလေဟာ"

"ငါပြောမယ့်စကားက အရေးကြီးတယ်ဟ။ တို့သုံးယောက်စလုံးရဲ့ဘဝနဲ့ ပတ်သက်နေတယ်"

မလေးငယ်က ထိုသို့ပြောလိုက်သဖြင့် ထူးအောင်နှင့် သက်ပိုင်စိုးတို့မှာ ဘိန်းစားထွန်းပြောခဲ့သောစကားကို သတိရသွားပြီး တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ပြုံးလိုက်ကြသည်။

ဤသည်ကို မလေးငယ်က သူတို့လှောင်ပြောင်နေသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



တွေးထင်မိလိုက်သဖြင့် မကျေမနပ်ပြန်မေးလိုက်သည်။

"နင်တို့က ဘာရယ်တာလဲ။ ငါပြောတဲ့ထဲမှာ ရယ်စရာပါနေလို့လား"

ထို့ကြောင့် ထူးအောင်တို့က ဘိန်းစားဗေထွန်းပြောသည်များကို ပြန်ပြောပြလိုက်မှ မလေးငယ် ကျေနပ်သွားတော့သည်။

ထို့နောက် မလေးငယ်က မေးလိုက်ပြန်သည်။

"နင်တို့နှစ်ယောက်စလုံးကို ငါအတည်မေးမယ်နော်"

"မေးလေဟာ၊ မေးမယ်မေးမယ်နဲ့ အခုထိ ဘာမှလဲမပြောသေးဘူး"

"ဟုတ်သားပဲ၊ နင်ကလည်း မေးမယ့်ဟာမေးတာမဟုတ်ဘူး"

သက်ပိုင်စိုးနှင့် ထူးအောင်တို့က စိတ်မရှည်သလို ပြောလိုက်ကြသဖြင့် မလေးငယ်က -

"နင်တို့နှစ်ယောက်စလုံး ငါ့ဆီက အဖြေတောင်းထားကြတယ်နော်"

မမျှော်လင့်သော စကားကို ကြားလိုက်ရသဖြင့် ထူးအောင်နှင့် သက်ပိုင်စိုးတို့ စိတ်ဝင်စားသွားခဲ့ကြပြီ ဖြစ်သည်။ ထို့ကြောင့် တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ဤတွင် မလေးငယ်က ပြောလိုက်ပြန်သည်။

"နင်တို့နှစ်ယောက်စလုံး ငါ့ကို အမှန်တကယ် ချစ်ကြတယ်ဆိုတာကိုတော့ ငါ အကြွင်းမဲ့ယုံကြည်ပါတယ်။ ဒါပေမယ့် အချစ်ဆိုတာ ခွဲတမ်းချပြီး မျှဝေခံစားလို့ ဘယ်လိုမှမဖြစ်နိုင်ဘူး။ ဒါကြောင့် နင်တို့နှစ်ယောက်ကို ငါ့အနေနဲ့ တစ်ပြိုင်တည်း ပြန်ချစ်ဖို့ဆိုတာလည်း ဘယ်လိုမှမဖြစ်နိုင်ဘူး။ ဒါကြောင့် နင်တို့နှစ်ယောက်ထဲက တစ်ယောက်ကိုပဲ ငါချစ်နိုင်မယ်"

ထူးအောင်နှင့် သက်ပိုင်စိုးတို့ ဘာစကားမှမပြောနိုင်ကြတော့ပေ။ သူတို့နှစ်ယောက်ထဲက တစ်ယောက်ကိုပဲ ချစ်နိုင်မယ်ဟုဆိုလာသဖြင့် ရင်ခုန်နေကြရပြီ ဖြစ်သည်။ မလေးငယ်က ဘယ်သူ့ကိုချစ်မှာလဲ။ သက်ပိုင်စိုးကိုလား၊ ထူးအောင်ကိုလား။ ဘယ်သူ့ကိုချစ်မယ်မှန်း မသိသေးတော့ သက်ပိုင်စိုးရော ထူးအောင်ပါ ရင်ခုန်နေခဲ့ရပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် မလေးငယ်က ရင်ဘတ်ထဲတွင် ထည့်ယူလာသော လက်ကိုင်ပဝါလေးနှစ်ထည်ကို ထုတ်ပြလိုက်သည်။ လက်ကိုင်ပဝါလေးတစ်ထည်မှာ စုတ်ပြဲဟောင်းနွမ်းနေသည်။

ထို့နောက် မလေးငယ်က သက်ပိုင်စိုးကို ပြောလိုက်သည်။

"နင်ကြိုက်တဲ့ လက်ကိုင်ပဝါတစ်ထည်ကို ယူလိုက်ပါ သက်ပိုင်စိုး"

မလေးငယ် ဘာရည်ရွယ်ချက်နဲ့ လက်ကိုင်ပဝါတစ်ထည်ကို ရွေးခိုင်းနေသည်မသိသော်လည်း မချစ်ဘူး၊ ချစ်တယ် ဟူသော အဖြေနှင့် ဆက်နွယ်ပတ်သက်နေမည်ကိုတော့ ခန့်မှန်းသိရှိနေခဲ့သည်။ လက်ကိုင်ပဝါလေးနှစ်ထည်မှာ တစ်ထည်က အကောင်းအသစ်၊ နောက်တစ်ထည်က အဟောင်းအညစ်။ ယူရင်းယူ အကောင်းအသစ်ကိုသာယူမည် ဖြစ်သည်။ သို့သော် အကောင်းအသစ်နှင့် အဟောင်းအညစ် လက်ကိုင်ပဝါနှစ်ထည်ပေါ်တွင် လေးငယ်၏ မချစ်ဘူး၊ ချစ်တယ် ဟူသောအဖြေက မည်သို့သတ်မှတ်ထားသည် မသိ။ အကယ်၍ အရွေးမှားသွားခဲ့လျှင် ဒုက္ခ။ ဒီတော့ သက်ပိုင်စိုး မရွေးရဲ။ လက်ကိုင်ပဝါလေးနှစ်ထည်ကိုငေး၍သာကြည့်နေခဲ့သည်။

ထို့ကြောင့် မလေးငယ်က ပြောလိုက်သည်။

"ကဲ - သက်ပိုင်စိုးက ဘယ်လက်ကိုင်ပဝါကို ယူရမှန်းမသိဘူးဖြစ်နေတယ်။ ဒီတော့ ထူးအောင် နင်ကြိုက်တဲ့တစ်ထည် ယူလိုက်ပါ"

ထူးအောင်ကလည်း မယူရဲ။ မတော်လို့ အရွေးမှားသွားခဲ့ရင် ဒုက္ခ။ ဒီကော့ ထူးအောင်ကလည်း ဘယ်ရွေးယူရဲပါ့မလဲ။ ဒါပေမယ့် ထူးအောင်က လူလည်လူပါး။

"ငါရွေးမယူချင်ဘူးဟာ၊ နင်ကြိုက်ရင်ငါကြိုက်တာပါပဲ။ နင်ကြိုက်တာ,တာပေး၊ ငါယူမယ်"

ထူးအောင်က လိမ္မာပါးနပ်စွာ ပြောဆိုလိုက်သဖြင့် မလေးငယ်က ထူးအောင်ကို သဘောကျစွာပြောဆိုလိုက်သည်။

"ထူးအောင်၊ နင်တော်တော်လူလည်ကျတာပဲ။ နင်လည်း ဘယ်လက်ကိုင်ပဝါကို ရွေးရမှန်းမသိဘူးဖြစ်နေလို့ မဟုတ်လား"

ထူးအောင်က ဘာမှပြန်မပြော။ ထို့ကြောင့် မလေးငယ်က

www.burmeseclassic.com

www.burmeseclassic.com


ဆက်ပြောလိုက်ပြန်တော့သည်။

"နင်တို့ အရွေးမှားမှာကြောက်နေကြတာ ငါသိပါတယ်ဟာ။ ကဲပါ- ဒီလက်ကိုင်ပဝါရွေးချယ်မှုဟာ ငါပေးမယ့်အဖြေနဲ့ မပတ်သက်ပါဘူး။ ကဲ - နင်တို့စိတ်ထဲရှိတဲ့အတိုင်းပြော။ ဒီလက်ကိုင်ပဝါနှစ်ခုထဲက တစ်ခုကိုယူဆိုရင် နင်တို့ ဘယ်ဟာကိုယူမလဲ။ ကောင်းတဲ့လက်ကိုင်ပဝါကိုပဲ ယူကြမှာမဟုတ်လား"

သက်ပိုင်စိုးနှင့် ထူးအောင်တို့ ပြိုင်တူ ခေါင်းညိတ်လိုက်ကြသည်။

ထို့ကြောင့် မလေးငယ်က ဆက်ပြောလိုက်ပြန်သည်။

"အဲဒါ အမှန်တရားပဲဟ။ လူဆိုတာ ရွေးချယ်ခွင့်ရှိရင် ကောင်းတာကိုပဲ ရွေးမှာပဲ။ သာတာကိုပဲ ရွေးမှာပဲ။ မကောင်းတာ၊ ညံ့တာကိုတော့ ဘယ်ယူချင်ပါ့မလဲ။ ဒီတော့ ငါလည်းပဲ သာတာကိုပဲ လိုချင်တယ်။ သာတာကိုပဲရွေးချယ်မယ်။ ဒါကြောင့် နင်တို့နှစ်ယောက်ထဲက သာတဲ့သူကိုပဲ ရွေးချင်တယ်။ ဒါကြောင့် နင်တို့နှစ်ယောက်ထဲက သာတဲ့လူကိုပဲ ငါ့ချစ်သူအဖြစ် ရွေးချယ်ချင်တယ်"

သက်ပိုင်စိုးနှင့်ထူးအောင်တို့ ရင်ခုန်ကြရပြန်ပါပြီ။ ဆရာရှေ့တွင် မတ်တတ်ရပ်နေရသော ကျောင်းသားလေးတွေလို ရင်တွေတဒိတ်ဒိတ်ခုန်နေခဲ့ကြတော့သည်။

ထို့နောက် မလေးငယ်က မေးလိုက်ပြန်သည်။

"သက်ပိုင်စိုး နင် ငါ့ကိုတကယ်ချစ်လား"

"မေးစရာလိုသေးလို့လားဟာ"

"မေးစရာလိုလို့ မေးတာပေါ့။ ငါမေးတာကိုသာဖြေပါ။ နင် ငါ့ကို တကယ်ချစ်လား"

"ချစ်တာပေါ့ဟ"

"ဘာဖြစ်လို့ချစ်တာလဲ"

"အချစ်ဆိုတာကို ပြီးပြည့်စုံအောင်၊ အဓိပ္ပာယ်ပြည့်စုံအောင် ရေးဖွဲ့နိုင်တဲ့စကားလုံး လောကမှာမရှိသေးဘူးလို့ ပညာရှင်တွေက ပြောကြတယ်။ ဒါကြောင့် နင့်ကို ငါဘာဖြစ်လို့ ချစ်တာလဲဆိုတာကိုလည်း အဓိပ္ပာယ်ပြည့်စုံအောင် ရေးဖွဲ့


www.burmeseclassic.com

www.burmeseclassic.com


ပြောပြနိုင်တဲ့ စကားလုံးမရှိလို့ ငါမပြောတတ်ဘူးလေးငယ်။ အေး- ဒါပေမယ့် ငါပြောတတ်တာ တစ်ခုတော့ရှိတယ်။ နင့်ကို ငါဘာဖြစ်လို့ချစ်တာလဲဆိုရင် ငါကိုယ်တိုင်က နင့်ကို ချစ်နေလို့ပဲ။ ငါ နင့်ကို တကယ်ချစ်တာပါ လေးငယ်ရယ်"

"ငါယုံကြည်ပါတယ် သက်ပိုင်စိုး"

ထို့နောက် လေးငယ်က ထူးအောင်ကို မေးလိုက်ပြ ည်။

"နင်ကကော ငါ့ကိုဘာဖြစ်လို့ချစ်တာလဲ"

"အချစ်ဆိုတာ နှလုံးသားကနေ ပေါက်ဖွားကြီး ြ းလာရတာပါ။ ဒါကြောင့် အချစ်ဆိုတာ နှလုံးသားမှာပဲ ရှိတယ်။ နှလုံးသားမှာပဲ သန္ဓေတည်တယ်။ နှလုံးသားက လက်ခံနိုင်တဲ့ အရာမှန်သမျှဟာ အချစ်တွေပဲ။ နှလုံးသားက လက်မခံနိုင်ရင် အချစ်မဟုတ်တော့ဘူး။ နင့်ကို ဘာဖြစ်လို့ချစ်တာလဲဆိုရင် ငါ့နှလုံးသားက နင့်ကိုလက်ခံလို့ နင့်ကိုငါချစ်တာ။ ငါ့နှလုံးသားက နင့်ကိုလက်မခံရင် နင့်ကိုငါချစ်မိမှာ မဟုတ်ဘူး"

ထို့နောက် မလေးငယ်က ပြောလိုက်သည်။

"နင်တို့နှစ်ယောက်စလုံးရဲ့အဖြေက သဘာဝကျပါတယ်။ ဒီတော့ ငါပြောမယ်။ နင်တို့ သေသေချာချာနားထောင်ကြနော်။ လူဆိုတာ ကောင်းတာကိုပဲ ရွေးချင်တယ်။ သာတာကိုပဲလိုချင်တယ်။ ဒါကြောင့် နင်တို့နှစ်ယောက်ထဲက သာတဲ့လူကိုပဲ ငါ့ချစ်သူအဖြစ် ရွေးချယ်ချင်တယ်။ နင်တို့နှစ်ယောက်ထဲက သာတဲ့လူကို ငါ့နှလုံးသားကလက်ခံလိမ့်မယ်။ လောလောဆယ်တော့ နင်တို့နှစ်ယောက် ဘယ်သူသာတယ်ဆိုတာ ဆုံးဖြတ်ဖို့မလွယ်ဘူးဖြစ်နေတယ်။ ဒါကြောင့် နင်တို့နှစ်ယောက် ပြိုင်ပွဲတစ်ခုကိုပြိုင်ရမယ်။ နိုင်တဲ့လူ ငါ့ချစ်သူဖြစ်မယ်။ ဘယ့်နှယ်လဲ၊ သဘောတူကြလား"

"ဘာပြိုင်ပွဲလဲ"

"ဘယ်လိုပြိုင်ပွဲလဲ"

ထူးအောင်နှင့် သက်ပိုင်စိုးတို့က ပြန်မေးလိုက်ကြသည်။

ထို့ကြောင့် မလေးင ယ်က ပြန်ပြောလိုက်သည်။

"လောလောဆယ် တို့ရွာထဲမှာ ရေပန်းစားနေတဲ့သတင်း



www.burmeseclassic.com

www.burmeseclassic.com


တစ်ခုရှိတယ်။ 'နင်တို့လည်း သိပြီးပါပြီ"

"ဘာသတင်းလဲ၊ တို့ကဘာတွေသိပြီးနေလို့လဲ"

"ခြိုးရွှေလေးတို့သားအဖ သတင်းလေ။ နင်တို့သိပြီးသား ပဲ"

မလေးငယ်က မဆီမဆိုင် ဦးရွှေလေးတို့သတင်းအကြောင်းကို ပြောနေသဖြင့် ထူးအောင်က ပြန်ပြောလိုက်သည်။

"အဲဒီသတင်းနဲ့ ငါတို့ပြိုင်ပွဲနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တယ်၊ သိပ်ကိုဆိုင်တယ်။ အဲဒီသတင်းထဲမှာ ဦးရွှေလေးတို့သားအဖဟာ မသေဆေးသောက်ထားကြတဲ့ အကြောင်းပါတယ်"

ထို့ကြောင့် သက်ပိုင်စိုးက ပြောလိုက်ပြန်သည်။

"ရှင်းရှင်းပြောစမ်းပါဟာ။ နင့်ဟာက လိုရင်းကိုမရောက်နိုင်ဘူး"

ဤတွင် မလေးငယ်က ပြောလိုက်သည်။

"ရှင်းရှင်းပြောရမယ်ဆိုရင် အဲဒီမသေဆေးကို ငါလိုချင်တယ်။ အဲဒီမသေဆေးယူပေးနိုင်တဲ့သူဟာ ငါ့ချစ်သူပဲ"

မလေးငယ်၏စကားကြောင့် သက်ပိုင်စိုးနှင့် ထူးအောင်တို့ မျက်လုံးပြူးသွားခဲ့ကြရတော့သည်။ မလေးငယ်ကို နားမလည်နိုင်သလို ကြည့်နေမိခဲ့ကြသည်။

ထို့နောက် မလေးငယ်က ပြောလိုက်ပြန်သည်။

"ငါ အခုပြောနေတာတွေဟာ အတည်ပြောနေတာနော်။ နောက်နေတာမဟုတ်ဘူး။ ငါ့ဆီကို မသေဆေးယူပေးနိုင်သူ ငါ့ချစ်သူဖြစ်မှာပဲ။ အေး- နှစ်ယောက်စလုံး ယူမပေးနိုင်ဘူးဆိုရင်လည်း နှစ်ယောက်စလုံး ငါ့ချစ်သူမဖြစ်နိုင်တော့ဘူး။ နှစ်ယောက်စလုံးက ယူပေးနိုင်တယ်ဆိုရင်လည်း အရင်ယူပေးနိုင်သူ ငါ့ချစ်သူပဲ။ ကဲ - ငါသွားမယ်"

မလေးငယ်က သက်ပိုင်စိုးနှင့် ထူးအောင်တို့၏ ပြန်လည်ပြောဆိုမှုကိုပင် မစောင့်တော့ဘဲ ခင်နှင်းလှိုင်နှင့် ဝင်းပတို့ကိုခေါ်ကာ ဇရပ်မှ ပြန်လည် ထွက်သွားခဲ့လေတော့သည်။

ထူးအောင်နှင့်သက်ပိုင်စိုးတို့မှာ မလေးငယ်၏ ကျောပြင်ကို ကြည့်ကာ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်ကြလေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

ဘိန်းစားစကား အလကားမမှတ်နဲ့

"ယောက်ျားဆိုတာ အချစ်နဲ့ပတ်သက်လာရင် မြင်းမိုရ်တောင်ကို ရွှေ့ပေးရမလား၊ မုဝံကြယ်ကိုခူးပေးရမလား လုပ်နိုင်ကြသေးတာပဲကွာ။ ဒီမသေဆေးလေးယူပေးဖို့လောက်နဲ့တော့ ဒီလောက် စိတ်ပျက်စရာမလိုပါဘူး"

စိတ်ပျက်လက်ပျက်ထိုင်နေကြသော ထူးအောင်နှင့်သက်ပိုင်စိုးတို့ လှမ်းကြည့်လိုက်ကြသည်။ ဘိန်းစားငထွန်းက စကားတပြောပြောနဲ့ ဇရပ်ပေါ်သို့တက်လာပြီး သူနေရာလေးတွင် လှဲအိပ်လိုက်သည်။ ငထွန်းမှာ မလေးငယ်ပြောဆိုခဲ့သည်ကို အကုန်လုံးကြားသိခဲ့ပြီးဖြစ်သဖြင့် ထူးအောင်တို့ကို ပြောလိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် ထူးအောင်က ပြန်ပြောလိုက်သည်။

"ဖြစ်နိုင်တဲ့ကိစ္စဆိုရင်တော့ မဖြစ်ဖြစ်အောင် ကြိုးစားလို့ရနိုင်တာပေါ့ ကိုကြီးထွန်းရာ။ အခုတော့ လေးငယ်က ပုလင်းထဲကို ကျောက်ပျဉ်သွင်းခိုင်းသလို မဖြစ်နိုင်တာကို ခိုင်းနေတာ"

ဤတွင် သက်ပိုင်စိုးက တွေးတွေးဆဆပြောလိုက်သည်။

"မသေဆေးရှာပေးနိုင်သူ သူချစ်သူလို့ပြောတာဟာ လေးငယ်က ကျွန်တော်တို့ကို မချစ်နိုင်ဘူးလို့ အဖြေပေးလိုက်တာနဲ့ အတူတူပဲ။ ကျွန်တော်တို့နှစ်ယောက်ကို သူလက်မခံနိုင်လို့ တမင်သက်သက်မဖြစ်နိုင်တာကို လုပ်ခိုင်းခဲ့တာဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ငထွန်းက ပြောလိုက်သည်။

"ဟောဒီ သမ္မုတပင်တစ်ရွာလုံးမှာ ငါအထင်အကြီးဆုံး လူနှစ်ယောက်ရှိတယ်။ အဲဒီလူနှစ်ယောက်ဆိုတာ မင်းတို့နှစ်ယောက်ပဲ။ ဘာဖြစ်လို့ မင်းတို့နှစ်ယောက်ကို အထင်ကြီးရတာလဲဆိုတော့ မင်းတို့နှစ်ယောက်က သူများတွေနဲ့မတူလို့။ ဘာတွေမတူလဲဆိုတော့ တစ်ရွာလုံးမှာ ခေတ်ပညာတတ်ဆိုလို့ မင်းတို့နှစ်ယောက်ပဲရှိတယ်။ နောက်ပြီး တစ်ရွာလုံးမှာ တွေးခေါ်မြော်မြင်နိုင်တာလည်း မင်းတို့နှစ်ယောက်ပဲ။ သူကြီးဦးလှကျော်တောင် မင်းတို့လောက် တွေးခေါ်မြော်မြင်မှုမရှိဘူး။ ဒါပေမယ့် အခုတော့ မင်းတို့နှစ်ယောက်ကို ငါအထင်မကြီးတော့ဘူး"

"ဘာဖြစ်လို့လဲ ကိုကြီးထွန်းရာ"

သက်ပိုင်စိုးက မေးလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ငထွန်းက ပြန်ပြောလိုက်သည်။

"ဘာဖြစ်ရမှာလဲကွ။ လူတွေဟာ ဖြစ်နေတဲ့အခက်အခဲကို ရှုန်းကန်ဖို့မကြိုးကြဘူး။ ကုန်းခံဖို့ပဲစိတ်ကူးတယ်။ မင်းတို့လည်း ဘာထူးလဲ။ ဒီလိုပဲကုန်းခံဖို့စိတ်ကူးနေတာ ဘာအထင်ကြီးစရာရှိလို့လဲ"

ထို့ကြောင့် ထူးအောင်က ပြောလိုက်သည်။

"ပုလင်းထဲကို ကျောက်ပျဉ်သွင်းခိုင်းတဲ့ကိစ္စကို ကျွန်တော်တို့က ကုန်းမခံလို့ ဘယ်လိုလုပ်ရုန်းကန်လို့ ဖြစ်နိုင်မှာလဲ"

"အဲဒါကြောင့် မင်းတို့ကို အထင်မကြီးတော့ဘူးလို့ ပြောတာပေါ့။ လိုလျှင်ကြံဆနည်းလမ်းရ ဆိုတဲ့စကား ရှိသေးတာပဲကွာ"

"ပုလင်းထဲကို ကျောက်ပျဉ်သွင်းဖို့ ကိုကြီးထွန်း ဘယ်လိုကြံမလဲ"

"ဟ - လွယ်လွယ်လေးကိုများကွာ။ ကျောက်ပျဉ်ကိုရိုက်ခွဲ ထုခြေ၊ အမှုန့်ဖြစ်အောင်လုပ်ပြီး ပုလင်းထဲထည့်လိုက်ပေါ့ကွ။ မဖြစ်နိုင်တာကို ဖြစ်အောင်လုပ်ရမယ်ဆိုရင်တော့ ဖြစ်တဲ့နည်းနဲ့လုပ်ရမှာပဲ"

ထို့ကြောင့် ထူးအောင်က သဘောကျစွာပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ - ကိုကြီးထွန်း တော်လိုက်တာဗျာ။ ဒါဆိုရင် မသေဆေးကို ရနိုင်ဖို့နည်းလမ်းလေးလည်း စဉ်းစားပေးပါဦး"

"ဟုတ်ပါတယ် ကိုကြီးထွန်းရာ၊ မသေဆေးရနိုင်မယ့် နည်းလမ်းလေးဘာလေးလည်း ကျွန်တော်တို့ကို စဉ်းစားပေးပါဦးဗျာ"

သက်ပိုင်စိုးကလည်း အားတက်သရော အကူအညီတောင်းလိုက်ပြန်သည်။

"ဒါလည်း ခက်ခဲတဲ့အလုပ် မဟုတ်ပါဘူးကွာ။ ငါတို့ရဲ့ ဂေါတမမြတ်စွာဘုရားက မသေဆေးဖော်စပ်ပုံဖော်စပ်နည်းတွေကို သေသေချာချာ ဟောမြွက်ခဲ့တာပဲ။ ဘုရားဟောဒေသနာတော်တွေမှာ ရှာကြည့်ပါကွာ"

ငထွန်းက ထိုသို့ပြောဆိုလိုက်သဖြင့် သက်ပိုင်စိုးနှင့် ထူးအောင်တို့က ငထွန်းကို စိတ်ပျက်စွာကြည့်လိုက်ကြသည်။ မြတ်စွာဘုရားရှင်က မသေဆေးဖော်စပ်ပုံ ဖော်စပ်နည်းများကို ဒေသနာတော်များတွင် ဟောပြောခဲ့ကြောင်းကို ကြားပင်မကြားဘူးခဲ့။ ငထွန်းဘိန်းမူးပြီး လျှောက်ပြောနေခြင်း ဖြစ်သည်ဟုလည်း တွေးထင်လိုက်သည်။ ဤသည်ကို ငထွန်းကလည်း ရိပ်စားသိရှိနေသဖြင့် ငထွန်းက ပြောပြန်သည်။

"ငါ့လို ဘိန်းစားတစ်ယောက်က ဘုရားအကြောင်း တရားအကြောင်းတွေပြောနေတော့ အရူးပါးစပ်က နတ်စကားထွက်နေတယ်လို့ မင်းတို့ထင်နေကြမှာပဲ။ အရူးပါးစပ်က ဘာစကားပဲထွက်ထွက် အရူးပါးစပ်က ထွက်လာတဲ့စကားဟာ မှန်ကတတ်ပါတယ်ကွာ"

"ဒါပေမယ့် ကိုကြီးထွန်းရာ၊ မြတ်စွာဘုရားက မသေဆေးဖော်စပ်ပုံဖော်စပ်နည်းတွေကို ဒေသနာတော်တွေမှာ ပြောဟောခဲ့တယ်ဆိုတာ မကြားဖူးပါဘူးဗျာ"

သက်ပိုင်စိုးက ပြောလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် ထူးအောင်ကလည်း ပြောလိုက်ပြန်သည်။

"ဒါဆိုရင် မြတ်စွာဘုရားက မသေဆေးဖော်စပ်ပုံ ဖော်စပ်နည်းကို ဘယ်ဇာတ်တော်ဘယ်သုတ္တန်မှာ ဟောထားခဲ့လဲ"

ထို့ကြောင့် ဘိန်းစားငထွန်းက ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ကိုယ့်ဘာသာကိုယ်ရှာကြည့်ကြပေါ့ကွာ။ ဒီပြိုင်ပွဲမှာ မင်းတို့နှစ်ယောက်ထဲက တစ်ယောက်ကရှုံးမှဖြစ်မှာဆိုတော့ ငါကပြောလိုက်ရင် အရှုံးအနိုင် ဘယ်လိုလုပ်ဆုံးဖြတ်လို့ရတော့မှာလဲကွ။ ဒီတော့ ဘိန်းစားငထွန်းက ပြောလိုက်မယ်။ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် မသေဆေးဖော်စပ်ပုံဖော်စပ်နည်းတွေကို ဟောကြားတော်မူခဲ့တယ်။ ဒေသနာတော်တွေမှာရှာကြည့်၊ တွေ့ရင် မလေးငယ်ကိုပေးပေးနိုင်တဲ့လူ မလေးငယ်ရဲ့ချစ်သူဖြစ်၊ တွေ့အောင်မရှာနိုင်တဲ့လူကတော့ နှလုံးသားကိုတံခါးပိတ်ပြီး တိတ်တိတ်ကလေးငိုနေရလိမ့်မယ်။ ဘိန်းစားပြောတဲ့စကား အလကားမမှတ်နဲ့နော်။ ဘိန်းစားစကား အလကားမဟုတ်ဘူး။ ကဲ - မင်းတို့လည်းပြန်ကြတော့။ ငါလည်း ဘိန်းမှေးမှေးလိုက်ဦးမယ်"

ထို့ကြောင့် ထူးအောင်နှင့် သက်ပိုင်စိုးတို့ ပြန်လာခဲ့ကြလေတော့သည်။ အပြန်ခရီးတွင် အတွေးကိုယ်စီနှင့် တစ်ယောက်နှင့်တစ်ယောက် စကားပင် မပြောဖြစ်ခဲ့ကြသော်လည်း ဘိန်းစားငထွန်း၏ 'ဘိန်းစားစကားအလကားမမှတ်နဲ့' ဟူသော စကားကိုစဉ်းစားနေခဲ့ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## မှောင်မှောင်မည်းမည်း ဘာတွေလဲ

ထို့နောက် -

ထူးအောင်နှင့် သက်ပိုင်စိုးမှာ တရားစာအုပ်များကို ရှာဖွေဖတ်ရှုကာ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော မသေဆေးဖော်စပ်ပုံဖော်စပ်နည်းကို ရှာဖွေခဲ့ကြတော့သည်။ မည်မျှပင် ရှာဖွေခဲ့သော်လည်းမတွေ့။ ဘိန်းစားငထွန်းကို မေးလို့လည်းရမည်မဟုတ်။ ထို့ကြောင့် စိတ်မာတ်ကျလာခဲ့ကြတော့သည်။ သက်ပိုင်စိုးဆိုလျှင် ရွာဦးကျောင်းဆရာတော်ကိုပင် သွားရောက် လျှောက်ထားမေးမြန်းခဲ့သည်။

"မြတ်စွာဘုရားရှင်ဟောကြားခဲ့တဲ့ မသေဆေးဖော်စပ်ပုံ ဖော်စပ်နည်းက ဘယ်ကျမ်းစာအုပ်ထဲမှာပါလဲ ဘုရား"

ထိုသို့ မေးလျှောက်ခဲ့သဖြင့် ဆရာတော်က 'မင်းရူးနေသလား' ဟူ၍ပင် ပြစ်တင်ပြောဆိုခြင်းခံခဲ့ရသေးသည်။ နောက်ဆုံးတွင် သက်ပိုင်စိုးမှာ ဝင်းသောင်းတို့သားအဖကို နောက်ယောင်ခံလိုက်ကာ မသေဆေးရယူရန် ဆုံးဖြတ်လိုက်တော့သည်။ ဝင်းသောင်းနှင့် သက်ပိုင်စိုးတို့မှာ တည့်ကြသူများမဟုတ်။ ထို့ကြောင့် ဝင်းသောင်းကိုကပ်၍ မသေဆေးရယူရန်မဖြစ်နိုင်။ ဦးရွှေလေးနှင့်မူ အဆင်ပြေသည်။ ယခုအချိန်တွင် ဦးဝေထွန်းကလည်း ဦးရွှေလေးကို ကပ်နေသည်။ ထို့ကြောင့် ဦးဝေထွန်းနှင့်ပေါင်းကာ ဦးရွှေလေးကို ကပ်မည်။ ဦးရွှေလေးတို့ တပေါင်းလတွင် ဦးရှင်ကြီးနှင့် သွားရောက်တွေ့ဆုံလျှင် လိုက်နိုင်အောင်ကြိုးစားမည်။ ဦးရှင်ကြီး



www.burmeseclassic.com

www.burmeseclassic.com


ထံမှ မသေဆေးရလျှင် မလေးငယ်၏ချစ်သူ ဖြစ်ရပေတော့မည်။

ထူးအောင်ကမူ ထိုသို့ပြုလုပ်လိမ့်မည်မဟုတ်။ ဦးရွှေလေးတို့ မသေဆေးသောက်ထားသည်ဆိုသည်ကို လုံးဝ အယုံအကြည်မရှိ။ ဝင်းသောင်းနှင့်လည်း လုံးဝအစေးမကပ်။ ထို့ကြောင့် ထူးအောင်မှာ ထိုနည်းကို အသုံးပြုလိမ့်မည်မဟုတ်။ ဤသို့ဆိုလျှင် သက်ပိုင်စိုးသည် ပြိုင်ဘက်မရှိတော့။ ထို့ကြောင့် သက်ပိုင်စိုးမှာ သူ၏အစီအစဉ်ကို အကောင်အထည်ဖော်ရန် စတင် လှုပ်ရှားခဲ့တော့သည်။

ထို့ကြောင့် ထူးအောင်နှင့် သက်ပိုင်စိုးတို့မှာ တစ်စတစ်စနှင့် ကင်းကွာလာခဲ့ကြတော့သည်။ မြို့သို့သွားရောက်လည်ပတ်ကြရာတွင်ပင် အတူတကွ မသွားဖြစ်ကြတော့ပေ။ ထူးအောင်မှာ မြို့သို့သွားတိုင်း စာအုပ်ဆိုင်များသို့သွားကာ ဘာသာရေးစာအုပ်များကို ဝယ်ယူခဲ့သည်။ ထိုစာအုပ်များကို ဖတ်ရှုပြီး မလေးငယ်ကို လက်ဆောင်ပေးလိုက်သည်။ အချိန်ရလျှင် ထိုစာအုပ်များနှင့် ပတ်သက်၍ မလေးငယ်နှင့် ဆွေးနွေးသည်။ မသေဆေးနှင့်ပတ်သက်၍ ထူးအောင်မှာ ဘယ်သူ့ကိုမှလဲမမေး။ ဘယ်သူ့ကိုမှလဲမပြောတော့။ သက်ပိုင်စိုးနှင့်တွေ့လျှင်ပင်မပြောတော့။ ထို့ကြောင့် ထူးအောင်မှာ မသေဆေးနှင့်ပတ်သက်၍ စိတ်ဝင်စားမှုမရှိတော့ဟု သက်ပိုင်စိုးက တွေးထင်နေခဲ့သည်။ သက်ပိုင်စိုးကလည်း သူ၏လှုပ်ရှားနေမှုနှင့် ပတ်သက်၍ ထူးအောင်ကို တစ်ခွန်းတစ်ပါဒမျှပင်မပြော။

သို့သော် -

မသေဆေးနှင့်ပတ်သက်၍ ကိုယ်တူကိုယ်ခွဲ လှုပ်ရှားနေခဲ့ကြသော်လည်း ရပ်ရေးရွာရေးကိစ္စများတွင်မူ နဂိုအတိုင်းပင် နှစ်ယောက်အတူ လုပ်ကိုင်ဆောင်ရွက်နေခဲ့ကြသည်။ ကျေးရွာ၏ လုံခြုံရေးကိစ္စများတွင်လည်း နှစ်ယောက်အတူ ပူးတွဲတာဝန်ထမ်းဆောင်နေကြဆဲပင် ဖြစ်သည်။

သို့နှင့် -

တစ်ညတွင် ထူးအောင်၊ သက်ပိုင်စိုး၊ ကာလသားခေါင်းကို ချစ်နှင့် လူငယ်လေးငါးယောက် ကင်းစောင့်နေကြစဉ် လူငယ်များထဲမှ ဝင်းထိန်ဆိုသောလူငယ်က မေးလိုက်သည်။

"ကိုချစ်၊ ကိုချစ်တို့က ကာလသားခေါင်းလုပ်နေပြီး ဒီလိုပဲ


www.burmeseclassic.com

www.burmeseclassic.com

ကြည့်နေကြတော့မှာလား"

"ဝင်းထိန်၊ မင်းဘာပြောတာလဲ"

ကိုချစ်က ပြန်မေးလိုက်သည်။ ထို့ကြောင့် ဝင်းထိန်က -

"ဝင်းသောင်းတစ်ယောက် သောင်းကျန်းနေတာ ဒီလိုပဲ ကြည့်နေကြတော့မှာလား။ အခုဆိုရင် ဒီကောင်က သူများ သားမယားတွေတောင် မရှောင်တော့ဘူး။ သူ့ကိုယ်သူတုတ်ပြီး၊ ဓားပြီး၊ သေနတ်ပြီးတယ်၊ ဦးရှင်ကြီးမ,စတယ်ဆိုပြီး ဘယ်သူ့မှ ဂရုမစိုက်ဘူး"

ထို့ကြောင့် ခင်ဇော်က ဝင်ပြောလိုက်သည်။

"ဟုတ်တယ်၊ အခုဆိုရင် ဒီကောင်ကြောင့် ကိုသာခင်တို့ လင်မယား၊ ကိုပန်းမြတို့လင်မယားနဲ့ ကိုဂွတိုတို့လင်မယား တွေ ပြဿနာတက်နေကြရပြီ။ ကျုပ်တို့ရွာမှာ ဒီလိုလာ စော်ကားတာကိုတော့ ကျုပ်တို့မခံနိုင်ဘူးဗျာ"

ဤတွင် သံချောင်းကလည်း မခံချင်စွာ ဝင်ပြောလိုက်သည်။

"ဟုတ်တယ်၊ ငါတို့လည်း ဒီကောင်ကို မယှဉ်ရဲလို့သာ ကြည့် နေရတာ။ တစ်စက်မှကြည့်လို့မရဘူး။ ကိုချစ်တို့ လူကြီးတွေ က တစ်ခုခုတော့လုပ်ကြဖို့ကောင်းတယ်"

"ငါကဘာလုပ်ရမှာလဲ"

ကိုချစ်တင်က ပြန်ပြောလိုက်သည်။

"ဘာလုပ်ရမှာလဲ။ ဒီကောင့်ကို တစ်နည်းနည်းနဲ့ ဆုံးမသင့် တာပေါ့"

ကိုချစ်မှာ ဝင်းသောင်းနှင့်အတူ တပေါင်းလပြည့်နေ့တွင် မိန်းမလုကျွန်းသို့လိုက်ပါရန် အစီအစဉ်ရှိနေသဖြင့် ဝင်းသောင်း ၏ အလိုလိုက်အကြိုက်ဆောင်နေသူ ဖြစ်သည်။ ထို့ကြောင့် ဆင် ဖွေ့ရန်ရှောင်ပြောဆိုလိုက်သည်။

"ငါလည်း မင်းတို့လိုပဲပေါ့ကွာ။ ဒီကောင်က ဓားပြီး၊ တုတ်ပြီး၊ သေနတ်ပြီးနေတာဆိုတော့ မယှဉ်ရဲဘူး"

ထူးအောင်နှင့် သက်ပိုင်စိုးတို့မှာ ကိုချစ်နှင့် ဝင်းသောင်း ဆက်နွယ်မှုကို သိထားကြသဖြင့် ဘာမှဝင်မပြော။ ထူးအောင်နှင့် သက်ပိုင်စိုးတို့က မပြောသဖြင့် ခင်ဇော်က ပြောလိုက်သည်။

"သက်ပိုင်စိုးနဲ့ ထူးအောင်တို့လည်း ဝင်းသောင်းကို မယှဉ်


www.burmeseclassic.com

www.burmeseclassic.com


ရဲကြတော့ဘူးလား"

"သူတို့က မသေဆေးသောက်ထားကြသူတွေဆိုတော့ သွားယှဉ်ရင် ငါတို့ပဲသေသွားမှာပေါ့"

ထူးအောင်က တမင်သက်သက်ပြောဆိုလိုက်ခြင်းပင် ဖြစ်သည်။ ဤစကားဝိုင်းမှ စကားများသည် ဝင်းသောင်းထံပြန်လည်ရောက်ရှိသွားမည်ကို သိနေသဖြင့် တမင်သက်သက် ထိုသို့ပြောလိုက်ခြင်း ဖြစ်သည်။

ထို့နောက် သက်ပိုင်စိုးက ပြောလိုက်သည်။

"ကိုသာခင်တို့၊ ကိုပန်းမြတို့၊ ကိုဂွတိုတို့က ဦးရှင်ကြီးဆီက ရွှေမန်ကျည်းစေ့ထုပ်ကို လိုချင်လို့ ဝင်းသောင်းကို အရေးပေးရင်း အိမ်ထောင်ရေးပဋိပက္ခဖြစ်သွားခဲ့ကြတာပဲ။ သူတို့သားမယားတွေကိုကလည်း အညှာမှမခိုင်တာ။ ငါတို့ကဘာလုပ်လို့ရမလဲ"

ထို့ကြောင့် ဝင်းသောင်းကို မကျေမနပ်ဖြစ်နေကြသော လူငယ်များ စိတ်ဓာတ်ကျသွားခဲ့ကြတော့သည်။

ဤတွင် သံချောင်းက ပြောလိုက်ပြန်သည်။

"ဒီရက်ပိုင်းအတွင်းမှာ ဝင်းသောင်းက သူကြီးအိမ်ကိုခြေကြောင်းကျနေတယ်။ လေးငယ်ကလည်း ဝင်းသောင်းကို တော်တော် လိုက်လိုက်လျောလျော ဆက်ဆံနေတာတွေ့ရတယ်။ ဝင်းသောင်းဆိုတဲ့ကောင်ကလည်း ခြေလက်ကသွက်ပါဘိ။ သက်ပိုင်စိုးနဲ့ ထူးအောင်၊ တော်တော်ကြာ မင်းတို့နှစ်ယောက်စလုံး ကျန်ရစ်ဖြစ်နေကြဦးမယ်"

သံချောင်းက သက်ပိုင်စိုးနှင့် ထူးအောင်ကို သွေးထိုးပြောဆိုလိုက်ခြင်းဖြစ်သည်။ ယခုရက်ပိုင်းအတွင်းတွင် ဝင်းသောင်း တစ်ယောက် လေးငယ်ထံ အဝင်အထွက်သွက်နေသည်ကို ထူးအောင်ရော သက်ပိုင်စိုးပါ ရောသိနေခဲ့ကြသည်။ ထူးအောင်မှာ ဒီကိစ္စအတွက် တုန်လှုပ်မှုမရှိခဲ့သော်လည်း သက်ပိုင်စိုးမှာ ရည်းစားလူလုအူနုကျွဲခတ်ဖြစ်နေခဲ့ရသဖြင့် လေးငယ်ကို တွေ့ဆုံမေးမြန်းခဲ့တော့သည်။

ဤတွင် လေးငယ်က ဝင်းသောင်းကို မသေဆေးယူပေးနိုင်လျှင် ပြန်ချစ်မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်ကိုသိခဲ့ရသဖြင့် သက်


www.burmeseclassic.com

ww.burmeseclassic.com



ပိုင်စိုးမှာ ဘဝင်အသည်းအိုင်ကို ဆွဲကိုင်လှုပ်ခဲ့ရသလို ဖြစ်သွားခဲ့ရတော့သည်။ ထိုအကြောင်းကို ထူးအောင်ကို ပြန်ပြောခဲ့သော်လည်း ထူးအောင်က တုန်လှုပ်မှုမရှိ။ ထို့ကြောင့် ဝင်းသောင်းကို ဒီရွာတွင် မနေနိုင်အောင် တပေါင်းလပြည့်နေ့တွင် ဦးရှင်ကြီးထံမှ မသေဆေးသွားမယူနိုင်ရန် စိတ်ချယုံကြည်ရသူများနှင့် အစီအစဉ်များကို ထူးအောင် မသိအောင် စီစဉ်ပြုလုပ်ထားခဲ့သည်။ ထိုဂ် ကို ဝင်းသောင်းနှင့်အခြားသူများ မရိပ်မိစေရန် ဝင်းသောင်းနှင့် ကဲလျှော ညီထွေ ဆက်ဆံနေခဲ့သည်။

သံချောင်းက သူတို့ကို ကျန်ရစ်ဖြစ်နေကြဦးမယ်ဟု သွေးထိုးပြောဆိုနေသည်ကိုပင် ဘာတစ်ခွန်းမှ ပြန်မပြော။ သက်ပိုင်စိုးက မပြောသဖြင့် ထူးအောင်က ပြောလိုက်သည်။

"ဒီကိစ္စက လေးငယ်ပေါ်မှာမူတည်တယ်။ လောလောဆယ်တော့ ဝင်းသောင်းက ငါတို့ထက် သာနေတာပေါ့ကွာ။ အန္တရာယ်တစ်စုံတစ်ရာ ဖြစ်လာခဲ့ရင် ဝင်းသောင်းက တုတ်ပြီးခံပြီး၊ သေနတ်ပြီးနေသူဆိုတော့ သူ ရှေ့က မားမားမတ်မတ်ကာကွယ်ပေးနိုင်တယ်။ ဦးရှင်ကြီးဆိက မသေဆေးတွေ ရွှေငွေရတနာတွေ ရနိုင်တဲ့သူဆိုတော့ အသက်ရှည်မယ်၊ ချမ်းသာမယ်။ ဒီတော့ တို့ဘာလုပ်လို့ရမှာလဲ။ ကံတရားပေါ့ကွာ"

ထူးအောင်က စိတ်ပျက်သလို ပြောဆိုလိုက်သဖြင့် လူငယ်များကလည်း ဘာမှပြန်မပြောကြတော့။ ကိုချစ်၏စိတ်ထဲတွင်မူ သက်ပိုင်စိုးနှင့် ထူးအောင်တို့ စိတ်မာတင်းနေသည်ကို ဝင်းသောင်းကိုပြန်ပြောရန် စိတ်ကူးနေခဲ့တော့သည်။

ထိုစဉ် -

"လာကြပါဦးဗျို့"

"ခွေး - ခွေးခေါင်းသ. . . သရဲလိုက်လို့"

ကင်းလှည့်သွားနေကြသော လူငယ်များ တုန်လှုပ်ချောက်ချားစွာ အော်ဟစ်ပြေးလာနေကြသဖြင့် ထူးအောင်က ဆီးကြိုမေးလိုက်သည်။

"ဟေ့ကောင်တွေ ဘာဖြစ်တာလဲ"

"သ. . . သရဲ. . . သရဲ ခွေးခေါင်းသရဲ လိုက်လို့"

www.burmeseclassic.com

www.burmeseclassic.com


"ဘာလဲကွ၊ ခွေးခေါင်းသရဲ"

"ခ. . . ခဏ နေကြပါဦးဗျာ။ ပြော. . . ပြောပါ့မယ်"

ဖိုးဝက တုန်တုန်ယင်ယင်နှင့် ပြောလိုက်သည်။ ဖိုးဝ၊ သန်းမောင်၊ တင်လှနှင့် သောင်းစိန်တို့မှာ တကယ့်ကို ထိတ်လန့်နေကြသဖြင့် စကားပင်မပြောနိုင်။ ခဏနေမှ ဖိုးဝကပြောလိုက်သည်။

"ကျွန်တော်တို့ ကင်းလှည့်နေကြတုန်း ခေါင်းက ခွေးခေါင်း။ ကိုယ်လုံးကြီးကလည်း စပါးပုတ်လောက်ရှိတယ်။ မျက်လုံးနှစ်လုံးကလည်း လက်နှိပ်ဓာတ်မီးထိုးထားသလိုပဲ လင်းထိန်နေတာပဲ။ အဲ . . . အဲဒီသရဲကြီးက လိုက်. . . လိုက်လို့ထွက်ပြေးလာခဲ့ကြရတာ"

"ဟာ - မဟုတ်တာကွာ။ တို့ရွာမှာ ဘယ်တုံးက သရဲခြောက်တယ်ကြားဖူးလို့လဲ"

မောင်ချစ်က ပြောလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် သောင်းစိန်က ဝင်ပြောလိုက်သည်။

"မင်းကသာ မဟုတ်ဘူးပြောနေ။ တို့က အခု ခွေးပြေးဝက်ပြေး ပြေးလာခဲ့ကြရတာ"

"ဟုတ်တယ်၊ ဒီနားကျမှ ပြန်လှည့်ပြေးသွားတာ"

တင်လှကလည်း ထောက်ခံပြောဆိုလိုက်ပြန်သည်။

ထို့ကြောင့် သက်ပိုင်စိုးက -

"လာ - သွားကြည့်ကြရအောင်"

ထို့ကြောင့် ဖိုးဝတို့ညွှန်ပြသောနေရာသို့ ထွက်လာခဲ့ကြသည်။ ရွာလယ် လမ်းမတစ်နေရာသို့ရောက်လျှင် -

"ဟာ - ဟိုမှာ ဟိုမှာ"

သူတို့ရှေ့ခပ်လှမ်းလှမ်းတွင် ပုပုဝဝသတ္တဝါကြီးတစ်ကောင် တဖြည်းဖြည်း ရွေ့လျားသွားနေသည်ကိုတွေ့မြင်လိုက်ရသဖြင့် အားလုံး ခြေလှမ်း တုံ့ခနဲရပ်သွားခဲ့ကြတော့သည်။ သတ္တဝါကြီးမှာ အရပ်သုံးလေးပေခန့်သာရှိပြီး ခန္ဓာကိုယ်မှာ စပါးပုတ်ကြီးလောက်ရှိနေသည်။ ဦးခေါင်းမှာ ခွေးခေါင်းပုံသဏ္ဌာန်ဖြစ်ပြီး လက်ကြီးနှစ်ဖက်တို့ကားကား ရွေ့ရွေ့လျှောက်သွားနေခြင်း ဖြစ်သည်။ သတ္တဝါကြီး၏ သွားရာလမ်းတွင် လက်နှိပ်ဓာတ်မီးထိုးထားသကဲ့သို့လင်းထိန်နေသည်။ ထို့ကြောင့် သန်းမောင်က ကြောက်ကြောက်လန့်လန့်နှင့်


www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည်။

"အဲ - အဲဒါကြီးပေါ့။ တို့ကိုလိုက်တာ"

ထူးအောင်က လက်နှိပ်ဓာတ်မီးနှင့် ထိုးလိုက်သည်။ လက်နှိပ်ဓာတ်မီးအလင်းရောင်ကြောင့် သတ္တဝါကြီး နောက်ကိုလှည့်ကြည့်လိုက်သည်။

"ဟာ"

အားလုံး တအံ့တဩဖြစ်ကာ မျက်လုံးမှိတ်ထားလိုက်ကြရသည်။ သတ္တဝါကြီးက နောက်သို့လှည့်ကြည့်လိုက်ရာ သတ္တဝါကြီး၏မျက်လုံးနှစ်လုံးမှ စူးရှသောအလင်းရောင်များကြောင့် ထူးအောင်တို့လူစုကို လက်နှိပ်ဓာတ်မီးထိုးလိုက်သကဲ့သို့ ဖြစ်သွားတော့သည်။ ထို့ကြောင့် မျက်လုံးများပြာဝေသွားသဖြင့် မှိတ်လိုက်ကြခြင်း ဖြစ်သည်။ ထို့နောက် သတ္တဝါကြီးက ရှေ့သို့ ဆက်လက်လျှောက်သွားခဲ့သည်။

ထိုစဉ် သက်ပိုင်စိုးက ပြောလိုက်သည်။

"သရဲဟုတ်ရဲ့လား၊ သတ္တဝါတစ်ကောင်ကောင်များ ဖြစ်နေမလား"

"သတ္တဝါမဖြစ်နိုင်ဘူး။ ဒီလိုသတ္တဝါမျိုး မင်းတို့မြင်ဖူးလို့လား။ ဒါ သရဲပဲဖြစ်မယ်"

ကိုချစ်က ပြောလိုက်ခြင်း ဖြစ်သည်။

ထိုစဉ် သံချောင်းက -

"တို့လူအုပ်နဲ့ ဒီကောင်ကြီးကို ဝင်ရိုက်မလား"

"ဟာ - မလုပ်နဲ့၊ သူဘယ်သွားလဲဆိုတာသိရအောင် နောက်ကနေ အသာအသာလိုက်ကြည့်"

သက်ပိုင်စိုးက ပြောလိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် ထူးအောင်က ထောက်ခံပြောဆိုလိုက်သည်။

"ဟုတ်တယ်၊ ဒါမှ ဒီကောင်ကြီးဘယ်ကလာတယ်ဆိုတာ ခြေရာခံလို့ရမှာ"

ထို့ကြောင့် သရဲကြီးနောက်မှ တဖြည်းဖြည်း လိုက်လာခဲ့ကြသည်။ သရဲကြီးမှာ လျှောက်သွားနေရာမှ ဦးရွှေလေးတို့အိမ်ရှေ့သို့ ရောက်ရှိလာခဲ့သည်။ ထို့နောက် ဦးရွှေလေးတို့ခြံထဲသို့ ကျော်ဝင်သွားခဲ့သည်။ ခြံတံခါးပိတ်ထားခြင်းမရှိသဖြင့် သရဲကြီးမှာ ခြံထဲသို့

ww.burmeseclassic.com



ဝင်ကာ ဦးရွှေလေးတို့အိမ်ဆီသို့ တရွေ့ရွေ့သွားနေခဲ့တော့သည်။ ထို့နောက် အိမ်ကိုကျော်ကာ အိမ်နောက်ဖေးဆီသို့ ဝင်ရောက်သွားခဲ့သည်။

ထို့ကြောင့် ထူးအောင်က ပြောလိုက်သည်။

"လာ - မြန်မြန်လာကြ၊ နောက်ဘက်မှာ ခြံစည်းရိုးရှိတယ်။ ဒီကောင်ကြီး ခြံစည်းရိုးကို ကျော်နိုင်မယ်မထင်ဘူး"

ထူးအောင်တို့လူစုမှာ ခြံဝမှာပင် ရှိနေကြသေးသည်။ ထို့ကြောင့် ခြံထဲသို့ အလျင်အမြန်ဝင်လိုက်ခဲ့ကြရာ -

"ဝုန်း . . . ဝုန်း . . . ပုန်း"

"ဟာ"

"အမယ်လေး လုပ်ကြပါဦး"

သရဲကြီးဝင်သွားခဲ့သော အိမ်နောက်ဘက်ဆီမှ မီးတောက်လုံးကြီးသုံးလုံး ကောင်းကင်သို့တက်လာသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်သွားတော့သည်။ ဦးရွှေလေးတို့ အိမ်ရှေ့ဖိနပ်ချွတ်ဝရံတာလေးမှာလည်း မှောင်နေရာမှ မီးတောက်လုံးကြီးများ၏ အလင်းရောင်ကြောင့် လင်းထိန်သွားခဲ့သည်။ ထိုစဉ် ဖိနပ်ချွတ်ဝရန်တာလေးပေါ်တွင် မထင်မှတ်ထားသော မြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ကြရသဖြင့် တုန်လှုပ်ချောက်ချားသွားခဲ့ကြသည်။

သူတို့ တွေ့မြင်လိုက်ကြရသည်မှာ ဖိနပ်ချွတ်ဝရန်တာပေါ်တွင် ရေငန်ပိုင်ဦးရှင်ကြီးကို စောင်းပိုက်ကာ မတ်တတ်ရပ်နေသည်ကို တွေ့မြင်လိုက်ကြရသဖြင့် တုန်လှုပ်ချောက်ချားသွားခဲ့ကြခြင်းပင် ဖြစ်သည်။ မီးလုံးကြီးများမှာ တစ်ခဏအတွင်းမှာပင် ပျောက်ကွယ်သွားခဲ့သဖြင့် ဖိနပ်ချွတ်ဝရန်တာလေးမှာလည်း ပြန်လည်မည်းမှောင်သွားတော့သည်။ ထို့ကြောင့် ထူးအောင်က လက်နှိပ်ဓာတ်မီးကို ထိုနေရာသို့လှမ်းထိုးလိုက်ရာ -

"အမယ်လေး ဦးရှင်ကြီးအစစ်ပါဗျ"

"ခြံထဲကိုခွင့်မတောင်းဘဲဝင်လို့ ဦးရှင်ကြီးက တားတာဖြစ်မယ်"

"စောစောကသရဲကြီးက ဦးရှင်ကြီးရဲ့ အစေအပါးကြီးဖြစ်မယ်"

"အမိုက်အမဲလေးတွေမို့ ဗွေမယူပါနဲ့ခင်ဗျား"

www.burmeseclassic.com

www.burmeseclassic.com

"တို့တော့ မနေရဲတော့ဘူး"

"ပြေးဟေ့ ပြေးပြေး"

ခြံထဲမှ အသည်းအသန် ထွက်ပြေးသွားခဲ့ကြရာ ထူးအောင်နှင့် သက်ပိုင်စိုးတို့မှာလည်း မည်သို့မျှတားမရတော့ပေ။ ထို့ကြောင့် သူတို့နှစ်ယောက်ပါ ဦးရွှေလေးတို့ ခြံထဲမှ ပြန်လာခဲ့ကြလေတော့သည်။

ဤမျှအထိ အော်ဟစ်ဆူပူနေခဲ့ကြသော်လည်း ဦးရွှေလေးတို့သားအဖမှာ မနိုးခဲ့ကြပေ။ ထူးအောင်တို့လူစု ပြန်သွားခဲ့ကြပြီဖြစ်သော် ရေငန်ပိုင်ဦးရှင်ကြီးမှာမူ စောင်းတော်ကိုပိုက်ကာ မတ်တတ်ရပ်နေဆဲပင် ဖြစ်သည်။

ထိုစဉ် ရေငန်ပိုင်ဦးရှင်ကြီးထံသို့ လူတစ်ယောက်ရောက်ရှိလာခဲ့သည်။ ထိုသူမှာ ဘိန်းစားငထွန်းပင် ဖြစ်လေတော့သည်။

■


www.burmeseclassic.com

www.burmeseclassic.com

## အဖြေထုတ်၍မရသော ပုစ္ဆာတစ်ပုဒ်

ထူးအောင်တို့လူစု၏ အော်ဟစ်ဆူပူသံများကြောင့် ဦးရွှေလေးတို့သားအဖမှာ မနိုးခဲ့ကြသော်လည်း ပတ်ဝန်းကျင်မှ နိုးလာခဲ့ကြသည်။ ထူးအောင်တို့မှာ သူကြီးအိမ်သို့သွားခဲ့ကြရာ နိုးလာခဲ့ကြသူများမှာလည်း သူကြီးအိမ်သို့ လိုက်လာခဲ့ကြသည်။

ထို့နောက် သူကြီးအား နှိုးခေါ်ကာ အကျိုးအကြောင်းပြောပြခဲ့ကြသဖြင့် သူကြီးကိုယ်တိုင် ဦးရွှေလေးတို့အိမ်သို့ လိုက်ကြည့်ခဲ့သည်။ သူကြီးနှင့်လူစုလူဝေးပြန်ရောက်လာသောအခါ ထူးအောင်တို့ တွေ့မြင်ခဲ့ရသည်ဆိုသော ရေငန်ပိုင်ဦးရှင်ကြီးမှာ ဖိနပ်ချွတ်ဝရန်တာတွင် မရှိတော့ပေ။ ဦးရွှေလေးတို့သားအဖမှာလည်း ထိုအချိန်အထိ မနိုးသေးသဖြင့် အော်ဟစ်နှိုးခေါ်ခဲ့ကြရသည်။ ဦးရွှေလေးတို့သားအဖမှာ အိမ်ရှေ့မှ ခေါ်နှိုးသံများကြောင့် ကမန်းကတန်း တံခါးဖွင့်ကြည့်လိုက်ကြရာ သူကြီးနှင့်အတူ လူစုလူဝေးကြီးကို တွေ့မြင်လိုက်ရသဖြင့် တအံ့တဩ မေးလိုက်သည်။

"အလို - သူကြီးတို့ လူစုလူဝေးနဲ့ အချိန်မရှိ ဘယ်လိုဖြစ်လာကြတာလဲ"

"ရွာထဲမှာ ဒီလောက်တောင်မှ အုတ်အော်သောင်းနင်းဖြစ်နေတာတောင် ခင်ဗျားတို့သားအဖမနိုးကြဘူးဗျာ အံ့ရော"

"ဘာတွေဖြစ်နေကြလို့လဲဗျ။ လာပါ အိမ်ပေါ်တက်ကြပါဦး"

ထို့ကြောင့် ဦးရွှေလေးအိမ်ပေါ်သို့ တက်လိုက်ကြသည်။ အိမ်ပေါ်ရောက်သည်နှင့် -



www.burmeseclassic.com

ww.burmeseclassic.com



"ဟာ - ဟို. . . ဟို. . . ဟိုမှာ"

သံချောင်းက အလန့်တကြား လက်ညှိုးထိုးထအော်လိုက်သ ဖြင့် သံချောင်းညွှန်ပြရာသို့ ကြည့်လိုက်ကြရာ -

"ဟာ"

ရေငင်ပိုင်ဦးရှင်ကြီးကို စောင်းပိုက်၍ မတ်တတ်ရပ်နေသည် ကို တွေ့မြင်လိုက်ကြရသဖြင့် အားလုံးအထိတ်တလန့် ဖြစ်သွားခဲ့ကြ တော့သည်။

ထို့ကြောင့် ဦးရွှေလေးကပြောလိုက်သည်။

"ဦးရှင်ကြီးရုပ်တုပါ ဘာဖြစ်လို့လဲ"

"စောစောက ကျွန်တော်တို့တွေ့ခဲ့တာ ဒီရုပ်တုအတိုင်း"

"ဟုတ်တယ်၊ ဒီပုံစံပဲ"

သံချောင်းနှင့် ကိုချစ်တို့က ပြောလိုက်ခြင်း ဖြစ်သည်။ ထို့ ကြောင့် ဝင်းသောင်းက ပြောလိုက်သည်။

"သူကြီးတို့ ဘာတွေဖြစ်လာကြတာလဲ။ ကျွန်တော်တို့ကို လည်း ရှင်းပြကြဦးမှပေါ့"

ထို့ကြောင့် သူကြီးက ထူးအောင်ကို ပြောလိုက်သည်။

"ကဲ - မောင်ထူးအောင်၊ မင်းတို့အကြောင်း မင်းတို့ပဲရှင်းပြ လိုက်ပါကွယ်"

ထို့ကြောင့် ထူးအောင်က ဖြစ်စဉ်ဖြစ်ရပ်များကို ရှင်းလင်း ပြောပြလိုက်တော့သည်။ ထူးအောင်စကားဆုံးသွားသောအခါ ဝင်း သောင်းက ကန့်ကွက်ပြောဆိုလိုက်သည်။

"ဒါ - လုံးဝမဖြစ်နိုင်တဲ့ကိစ္စဘဲ။ ကျုပ်တို့ခြံထဲမှာ ဘာသရဲမှ မရှိဘူး။ ကျုပ်တို့အိမ်ဝမှာ ဦးရှင်ကြီးရပ်နေတာဆိုတာလည်း မဖြစ်နိုင်ဘူး။ သူတို့ပြောသလို ဒီလောက်တောင်ဆူညံနေ ခဲ့ရင်လည်း ကျုပ်တို့လည်းနိုးမှာပေါ့"

ထို့ကြောင့် ထူးအောင်က ပြောလိုက်သည်။

"ဟော့ကောင် ဝင်းသောင်း၊ အခုပြောနေတာတွေဟာ ငါ တစ်ယောက်တည်းဖြစ်ခဲ့တာမဟုတ်ဘူး။ ကင်းသမားတွေ အားလုံး တွေ့ခဲ့မြင်ခဲ့ရတာ"

ထို့ကြောင့် ကင်းသမားလူငယ်များက ထောက်ခံပြောဆို လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ တို့လည်းတွေ့ခဲ့ရတာ"

"ငါဆိုရင် အသားတွေတောင်တုန်တယ်"

"ဟုတ်တယ်၊ မင်းမသိဘဲမပြောနဲ့"

ထို့နောက် ဖတ်ဝန်းကျင်မှ နိုးလာသူများကလည်း ဝိုင်းပြော လာခဲ့ကြပြန်သဖြင့် ဝင်းသောင်းမှာ ဘာမှမပြောနိုင်တော့။

ထို့နောက် ဦးရွှေလေးကပြောလိုက်သည်။

"ကဲ - သရဲကြီးဝင်သွားတယ်ဆိုတဲ့ ခြံနောက်ဘက်ကို သွား ကြည့်ကြရအောင်"

ထို့ကြောင့် မီးတုတ်၊ မီးတိုင်များယူကာ အိမ်ခြံအနောက် ဘက်သို့ သွားကြည့်ခဲ့ကြသည်။ ဘာမှမတွေ့ကြရပေ။

ထို့ကြောင့် တိတိကျကျအဖြေထုတ်မရဘဲ ဖြစ်နေခဲ့ကြသဖြင့် အမျိုးမျိုးတွေးထင် ပြောဆိုနေခဲ့ကြတော့သည်။ မည်သို့ပင်ဖြစ်စေ ခန္ဓာကိုယ်ပုတ်လောက်ရှိသော ခွေးခေါင်းနှင့်သရဲကြီး၊ အိမ်နောက် ဘက်မှ ထွက်ပေါ်လာခဲ့သော မီးလုံးကြီးများနှင့် အိမ်ဝတွင်ရပ်နေ သော ဦးရှင်ကြီးတို့မှာ ဦးရွှေလေးတို့သားအဖနှင့် ဆက်နွှယ်မှုရှိ နေကြောင်းကိုတော့ အားလုံးက တွေးထင်ခဲ့ကြသည်။ ထို့ကြောင့် ဦးရွှေလေးတို့ သားအဖနှစ်ယောက်နှင့် ရေငန်ပိုင်ဦးရှင်ကြီး ဆက် နွှယ်မှုရှိနေသည်ဆိုသည့်အချက်ကိုမူ ပိုမို ယုံကြည်သွားခဲ့ကြလေ တော့သည်။

ထို့ကြောင့် သူကြီးတို့အဖွဲ့မှာ ဦးရွှေလေးအိမ်ပြန်လာခဲ့ကြ ရတော့သည်။

ပရိသတ်များပြန်သွားကြသောအခါ ဦးရွှေလေးက ကုလား ထိုင်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ ထို့နောက် ဝင်းသောင်း ကိုမေးလိုက်သည်။

"ဝင်းသောင်း၊ မင်း ဘာတွေလျှောက်လုပ်နေပြန်တာလဲ"

"ကျွန်တော်ဘာလုပ်နေလို့လဲ"

"ဟာ- အခုပဲ လူတွေ တအုပ်တမကြီးလာသွားခဲ့ပြီလေ"

"အဲဒါ ကျွန်တော်နဲ့မဆိုင်ဘူး။ ကျွန်တော်လုပ်တာမဟုတ် ဘူး"

"မင်းလုပ်တာမဟုတ်ရင် ဘယ်သူလုပ်တာလဲ"

"ကျွန်တော်လည်း အဲဒါစဉ်းစားနေတာ။ ဒါ တစ်ယောက်

www.burmeseclassic.com

ယောက်ရဲ့ လုပ်ကြံမှုဖြစ်နိုင်တယ်"

"မင်းအပိုတွေမပြောနဲ့။ ဝင်းသောင်း မင်းအကြောင်းကို ငါအသိဆုံး။ ငါသိပ်စကားမပြောချင်ဘူး။ မင်းအကြောင်းကို မင်းအသိပါ။ ဒါပဲ ငါပြောချင်တယ်။ အခုဆိုရင် မင်းနဲ့ ပတ်သက်ပြီး ရွာထဲမှာ ငါသိပ်ပြီးမျက်နှာပျက်ရတယ်။ ရွာထဲတောင် မထွက်ရဲတော့ဘူး။ မင်းဆင်ခြင်ပါ။ ငါအေးအေးဆေးဆေးနေချင်ပြီကွာ။ မင်းလုပ်နေတာတွေက ကြာရင် ငါစိတ်ညစ်ပြီးသေလိမ့်မယ်"

"သေတာများ ဆန်းတာမှတ်လို့ သေချင်သေလိုက်ပေါ့"

"ဒီမှာ ဝင်းသောင်း၊ မင်းစကားပြောတာဆင်ခြင်ပါ။ မင်းရဲ့လွန်ကဲမှုတွေကိုလည်း ဆင်ခြင်ပါ။ ပြောမရရင်တော့ အားလုံးရှေ့မှာ ငါဝန်ခံလိုက်တော့မယ်"

ဦးရွှေလေးက ထိုသို့ပြောလိုက်သဖြင့် ဝင်းသောင်း ဆက်မပြောတော့ဘဲ အိပ်ခန်းထဲသို့ ဝင်သွားခဲ့တော့သည်။ ထို့ကြောင့် ဦးရွှေလေးမှာလည်း သူ့အိပ်ရာသို့ ပြန်အိပ်ခဲ့တော့သည်။

ထိုစဉ် ဦးရွှေလေးတို့အိမ်အောက်ထဲမှ လူတစ်ယောက်ထွက်လာကာ ခြံအပြင်သို့ ခပ်သုတ်သုတ်ထွက်သွားခဲ့သည်။ ထိုသူမှာ ဘိန်းစားငထွန်းပင် ဖြစ်နေလေတော့သည်။

■

www.burmeseclassic.com

ww.burmeseclassic.com

## ဦးရွှေလေး သေချင်နေပြီ

နောက်တစ်နေ့မနက်တွင် -

ဦးရွှေလေး သူကြီးအိမ်သို့ ရောက်ရှိလာခဲ့သည်။ သူကြီးမှာ ထူးအောင်၊ သက်ပိုင်စိုး၊ ကိုချစ်တို့နှင့် စကားပြောနေသည်။ မနေ့ညက ဖြစ်စဉ်ဖြစ်ရပ်များနှင့်ပတ်သက်၍ ပြောနေကြခြင်းဖြစ်သည်။ သူကြီးက ဦးရွှေလေးကို တွေ့လိုက်သဖြင့် ဆီးကြိုနှုတ်ဆက်လိုက်သည်။

"ဟော - ဦးရွှေလေးပါလား၊ လာဗျာ- စောစောစီးစီး ကိစ္စရှိလို့လား။ ဒီမှာ ကျွန်တော်တို့လည်း ညကကိစ္စအကြောင်း ပြောကြနေတာဗျ"

ဦးရွှေလေးက ဝင်ထိုင်ပြီး ပြောလိုက်သည်။

"အေးဗျာ - ညကကိစ္စကို ကျွန်တော်လည်း စဉ်းစားလို့မရဘူးဖြစ်နေတယ်"

ထို့ကြောင့် သူကြီးဦးလှကျော်က ပြောလိုက်သည်။

"ဦးရွှေလေးကို ကျွန်တော် ယုံလည်းယုံကြည်တယ်ဗျာ။ လေးလည်းလေးစားတယ်။ ဦးရွှေလေး မဟုတ်တာ၊ မမှန်တာမပြောတာလည်း ကျွန်တော်သိနေတယ်။ ဒါပေမယ့် ဦးရွှေလေးတို့သားအဖနှစ်ယောက်ရဲ့စကားတွေက ဆန့်ကျင်ဘက်ဖြစ်နေတယ်။ ဦးရွှေလေးကို ကျွန်တော်တို့က ယုံကြည်တယ်ဆိုရင် ဝင်းသောင်းပြောတာတွေဟာ မဟုတ်ဘူး၊ မမှန်ဘူးလို့ဆိုရမယ်။ ဒါပေမယ့် ရွှေမန်ကျည်းစေ့တွေ ရွှေမန်

www.burmeseclassic.com

www.burmeseclassic.com



ကျည်းစေ့တွေက မီးသွေးခဲတွေဖြစ်သွားတဲ့ကိစ္စတွေကလည်း ကျွန်တော်တို့ ကိုယ်တွေ့မျက်မြင်ဖြစ်နေသလို ကင်းသမား တွေအားလုံးကလည်း ဦးရွှေလေးအိမ်မှာ ရေငန်ပိုင်ရှင်ဦး ရှင်ကြီးကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ကြရပြန်တယ်။ နောက် ခွေးခေါင်းသရဲကြီး၊ ဦးရွှေလေးအိမ်နောက်ဘက်က ထွက်လာတဲ့ မီးလုံးကြီးတွေ။ ဒါတွေကလည်း လက်တွေ့ဖြစ် နေပြန်တော့ ဝင်းသောင်းပြောစကားတွေကိုလည်း မယုံလို့ မရပြန်ဘူး"

"သူကြီးက ကျွန်တော့်ကို သံသယရှိနေလို့လား"

သူကြီးက ဦးရွှေလေး၏အမေးကိုမဖြေဘဲ သူပြောချင်ရာကို ဆက်ပြောလိုက်ပြန်သည်။

"အခုဆိုရင် ရွာထဲကလူတွေဟာ ဝင်းသောင်းကို တော်တော် လိုလိုလားလား ပေါင်းသင်းနေကြတယ်။ မသေဆေးတွေ၊ ရွှေမန်ကျည်းစေ့တွေလိုချင်ကြလို့ပဲ။ တချို့ကလည်း တုတ် ပြီး၊ ဓားပြီး၊ သေနတ်ပြီးချင်ကြလို့။ တချို့မိန်းမတွေဆိုရင် ရတဲ့အခွင့်အရေးကိုမျှော်ပြီး အကျင့်စာရိတ္တဖောက်ပြန်လာ တဲ့အထိ ဝင်းသောင်းကို အခွင့်အရေးပေးပြီး ပေါင်းသင်း လာခဲ့ကြတယ်။ အိမ်ထောင်ရေးပြဿနာတွေ ဖြစ်နေကြရ တယ်။ ရှင်းရှင်းပြောရရင် ဝင်းသောင်းနေရာမှာ တခြားသူ တစ်ယောက်သာဆိုရင် လက်သည်မပေါ်ဘဲ လက်စပျောက် သွားခဲ့တာကြာပြီ။ အခုတော့ ဝင်းသောင်းက ကာယသိဒ္ဓိပြီး နေတာရယ်၊ ဦးရွှေလေးမျက်နှာရယ်ကြောင့် ဒီကနေ့အထိ သောင်းကျန်းနေနိုင်ခဲ့တာ။ ဒီတော့ ဦးရွှေလေးကို ကျွန် တော် တောင်းပန်ပါရစေဗျာ။ ဦးရွှေလေးတို့ရဲ့ ဖြစ်စဉ်ဖြစ် ရပ်တွေဟာ အမှန်တကယ်ဆိုရင် အဲဒီဖြစ်စဉ်ဖြစ်ရပ်တွေကို အခြေခံပြီး ကျွန်တော်တို့ရွာကောင်းကျိုးအတွက် ဆောင် ရွက်ပေးစေချင်ပါတယ်။ ဝင်းသောင်းကိုလည်း အဲဒီဖြစ်စဉ် တွေကို အကြောင်းပြုပြီး ကျွန်တော်တို့ရွာရဲ့ အားထားရတဲ့ လူငယ်တစ်ယောက် ဖြစ်စေချင်တယ်"

ဤတွင် ထူးအောင်က ဝင်ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ကလည်း အဲဒီအတိုင်းဖြစ်စေ

www.burmeseclassic.com

ww.burmeseclassic.com


ချင်ပါတယ်။ အခုတော့ ဝင်းသောင်းက အဲဒီဖြစ်ရပ်တွေကို အသုံးချပြီး ကျေးရွာအကျိုး အများအကျိုးမလုပ်ဘဲ သိက္ခာမဲ့တဲ့အလုပ်တွေကိုပဲ လျှောက်လုပ်နေတော့ ရေရှည်မှာ အကြောင်းမကောင်းနိုင်ဘူး"

ထို့ကြောင့် သက်ပိုင်စိုးကလည်း ပြောလိုက်ပြန်သည်။

"ဒါကြောင့် ဝင်းသောင်းကို ဦးရွှေလေးအနေနဲ့ ထိန်းပေးစေချင်ပါတယ်။ ဒီအတိုင်းဆိုရင်တော့ ဦးရွှေလေးတို့သားအဖ ကျွန်တော်တို့ရွာမှာ ကြာရှည်နေလို့ မဖြစ်နိုင်ပါဘူး။ ဦးရွှေလေးတို့သားအဖက မသေဆေးသောက်ထားကြလို့၊ ကာယသိဒ္ဓိတွေပြီးနေကြလို့၊ ဦးရှင်ကြီးရဲ့ အကူအညီမ,စမှုတွေရှိနေလို့၊ ရွှေတုံးရွှေခဲတွေရှိနေလို့ ကျွန်တော်တို့က ဘယ်လိုမှ မယှဉ်နိုင်ဘူးဆိုရင်လည်း ယှဉ်နိုင်တဲ့နည်းနဲ့ ယှဉ်ရပါလိမ့်မယ်"

၌တွင် ထူးအောင်က ပြောလိုက်ပြန်သည်။

"ဒါဟာ ကျွန်တော်တို့က ဦးရွှေလေးတို့ကို ခြိမ်းခြောက်နေတာမဟုတ်ပါဘူး။ ဦးရွှေလေးတို့လိုလူမျိုးတွေကို ကျွန်တော်တို့ရွာမှာ တကယ်ရှိစေချင်ပါတယ်။ ဦးရွှေလေးတို့သားအဖနဲ့ လက်တွဲပြီး ကျွန်တော်တို့ရွာကောင်းကျိုးတွေကို လုပ်ချင်ပါတယ်။ ဒါကြောင့် ဦးရွှေလေးအနေနဲ့ ဝင်းသောင်းကို ဒီအတိုင်းလွှတ်မထားသင့်ဘူးလို့ ထင်ပါတယ်"

"ကျုပ်တော့ သေတောင်သေလိုက်ချင်တော့တာပဲဗျာ"

ဦးရွှေလေးက ညည်းညူပြောဆိုလိုက်ခြင်း ဖြစ်သည်။ ပြောဆိုနေကြသည့် စကားများမှာလည်း ဖြစ်သင့်ဖြစ်ထိုက်သော စကားများသာဖြစ်နေသဖြင့် ဦးရွှေလေးဘာမှမပြောသာ။ သို့သော် ဝင်းသောင်းကို ဦးရွှေလေး ဘယ်လိုမှ ထိန်းချုပ်၍ရမည်မဟုတ်။ ဦးရွှေလေးမှာ အသက်အရွယ်ကြီးပြီဖြစ်သဖြင့် အေးအေးဆေးဆေး နေချင်သည်မှာ အမှန်တကယ်ပင် ဖြစ်သည်။ ကြက်သွန်ချည်းနေရင် အကောင်းသား၊ ငရုတ်သီးနဲ့ပေါင်းမှ အထောင်းခံရ ဆိုသလို ဝင်းသောင်းကြောင့် စိတ်ညစ်နေခဲ့ရပြီ ဖြစ်သည်။ ဒီအတိုင်းဆိုလျှင် ရွာက ကြာရှည်သည်းခံနေတော့မည်မဟုတ်။ ဝင်းသောင်းကိုလည်း ပြောမရနိုင်။ ထို့ကြောင့် ဦးရွှေလေးသေချင်လောက်အောင် စိတ်

www.burmeseclassic.com

ww.burmeseclassic.com

ညစ်သွားခဲ့ရခြင်း ဖြစ်သည်။ ထို့ကြောင့် အမှန်အတိုင်း ပြောလိုက်လျှင် ကောင်းလေမည်လားဟုလည်း စဉ်းစားလိုက်မိသည်။ သို့သော် အမှန်အတိုင်းပြောလိုက်လျှင် ဝင်းသောင်းက လက်ခံလိမ့်မည်မဟုတ်။ ဦးရွှေလေးအတွက်လည်း အန္တရာယ်ရှိလာနိုင်သဖြင့် ဦးရွှေလေးမှာ မထွေးနိုင်မအန်နိုင်ဖြစ်နေခဲ့ရတော့သည်။

ထို့ကြောင့် နောက်ဆုံးတွင် ဦးရွှေလေးက အဆင်ပြေအောင် ပြောဆိုလိုက်ရသည်။

"သူကြီးတို့ဖြစ်စေချင်သလို ဖြစ်လာမှာပေါ့လေ"

ထို့နောက် ဦးရွှေလေး ပြန်သွားခဲ့တော့သည်။ ဦးရွှေလေးက စိတ်ညစ်တဲ့အမူအရာနှင့် ထွက်သွားသဖြင့် သူကြီးက ပြောလိုက်သည်။

"ဦးရွှေလေးကတော့ တကယ်စိတ်ညစ်သွားပြီနဲ့တူတယ်"

ထို့ကြောင့် ထူးအောင်က ပြောလိုက်သည်။

"စိတ်ညစ်ရုံသက်သက်ဆိုရင်တော့ ပြဿနာမရှိဘူးပေါ့။ သူပြောသလို သေချင်တဲ့စိတ်ဖြစ်လာတာတော့ မကောင်းဘူး"

"ဘာဖြစ်လို့လဲ"

သူကြီးက မေးလိုက်သဖြင့်

"ဘာဖြစ်ရမှာလဲ သူကြီးရဲ့ သူတို့ပြောစကားအရဆိုရင် သူတို့သောက်ထားတဲ့ မသေဆေးအာနိသင်က သေချင်တဲ့စိတ်ဖြစ်လာခဲ့ရင် အာနိသင်ပျက်ပြယ်သွားပြီး သေလိမ့်မယ်။ ဒါကြောင့် ဦးရွှေလေး အမှန်တကယ် သေချင်တဲ့စိတ်ဖြစ်လာခဲ့ရင်၊ သူတို့ပြောတာတွေလည်း ဟုတ်နေမယ်ဆိုရင် ဦးရွှေလေး သေသွားနိုင်တာပေါ့"

ဤတွင် သက်ပိုင်စိုးက ပြောလိုက်သည်။

"ဒါဆိုရင် မတော်မဆ အခုနေများ ဦးရွှေလေးသေသွားခဲ့ရင် ဝင်းသောင်းပြောခဲ့တာတွေကို မယုံလို့မရတော့ဘူးပေါ့"

ထို့ကြောင့် ကိုချစ်က ပြောလိုက်သည်။

"ဝင်းသောင်းပြောတာတွေဟာ အမှန်တကယ်ဆိုရင် တို့ဝင်းသောင်းကို ဘယ်လိုဆုံးမလို့ရနိုင်မှာလဲ"

ဤတွင် သူကြီးက ပြောလိုက်သည်။

"စစ်မရောက်ခင် မြားကုန်တဲ့စကားတွေ ပြောမနေပါနဲ့


www.burmeseclassic.com

www.burmeseclassic.com



မောင်ချစ်ရာ။ အနာသိရင်ဆေးရှိရမှာပေါ့”

ထို့နောက် သူကြီးဦးလှကျော်၊ ထူးအောင်၊ သက်ပိုင်စိုးနှင့် ကိုချစ်တို့မှာ ဝင်းသောင်းကို မည်သို့မည်ပုံ ဆိုဆုံးမကြမည်ကို ဆွေးနွေးတိုင်ပင်ခဲ့ကြသော်လည်း အဖြေမရကြပေ။

ကိုချစ်ကမူ ဤစကားဝိုင်းတွင် ပြောဆိုခဲ့သည်များနှင့် ဦးရွှေလေးမှာ သေချင်စိတ်ဖြစ်နေကြောင်း ဝင်းသောင်းကို ပြန်ပြောရန် စိတ်ကူးနေခဲ့လေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## သေချင်တဲ့လူသေပြီ

ထိုမှ နှစ်ရက်ခန့်အကြာတွင် ဦးရွှေလေးတစ်ယောက် အမှန်တကယ်ပင် သေဆုံးသွားခဲ့သည်။ ထို့ကြောင့် သမ္မတပင်ရွာကလေးမှာ တအံ့တသြ ဖြစ်သွားခဲ့တော့သည်။

"ဦးရွှေလေးသေတာ ဘာရောဂါမှလဲမရှိဘူး"

"ဒဏ်ရာဒဏ်ချက်လည်း မရှိဘူး"

"ဒီရက်ပိုင်းအတွင်းမှာ ဦးရွှေလေး တော်တော်စိတ်ညစ်နေပုံရတယ်"

"သေချင်တယ်၊ သေချင်တယ်လို့လည်း ပြောပြောနေတယ်ဆိုပဲ"

"ဒါဆိုရင် မသေဆေးအာနိသင်ပျယ်ပြီး သေသွားခဲ့တာ ဖြစ်မယ်"

"ဒါဆိုရင် ဦးရွှေလေးတို့ မသေဆေးသောက်ထားကြတယ်ဆိုတာ သေချာတာပေါ့"

တစ်ရွာလုံးမှာ ဦးရွှေလေးအကြောင်းကိုသာ ပြောဆိုနေခဲ့ကြတော့သည်။ ဦးရွှေလေး၏ အသုဘအတွက် သူကြီးနှင့် ကျေးရွာလူငယ်များကပင် ဦးဆောင် စီစဉ်ဆောင်ရွက်ခဲ့ကြသည်။ ဝင်းသောင်းမှာ ဖခင်ဖြစ်သူအတွက် သောကဖြစ်နေရသဖြင့် သူကြီးနှင့်လူငယ်များက ကူညီစီစဉ်ပေးနေခဲ့ကြခြင်း ဖြစ်သည်။ လူငယ်များထဲတွင် ကိုချစ်မှာ ကိုယ်ဖိရင်ဖိကူညီပေးနေသကဲ့သို့ သူကြီးသားတင်စိုးကလည်း လိုအပ်သမျှ လုပ်ကိုင်ဆောင်ရွက်ပေးနေခဲ့သည်။ သူကြီးပိုင်း



www.burmeseclassic.com

www.burmeseclassic.com



တာဝန်များအတွက် ဦးဝေထွန်းက ကူညီလုပ်ကိုင်ပေးနေခဲ့သည်။

ဝင်းသောင်းထံမှ အခွင့်အရေး လိုချင်ကြသူများမှာလည်း ငွေအားလူအားနှင့် ကူညီလုပ်ကိုင်ပေးနေကြသဖြင့် ဝင်းသောင်းမှာ အသုဘကိစ္စအတွက် ငွေကြေးကုန်ကျမှုမရှိသည့်အပြင် ပိုငွေများပင် ရရှိနေခဲ့သည်။

သို့နှင့် -

အသုဘချသင်္ဂြိုဟ်ပြီးသောနေ့ညဘက်တွင် အသုဘအိမ်တွင် ဝိုင်းဖွဲ့စကားပြောနေခဲ့ကြသည်။ လူငယ်များက ခြေရင်းဘက်တွင် ဖဲကစားနေကြပြီး လူကြီးများက ခေါင်းရင်းဘက်တွင် ဝိုင်းဖွဲ့စကားပြောနေကြပြီ ဖြစ်သည်။ လူကြီးများ ဝိုင်းဖွဲ့ပြောဆိုနေကြသည်ဆိုသော်လည်း ထိုစကားဝိုင်းတွင် ထူးအောင်၊ သက်ပိုင်စိုး၊ ကိုချစ်နှင့် တင်စိုးတို့လည်း ရှိနေခဲ့ကြသည်။

ထိုစဉ် ဝင်းသောင်း ရောက်ရှိလာသဖြင့် နေရာပေးလိုက်ကြသည်။

"ကျွန်တော့်အဖေသေရတာ ကျွန်တော့်ကြောင့်သေရတာပါဗျာ။ ကျွန်တော့်ကြောင့် သေရတာ။ ဒါကြောင့် ကျွန်တော့်ကိုယ်ကျွန်တော် ခွင့်မလွှတ်နိုင်အောင်ဖြစ်နေရတယ်ဗျာ"

ထို့ကြောင့် သူကြီးက ပြောလိုက်သည်။

"ဒီလိုပဲ ဥပဒ်ဒါန်မစွဲနဲ့ပေါ့ကွာ။ သူ့အကြောင်းနဲ့သူ ဖြစ်လာတာပဲ။ ဒါတွေဟာ လူတိုင်းကြုံတွေ့ကြရမယ့် ကိစ္စတွေပဲ"

"မဟုတ်ဘူး။ ကျွန်တော့်အဖေဟာ ဒီလိုဘယ်တော့မှကြုံရမယ့်လူမဟုတ်ဘူး။ ကျွန်တော်မိုက်တွင်းနက်လို့ ကျွန်တော့်ကြောင့် စိတ်ဆင်းရဲပြီး အခုလိုဖြစ်သွားခဲ့ရတာ။ အဖေ့ကို ကျွန်တော်သတ်တာပါဗျာ။ ကျွန်တော်သတ်တာပါ"

"ဖြစ်လာမှတော့လည်း ဘာတတ်နိုင်တော့မှာလဲ မောင်ဝင်းသောင်းရယ်။ ဒါဟာ လောကဓံတရားတစ်ခုပေမယ့် လောကဓံတရားတွေ့ကြုံခြား စိတ်ထားတင်းတင်းထားရမယ်တဲ့။ ကိုယ့်စိတ်ကိုကိုယ်ဖြေပါ။ လူမိုက်ဟာ ကိုယ့်ကိုယ်ကိုယ် မိုက်နေကြောင်းသိရင် ပညာရှိပဲ။ မင်း အခုကိုယ့်အမှားကို ကိုယ်သိနေပြီပဲ။ နောက်ဒီလိုအမှားမျိုးမဖြစ်အောင် ကြိုးစားပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com


သူကြီးက ဖျောင်းဖျပြောဆိုလိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် ဝင်းသောင်းက -

"ဟုတ်ပါတယ်။ ဒါကြောင့် လူကြီးတွေရှေ့မှာပဲ ကျွန်တော် တစ်ရွာလုံးကို တောင်းပန်ပါရစေ။ ကျွန်တော်ဟာ မသေဆေးသောက်တဲ့အတွက် ကာယသဒ္ဒိပြီးနေသူတစ်ယောက်ပါ။ ရေငန်ပိုင်ဦးရှင်ကြီးရဲ့ မ,စမှုကြောင့် ရွှေတုံးရွှေခဲတွေလည်းရှိပါတယ်။ တပေါင်းလပြည့်နေ့တိုင်း ဦးရှင်ကြီးနဲ့သွားတွေ့နေခဲ့သူပါ။ ဒါကြောင့် နှစ်ပေါင်းများစွာ မတောင့်မတနေနိုင်ခဲ့ပါတယ်။ ဒီအကြောင်းတွေကို ကျွန်တော့်အဖေက လျှို့ဝှက်ထားခဲ့ပေမယ့် ကျွန်တော်ကတော့ ကြွားဝါချင်တာနဲ့ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ ဒါကြောင့် ရွာသူရွာသားတွေက ကျွန်တော့်ကို ချဉ်းကပ်လာခဲ့ကြတယ်။ ဒီတော့ ကျွန်တော်ဟာ ပိုပြီးဘဝင်ကြွလာခဲ့လို့ မလုပ်သင့်မလုပ်ထိုက်တာတွေလုပ်၊ မစော်ကားသင့်တာတွေ စော်ကား၊ ကျွန်တော့်အဖေစကား နားမထောင်ဘဲ ဘဝင်သွေးမြောက်ခဲ့ရပါတယ်။ ဒါကြောင့် အဖေဟာ သေချင်စိတ်တွေဖြစ်လာပြီး သေခဲ့ရပါတော့တယ်။ ဒါကြောင့် ကျွန်တော့်ရဲ့မိုက်ပြစ်တွေကို ခွင့်လွှတ်ကြပါလို့ ဝန်ချတောင်းပန်ပါတယ်ဗျာ"

ဝင်းသောင်းက ငိုသံပါနှင့် ပြောဆိုနေခြင်း ဖြစ်သည်။ ထို့ကြောင့် အားလုံးက ဝင်းသောင်း အမှန်တကယ်ပဲ အသိတရားရခဲ့လေပြီလားဟု တွေးထင်နေခဲ့ကြသည်။

"ဒါကြောင့် ကျွန်တော့်အပြစ်တွေကို ဆေးကြောတဲ့အနေနဲ့ ကျွန်တော့်အဖေဖြစ်စေချင်တဲ့ဆန္ဒတွေကိုလည်း ဖြည့်ဆည်းတဲ့အနေနဲ့ ကျွန်တော့်ရဲ့ဖြစ်စဉ်ဖြစ်ရပ်တွေကို အခြေပြုပြီး ဒီရပ်၊ ဒီရွာ၊ ဒီရွာသူရွာသားတွေနဲ့ လက်တွဲပြီး ရွာရဲ့အကျိုး ရွာသူရွာသားတွေရဲ့အကျိုးပြုလုပ်ငန်းတွေကို ပြုလုပ်ပါရစေလို့ တောင်းပန်ပါရစေဗျာ။ ကျွန်တော့်ကို ခွင့်ပြုပေးကြပါ။ ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော့်အဖေ တမလွန်ကနေ စိတ်ချမ်းသာရအောင်၊ ကျွန်တော် ရွာအပေါ်မှာ ကျူးလွန်စော်ကားခဲ့တဲ့အပြစ်တွေကျေအောင် ကျွန်တော့်ကို ခွင့်ပြုပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ထူးအောင်က ဝင်ရောက်ပြောဆိုလိုက်သည်။

"မင်း အခုလို အသိပြောင်းလာတာ ငါတို့အားလုံးဝမ်းသာပါတယ်။ တို့နဲ့လက်တွဲပြီး တို့ရွာအကျိုးသည်ပိုးလုပ်ဆောင်မယ်ဆိုတော့ ပိုဝမ်းသာတာပေါ့ကွာ။ တို့ကလည်း မင်းနဲ့လက်မတွဲနိုင်စရာ အကြောင်းမရှိပါဘူး"

ဤတွင် ဦးဝေထွန်းက မေးလိုက်သည်။

"မောင်ဝင်းသောင်းက ဘယ်လိုအကျိုးပြုလုပ်ငန်းတွေ လုပ်ချင်လို့လဲ"

"လာမည့် တပေါင်းလပြည့်နေ့မှာ ကျွန်တော် မိန်းမလှကျွန်းမှာ ဦးရှင်ကြီးနဲ့သွားတွေ့ရမှာ ဖြစ်ပါတယ်။ နှစ်စဉ်နှစ်တိုင်း ကျွန်တော်တို့သားအဖနှစ်ယောက် အတူသွားနေခဲ့ကြပေမယ့် ဒီနှစ်တော့ ကျွန်တော်တစ်ယောက်တည်း သွားရတော့မှာပေါ့ဗျာ"

ဝင်းသောင်းက ဝမ်းနည်းကြေကွဲစွာပြောဆိုရင်း အသံတိမ်ဝင်သွားတော့သည်။

ထို့ကြောင့် သူကြီးက ပြောလိုက်သည်။

"ကဲပါကွယ်၊ ဒီအချိန်မှာ မောင်ဝင်းသောင်းပူဆွေးသောကဖြစ်နေရလေတော့ မောင်ဝင်းသောင်းလုပ်ချင်တဲ့ ဆန္ဒတွေကို အသုဘကိစ္စပြီးမှ ဆွေးနွေးကြတာပေါ့ကွယ်။ မောင်ဝင်းသောင်း နားနားနေနေနေပါ။ မင်း အခုလို အသိတရားရလာတာကိုပဲ ဦးတို့ဝမ်းသာလှပါပြီ"

"ကျွန်တော့်အပေါ် အခုလို စေတနာထားပေးကြလေ ကျွန်တော် ယူကျုံးမရ ဖြစ်ရလေပါပဲဗျာ။ အခုကြည့်စမ်း- ကျွန်တော်ဟာ ရွာပေါ်မှာ မောက်မာစော်ကားခဲ့ပေမယ့် အခု ကျွန်တော့်အဖေအသုဘကိစ္စမှာ တစ်ရွာလုံးက ဝိုင်းပြီးကူညီနေခဲ့ကြတယ်။ ကျွန်တော်သာမမိုက်မဲခဲ့ဘူးဆိုရင် ကျွန်တော့်အဖေလည်း အခုလိုသေမှာမဟုတ်ဘူး။ သမဲ့တပင်ရွာလည်း စည်ကားတိုးတက်နေပြီ။ ကျွန်တော်မိုက်ပါတယ်ဗျာ"

"ကဲပါကွယ်၊ ဖြစ်ပြီးခဲ့တာတွေ ပြောမနေပါနဲ့တော့။ အခန်းထဲသွားပြီးနားနေလိုက်ပါ။ လုပ်စရာရှိတာ တို့လုပ်ထားလိုက်ပါ့မယ်"

www.burmeseclassic.com

"ဟုတ်သားပဲကွာ။ တို့လည်းရှိနေတာပဲ"

ဦးဝေထွန်းနှင့် ကိုချစ်က ပြောလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် ဝင်းသောင်းအိပ်ခန်းဆီသို့ ထွက်သွားခဲ့တော့သည်။

ကြားသိနေရသူများကမူ ဝင်းသောင်း၏ ပြောင်းလဲမှုအတွက် အားရဝမ်းသာဖြစ်နေခဲ့ကြသည်။ သူကြီးဦးလှကျော်ကမူ စောစောကတည်းကပင် ဝင်းသောင်းတို့၏ ဖြစ်စဉ်ဖြစ်ရပ်များကို အသုံးပြုကာ ကျေးရွာကောင်းကျိုး လုပ်ချင်နေသူဖြစ်သဖြင့် ကျေနပ်နေခဲ့သည်။ သက်ပိုင်စိုးကတော့ ဝင်းသောင်းထံမှဖြစ်စေ၊ ဦးရှင်ကြီးထံမှဖြစ်စေ မသေဆေးကို ဘယ်လိုရအောင်ယူရမလဲဟုသာ စဉ်းစားနေခဲ့သည်။

ထိုသို့ အားလုံးက ယုံကြည်နေကြပြီဖြစ်သော်လည်း ထူးအောင်၏စိတ်ထဲတွင်မူ ဝင်းသောင်းကို မယုံကြည်။ မယုံကြည်ဆိုသော်လည်း သက်သေပြရန်အကြောင်းကလည်း မရှိသဖြင့် ငြိမ်၍သာနေခဲ့ရလေတော့သည်။

■

www.burmeseclassic.com

ww.burmeseclassic.com

## ဝင်းသောင်း၏စေတနာ

ဦးရွှေလေးအသုဘကိစ္စပြီးနောက် တစ်နေ့တွင် ဝင်းသောင်းက သူကြီးနှင့်တကွ ရွာထဲမှလူကြီးများကို သူ့အိမ်သို့ ဖိတ်ခေါ်လိုက်သည်။ ဝင်းသောင်း ရွာအကျိုးပြုလုပ်ငန်းများကို လုပ်ကိုင်တော့မည်ဆိုသဖြင့် ဘာတွေများလုပ်ကိုင်မှာပါလိမ့်ဟု စိတ်ဝင်စားနေခဲ့ကြသည်။ ယခုကဲ့သို့ လူကြီးများကို ဖိတ်ခေါ်ခဲ့သည်ဆိုခြင်းမှာ ထိုကိစ္စကို တိုင်ပင်ရန်ဖြစ်သည်ကိုလည်း သိရှိနေခဲ့ကြသဖြင့် တစ်ရွာလုံးမှာ ဒီကိစ္စကိုပဲ စိတ်ဝင်တစားပြောဆိုနေခဲ့ကြသည်။

ထို့အပြင် သူ့ကြောင့် အိမ်ထောင်ရေးပြဿနာတက်ခဲ့ကြရသော ကိုပန်းမြ၊ ကိုသာခင်နှင့် ကိုဂွတိုတို့ကိုလည်း ဖိတ်ခေါ်ထားပြန်သဖြင့် ပို၍ပင်စိတ်ဝင်စားနေခဲ့ကြတော့သည်။ ထို့နောက် ဖိတ်ကြားသူများကို ဝင်းသောင်းက လက်ဖက်နှင့် ဧည့်ခံခဲ့သည်။ ဖိတ်ကြားသူများ စုံညီစွာရောက်လာကြသောအခါ ဝင်းသောင်းက ပြောလိုက်သည်။

"အခုလို ကျွန်တော် ဖိတ်ခေါ်ရတာကတော့ ကျွန်တော့်အဖေရဲ့ဆန္ဒကို ဖြည့်ဆည်းဖို့၊ ကျွန်တော့်မိုက်ပြစ်တွေကို ပေးဆပ်ဖို့အတွက်ပါပဲ။ ပထမဆုံး ကျွန်တော် ကိုပန်းမြ၊ ကိုဂွတိုတို့၊ ကိုသာခင်တို့ ကျွန်တော့်ကြောင့် အိမ်ထောင်ရေးပဋိပက္ခတွေဖြစ်ခဲ့ကြရတာ အားလုံးအသိပါ။ ဒါကြောင့် ကိုပန်းမြတို့ဟာ ကျွန်တော့်မျက်နှာကို မကြည့်ချင်သလို ကျွန်တော့်ရဲ့ဖိတ်ခေါ်မှုကိုလည်း လက်ခံကြမှာမဟုတ်ဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သဘောပေါက်ပါတယ်။ ဒါကြောင့် ကိုပန်းမြတို့ ကျွန်တော့်ဆီကိုလာဖို့အတွက် သူကြီး၊ ထူးအောင်နဲ့ သက်ပိုင်စိုးတို့ကို ဝိုင်းပြောပေးဖို့ အကူအညီတောင်းခဲ့ရပါတယ်။ တကယ်တော့ ကျွန်တော်ဟာ ပေါဒီသမ့်တပင်ကျေးရွာမှာ ဘယ်မိန်းမလေးနဲ့မှ ကျူးလွန်ခဲ့ခြင်းမရှိပါဘူး။ သစ္စာဆိုပြီး ပြောရဲပါတယ်။ ကျွန်တော့်ရဲ့ အပြောအဆိုအနေအထိုင်မဆင်ခြင်မှုနဲ့ တစ်ဖက်ကလည်း အခွင့်အရေးတွေလိုချင်မှုတွေကြောင့် အထင်မှားစရာတွေဖြစ်ခဲ့ရတာပါ။ တကယ်ပြောတာပါ။ ကျွန်တော်ကျိန်ရဲပါတယ်။ ဒါကြောင့် ကိုပန်းမြ၊ ကိုသာခင်နဲ့ ကိုဂွတိုတို့ သံသယရှင်းကြဖို့ ကျွန်တော်အနူးအညွတ်တောင်းပန်ပါတယ်။ ကျွန်တော် ကိုပန်းမြတို့ကို ရှိခိုးကန်တော့ပြီး တောင်းပန်ပါရစေ"

ထို့နောက် ဝင်းသောင်းက ကိုပန်းမြ၊ ကိုသာခင်နှင့် ကိုဂွတိုတို့ကို လူထုပရိသတ်ရှေ့မှာပင် လိုက်လံ ရှိခိုးကန်တော့နေခဲ့သည်။ ထို့ကြောင့် ကိုပန်းမြတို့မှာလည်း ဝင်းသောင်းပြောနေသည်ကို ဟုတ်နိုးနိုးတွေးထင်သွားခဲ့ကြသည်။

ထို့နောက် ဝင်းသောင်းက သူ့အိတ်ထဲမှ စက္ကူထုပ်လေး သုံးထုပ်ကို နှိုက်ယူကာ ကိုဂွတို၊ ကိုပန်းမြနှင့် ကိုသာခင်တို့ကို တစ်ထုပ်စီပေးလိုက်သည်။

ထို့နောက် ဝင်းသောင်းက ပြောလိုက်သည်။

"ကိုဂွတို၊ ကိုသာခင်နဲ့ ကိုပန်းမြတို့ဟာ ကျွန်တော့်ကြောင့် အိမ်ထောင်ရေး ပဋိပက္ခတွေဖြစ်ပြီး အလုပ်အကိုင်တွေပျက်ခဲ့ကြရပါတယ်။ ဒါဟာ ကျွန်တော့်ကြောင့် ဖြစ်ရတာပါ။ ကျွန်တော့်မှာ တာဝန်ရှိပါတယ်။ ဒါကြောင့် ကျွန်တော် ပြန်ပြီး ကျေးဇူးပြုတဲ့အနေနဲ့ ဒီပစ္စည်းတွေကို ပေးလှူတာပါ။ လက်ခံပေးကြပါလို့ တောင်းပန်ပါတယ်၊ ဖွင့်ကြည့်လိုက်ကြပါ"

ကိုပန်းမြ၊ ကိုဂွတိုနှင့် ကိုသာခင်တို့က အယောင်ယောင်အမှားမှားနှင့် စက္ကူထုပ်လေးတွေကို ဖွင့်ကြည့်လိုက်ကြသည်။

"ဟာ"

"ဟင်"



www.burmeseclassic.com

ww.burmeseclassic.com



"ရွှေမန်ကျည်းစေ့လေးတွေ"

ရွှေမန်ကျည်းစေ့ကလေးတွေကို တွေ့လိုက်ရသဖြင့် အံ့သြသွားခဲ့ကြရသည်။ စက္ကူထုပ်ကလေးများတွင် ရွှေမန်ကျည်းစေ့လေးနှစ်စေ့စီပါရှိနေသည်။

ထို့နောက် ဝင်းသောင်းက အိတ်ကပ်ထဲမှ စက္ကူထုပ်တစ်ထုပ်ကိုနှိုက်ယူကာ သူကြီးကိုပေးလိုက်ပြန်သည်။ သူကြီးကလည်း လှမ်းယူလိုက်သည်။

ထို့နောက် ဝင်းသောင်းက ပြောလိုက်သည်။

"စက္ကူထုပ်ထဲမှာ ရွှေမန်ကျည်းစေ့ ဆယ်စေ့ပါပါတယ်။ သမ္မတပင်ကျေးရွာနဲ့ ရပ်ရေးရွာရေးကိစ္စမှာအသုံးပြုဖို့ ကျွန်တော်လှူပါတယ်"

"ဖြောင်း ဖြောင်း ဖြောင်း"

ပရိသတ်က လက်ခုပ်တီးကာ ဩဘာပေးလိုက်ကြသည်။ ဝင်းသောင်းမှာ သူ့အမှားကို သူတကယ်သိသွားခဲ့ပြီဟုလည်း ယုံကြည်လိုက်ကြတော့သည်။

ထို့ကြောင့် သူကြီးက ပြောလိုက်သည်။

"မောင်ဝင်းသောင်း အခုလိုပြောင်းလဲသွားခဲ့တာ ကိုယ်တွေ့မျက်မြင်မဟုတ်ရင် ယုံနိုင်စရာတောင်မရှိပါဘူး။ ဝမ်းသာပါတယ်ကွယ်။ ကဲ - မင်းတို့ရွာသူရွာသားတွေနဲ့ လက်တွဲပြီး တို့ရွာကောင်းရာကောင်းကျိုးတွေ ဘယ်လိုလုပ်မယ်လို့ စိတ်ကူးထားလဲ။ ပြောစမ်းပါဦးကွယ်"

"ကျွန်တော်ပြောတဲ့စကားကို ဆုံးအောင်နားထောင်ကြပါ။ ပြီးမှမေးချင်ရာမေးပါ။ ကျွန်တော့်စိတ်ကူးက တပေါင်းလပြည့်နေ့မှာ ဦးရှင်ကြီးနဲ့ သွားတွေ့တဲ့အခါ ကျွန်တော်နဲ့အတူရွာသားဆယ်ယောက်ကို ခေါ်သွားချင်တယ်။ ယောကျ်ားလေးငါးယောက်၊ မိန်းကလေးငါးယောက်ကို ဦးရှင်ကြီးနဲ့တွေ့ဆုံပေးမယ်။ ဦးရှင်ကြီးထံ မသေဆေးတိုက်ဖို့ တောင်းပန် ပြောဆိုမယ်။ တစ်နှစ်ကို ဆယ်ယောက် မသေဆေးသောက်ရအောင်လုပ်မယ်။ မသေဆေးကို ဦးရှင်ကြီးက ကိုယ်တိုင်တိုက်တာကြောင့် လူတွေကို ကျွန်တော်နဲ့အတူခေါ်သွားမှဖြစ်မှာ။ ယောကျ်ားတွေချည်း ဒါမှမဟုတ် မိန်းမ

www.burmeseclassic.com

www.burmeseclassic.com


တွေ့ပဲခေါ်သွားရင်လည်း မတရားသလိုဖြစ်နေမှာစိုးလို့ ယောက်ျား၊ မိန်းမ တစ်ဝက်စီခေါ်ဖို့ စဉ်းစားရတာပါ"

ဝင်းသောင်းပြောနေသည်မှာ သဘာဝကျနေသဖြင့် မည်သူကမှ စောဒကတက်ပြောဆိုခြင်းမရှိ။ ဝင်းသောင်းကလည်း စကားဆုံးမှ မေးချင်ရာမေးပါဟု စကားခံကလည်း ရှိနေခဲ့သဖြင့် အားလုံး ငြိမ်သက်နေခဲ့သည်။

ထို့နောက် ဝင်းသောင်းက ဆက်ပြောလိုက်ပြန်သည်။

"နောက်တစ်ခုကတော့ ကျွန်တော်တို့က ရေငန်ပိုင်ဦးရှင်ကြီး ဆီကနေ ရွှေငွေရတနာတွေတောင်းမယ်။ အဲဒီရွှေငွေရတနာတွေကို ထုခွဲရောင်းချပြီး ဟောဒီ သမ္မတပင်ရွာလေးမှာ ဘုရားတွေတည်မယ်။ ကျောင်းတွေဆောက်မယ်၊ ရေတွင်းရေကန်တွေ တူးဖော်မယ်။ စာသင်ကျောင်းတွေ တည်ဆောက်မယ်။ ဆေးရုံဆေးခန်းတွေဆောက်မယ်။ ရွာရဲ့ တိုးတက်ရာတိုးတက်ကြောင်းတွေ အကုန်လုပ်မယ်။ ပြီးရင် ရွာသူရွာသားတွေ ကောင်းကောင်းဝတ်ကောင်းကောင်းစားပြီး ချမ်းချမ်းသာသာနေကြရမယ်"

"ဖြောင်း . . . ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

ပရိသတ်က ဩဘာလက်ခုပ်တီးလိုက်ကြပြန်သည်။ ထို့နောက် ဝင်းသောင်းက ဆက်ပြောလိုက်ပြန်သည်။

"အဲဒီလို လုပ်ကိုင်ဆောင်ရွက်နိုင်ဖို့အတွက် ရေငန်ပိုင်ဦးရှင်ကြီးက သဘောကျကျေနပ်ဖို့လိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ဦးရှင်ကြီးပွဲတော်ကို ခြိမ့်ခြိမ့်သဲကျင်းပပြုလုပ်ရမှာဖြစ်သလို ဦးရှင်ကြီးနတ်နန်းနဲ့ ဦးရှင်ကြီးရုပ်တုကိုလည်း တခမ်းတနားထုလုပ်ပေးကြရမှာ ဖြစ်ပါတယ်။ အဲဒီလိုသာ ပြုလုပ်နိုင်မယ်ဆိုရင် ဦးရှင်ကြီးက သဘောကျမှာသေချာပါတယ်။ ဦးရှင်ကြီးသဘောကျတာနဲ့ ကျွန်တော်တို့စိတ်ကူးတွေ အောင်မြင်ပြီပဲ"

ဝင်းသောင်းက အစီအစဉ်ကျကျပြောဆိုနေသဖြင့် အားလုံးမှာ ဝင်းသောင်း၏ ပြောင်းလဲသွားမှုကို တအံ့တဩ ဖြစ်နေခဲ့ကြသည်။

ထို့နောက် ဝင်းသောင်းက ဆက်ပြောလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးရှင်ကြီးပွဲတော် ကျင်းပဖို့အတွက် နာမည်ကြီးဇာတ်အဖွဲ့တစ်ဖွဲ့ကို ငှားရမယ်။ ဦးရှင်ကြီးနန်းနဲ့ရုပ်တုအတွက် ကုန်ကျစရိတ်တွေရှိမယ်။ ဒီအတွက် အားလုံးကို ကျွန်တော်တစ်ယောက်တည်းပဲ အကုန်အကျခံသွားနိုင်ပါတယ်။ ဒါပေမယ့် ဒီကိစ္စဟာ တစ်ရွာလုံးကောင်းစားဖို့ကိစ္စဖြစ်နေတဲ့အတွက် တစ်ရွာလုံးကို ဦးရှင်ကြီးက ကျေနပ်သဘောကျဖို့ လိုအပ်မယ်လို့ တွေးမိပါတယ်။ ဒါကြောင့် ပွဲတော်ကျင်းပဖို့နဲ့ ရုပ်တုနတ်နန်းပြုလုပ်ဖို့အတွက် ရွာသူရွာသားတွေက တတ်နိုင်သလောက် အလှူငွေထည့်ဝင် လှူဒါန်းလိုက်မယ်ဆိုရင် ဦးရှင်ကြီးက တစ်ရွာလုံးကို သဘောကျကျေနပ်ပြီး ပိုမိုမ,စလာနိုင်တယ်လို့လည်း ကျွန်တော် တွေးဆမိပါတယ်"

"ဟုတ်တယ်၊ ဝင်းသောင်းပြောတာဟုတ်တယ်"

"ဟော့- ဇာတ်ပွဲငှားဖို့ ငါကတာဝန်ယူတယ်"

"တိုင်တွေ၊ သစ်တွေအတွက် ငါတာဝန်ထား"

"ဘိလပ်မြေအတွက်ငါလှူမယ်"

"အုတ်ဝယ်ဖို့ငွေ ငါ့ဆီမှာလာယူ။ သံဖိုးကုန်ကျသမျှ ငွေဘယ်လောက်လဲ၊ အခုချက်ချင်းအိမ်ပြန်ယူပြီးပေးမယ်"

"ဟော့- မင်းတို့ချည်းပဲလှူလို့ဖြစ်ပါ့မလား။ ငါတို့လည်း လှူဦးမှာပေါ့"

"ဟုတ်တယ်၊ တစ်ရွာလုံးကိစ္စ တစ်ရွာလုံးကလှူချင်တာပေါ့"

"တို့လည်း တတ်နိုင်သမျှတော့ လှူချင်တာပေါ့"

ရေငန်ပိုင်ဦးရှင်ကြီးအတွက် လှူကြရမည်ဆိုသဖြင့် အလှူရှင်များမှာ သူကလှူချင်ငါကလှူချင်နဲ့ အလုအယက်ဖြစ်နေခဲ့ကြတော့သည်။

ဤတွင် သက်ပိုင်စိုးက ဝင်ရောက် ပြောဆိုလိုက်သည်။

"ကဲကဲ - ဒီကိစ္စက တစ်ရွာလုံးနဲ့ သက်ဆိုင်နေတာကြောင့် တစ်ဦးတည်းအလှူရှင်မဖြစ်သင့်ပါဘူး။ ဒါကြောင့် သွပ်၊ သစ်၊ ဘိလပ်မြေလှူမယ့်လူတွေကလည်း မိမိတို့စိတ်တိုင်းကျ အလှူငွေသာ ထည့်ဝင်ပေးကြပါ။ ကျန်အလှူရှင်တွေကလည်း တတ်နိုင်သလောက် ထည့်ဝင်လှူဒါန်းကြပါ။ အလှူငွေရရင် ရသလောက် ပိုပြီး ကြီးကျယ်သထက်ကြီးကျယ်

www.burmeseclassic.com

www.burmeseclassic.com



အောင်၊ ခမ်းနားသထက် ပိုမိုခမ်းနားအောင် လုပ်နိုင်မယ်။ တစ်ရွာလုံးအလှူလည်း ဖြစ်မယ်"

ထို့ကြောင့် သက်ပိုင်စိုးပြောသည်ကို လက်ခံ သဘောတူလိုက်ကြသည်။ မည်သို့မည်ပုံ အလှူခံကြမည်ကို ဆက်လက်တိုင်ပင်ခဲ့ကြရာ ဝင်းသောင်းမှာ ပင်မလူဖြစ်နေသဖြင့် ဝင်းသောင်းထံတွင်သာ လာရောက် ပေးလှူကြရန် သဘောတူခဲ့ကြတော့သည်။ ဝင်းသောင်းမှာ အရင် သောင်းဝင်းမဟုတ်။ အမြင်မှန်ရရှိလာသော၊ စေတနာမှန်ဖြစ်လာသော ဝင်းသောင်းဖြစ်နေသည့်အပြင် အကျိုးခံစားခွင့်ရလဒ်မှာ ဝင်းသောင်းပေါ်တွင်သာ မူတည်နေသည်။ ထို့အပြင် လက်ရှိအချိန်တွင် ဝင်းသောင်းမှာ စေတနာထက်သန်နေသူတစ်ယောက်လည်း ဖြစ်နေပြန်သဖြင့် ဝင်းသောင်းကို ကျေးရွာအကျိုးလက်တွဲဆောင်ရွက်စိတ်များ ပိုမိုထက်သန်လာစေရန် အလှူငွေများကို ဝင်းသောင်းထံတွင်သာ အပ်နှံစေပြီး ဝင်းသောင်းကိုသာ ဦးဆောင်လုပ်ဆောင်စေခဲ့ခြင်း ဖြစ်သည်။

သို့သော် ဝင်းသောင်းကလက်မခံ။

"အလှူငွေတွေကို ကျွန်တော်လက်မခံပါရစေနဲ့။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ရဲ့ပြောင်းလဲမှုတွေကို တချို့က သံသယရှိချင်ရှိနေကြဦးမှာဖြစ်ပါတယ်။ ရရှိလာမယ့်အလှူငွေတွေကလည်း သိန်းကျော်သောင်းကျော်ရရှိလာမှာဖြစ်လို့ ကျွန်တော့်အနေနဲ့လည်း ဒီငွေတွေကို မကိုင်ချင်ပါဘူး။ ကျေးရွာကောင်းကျိုးအတွက် ဦးဆောင်လုပ်ကိုင်ပေးရုံပဲ ကျွန်တော် လုပ်ပေးပါရစေ။ အလှူငွေကို သင့်တော်တဲ့လူတွေကို ကိုင်ခိုင်းစေချင်ပါတယ်"

ထို့ကြောင့် ဝင်းသောင်းကို ပို၍ပင် စိတ်ချယုံကြည်သွားခဲ့ကြတော့သည်။

ထို့နောက် အလှူငွေလက်ခံမည့်သူများကို ရွေးချယ်ခဲ့ကြရာ သူကြီး၊ ထူးအောင်၊ သက်ပိုင်စိုး၊ ကိုချစ်နှင့် ဦးဝေထွန်းတို့ကို အားလုံးက သဘောကျခဲ့ကြသည်။ သို့သော် ထူးအောင်၊ သူကြီးတို့က ငွေကိုင်မလုပ်ချင်ကြသဖြင့် သက်ပိုင်စိုး၊ ကိုချစ်နှင့် ဦးဝေထွန်းတို့ကို အလှူငွေလက်ခံရန် ဆုံးဖြတ်ခဲ့ကြလေတော့သည်။

■



www.burmeseclassic.com

ww.burmeseclassic.com

## ပြောခဲ့တဲ့ကတိတည်ပါစေ

"ဟာ - လေးငယ်တို့ပါလား"

ထူးအောင်မှာ ဆရာတော်ဘုရား၏ကျောင်းမှ ပြန်လာခဲ့ရာ ကျောင်းဝင်းအဝင်ဝတွင် လေးငယ်နှင့် သူငယ်ချင်းများဖြစ်သော ခင်နှင်းလှိုင်နှင့် ဝင်းပတို့ကို တွေ့လိုက်ရသဖြင့် နှုတ်ဆက်ပြောဆိုလိုက်သည်။

"ထူးအောင်၊ နင်နဲ့ဘုန်းကြီးကျောင်း ဘာဆိုင်လို့လဲ။ နင် ဘာလာလုပ်တာလဲ"

"ဟာ- ကိုယ့်ရွာကကျောင်း ကိုယ်လာတာပဲ အဆန်းမှတ်လို့"

ထို့ကြောင့် ဝင်းပက ပြောလိုက်သည်။

"ဆန်းတာပေါ့ဟာ၊ နင်တို့က အကြောင်းကိစ္စရှိမှ ဘုန်းကြီး ကျောင်းကိုလာတဲ့လူတွေကိုးဟ"

"နင်တို့ကကော ဘာလာလုပ်ကြတာလဲ"

ဤတွင် မလေးငယ်က ပြောလိုက်သည်။

"တို့အဝင်က ပိန္နဲသီးတွေမှည့်လို့ အဖေက ဆရာတော်ဘုဉ်း ပေးဖို့ ပို့ခိုင်းလိုက်လို့ လာပို့တာ။ ဒါကြောင့် ဝင်းပနဲ့ခင်နှင်း လှိုင်တို့ကို အဖော်ခေါ်လာတာ"

မလေးငယ်က ထမင်းချိုင့်လေးကို မြှောက်ပြပြောဆိုလိုက် သည်။ ထို့နောက် ခင်နှင်းလှိုင်က ထူးအောင်ကိုမေးလိုက်ပြန်သည်။

"နင်ကကော စောစောစီးစီး ဘုန်းကြီးကျောင်းကို ဘာလာ လုပ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com


ထို့ကြောင့် ထူးအောင်က ပြောလိုက်သည်။

"နင်တို့သုံးယောက်စလုံးကို ငါပြောစရာရှိတယ်"

"ပြောလေဟာ"

"ပြောစရာတွေက များတယ်ဟ။ ဒီတော့ ငါစေတီရင်ပြင်တော်မှာ စောင့်နေမယ်။ ဆရာတော်ကို ပိန္နဲသီးကပ်ပြီး လာခဲ့ကြ။ ငါစောင့်နေမယ်"

ထို့နောက် ထူးအောင်က စေတီတော်ဆီသို့ ထွက်လာကာ မလေးငယ်တို့က ကျောင်းပေါ်သို့ တက်သွားခဲ့ကြတော့သည်။ ကျောင်းခေါင်းရင်းဘက်တွင် စေတီတော်လေးတစ်ဆူရှိသည်။ ရင်ပြင်တော်ပတ်လည်တွင် သရက်ပင်များရှိနေရာ ထူးအောင်က စေတီတော်ကိုရှိခိုးကန်တော့ပြီး သရက်ပင်တစ်ပင်အောက်တွင် ထိုင်ကာ မလေးငယ်တို့ကိုစောင့်နေလိုက်သည်။

ခဏအကြာတွင် မလေးငယ်တို့ရောက်ရှိလာကာ စေတီတော်ကို ရှိခိုးကန်တော့လိုက်ကြသည်။ ထို့နောက် ထူးအောင်ရှိရာသို့ လျှောက်လာကာ ထူးအောင်အနီးတွင် သစ်ရွက်ခြောက်များခင်းကာ ထိုင်လိုက်ကြသည်။

"ကဲပြော - နင် ဆရာတော်ကျောင်းကို ဘာလာလုပ်တာလဲ"

"ငါ ဆရာတော်ကိုလာလျှောက်တာဟ"

"ဘာလုပ်မလို့လဲ"

"ငါတို့ရွာမှာ တရားပွဲတွေကျင်းပမယ်။ တရားစခန်းတွေဖွင့်မယ်။ အဲဒီအတွက် ဆရာတော်ကို လာလျှောက်ရင်းနဲ့ လာတိုင်ပင်တာဆိုပါတော့ဟာ"

ထို့ကြောင့် ဝင်းပက ပြောလိုက်သည်။

"နေစမ်းပါဦးဟ- တစ်ရွာလုံးက ဦးရှင်ကြီးပွဲတော်ကျင်းပဖို့ ဦးရှင်ကြီးနန်းဆောက်ဖို့ ဦးရှင်ကြီးရုပ်တုပြုလုပ်ဖို့ စီစဉ်နေကြတာ နင်က တရားပွဲတွေကျင်းပဖို့ တရားစခန်းတွေဖွင့်ဖို့ လုပ်နေတယ်ဆိုတော့ ဘာလဲ နင်က ရွာကိုအတိုက်အခံလုပ်ချင်လို့လား"

"အတိုက်အခံဆိုတာ အဖျက်သဘောပါတယ်။ ကိုယ့်ဘာဝင်မကျနိုင်လို့ ကိုယ့်သဘောနဲ့မတိုက်ဆိုင်လို့ ဆန့်ကျင်ဘက်ပြုလုပ်တာကို အတိုက်အခံလို့ခေါ်တာ။ အခု ငါလုပ်ရတာ


www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှ မဆန့်ကျင်ဘူး။ သူတို့လည်း ကုသိုလ်ရေးလုပ်တာပဲ။ ငါလည်း ကုသိုလ်ရေးလုပ်တာပဲ။ ကုသိုလ်ရေးလုပ်တာအတူတူပဲ။ ဘယ်လိုလုပ်အတိုက်အခံဖြစ်မှာလဲ"

ထို့ကြောင့် မလေးငယ်က မေးလိုက်သည်။

"နင် ဒီလိုလုပ်ဖို့ ဘယ်သူတွေနဲ့ တိုင်ပင်ခဲ့သေးလဲ"

"တိုင်ပင်သင့်တဲ့လူတွေနဲ့တော့ တိုင်ပင်တာပေါ့ဟာ"

"သက်ပိုင်စိုးနဲ့ကော မတိုင်ပင်ဘူးလား"

"သူက လောလောဆယ် မသေဆေးရဖို့ကလွဲလို့ ဘာကိုမှ စိတ်မဝင်စားဘူး"

ထူးအောင်က ပြောလိုက်သဖြင့် မလေးငယ်က ထူးအောင်၏ မျက်နှာကို ဖျတ်ခနဲကြည့်လိုက်သည်။ ထူးအောင်နှင့် သက်ပိုင်စိုးတို့ကို မလေးငယ်က မသေဆေးယူပေးနိုင်သူ ငါ့ချစ်သူဟု ပြောဆိုထားခဲ့သည်ကို ဝင်းပနှင့် ခင်နှင်းလှိုင်တို့ကလည်း မလေးငယ်ပြောပြထားခဲ့သဖြင့် သိနေခဲ့ကြသည်။

ထို့ကြောင့် ခင်နှင်းလှိုင်က -

"နင်ကကော မသေဆေးရဖို့ စိတ်မဝင်စားဘူးလား"

"စိတ်မဝင်စားဘဲရှိပါ့မလား ခင်နှင်းလှိုင်ရယ်။ မသေဆေးရဖို့ကိစ္စဟာ ငါစိတ်အဝင်စားဆုံးကိစ္စပဲ"

"ဒါဆိုရင် နင်က ဦးရှင်ကြီးကိစ္စ အလှူငွေကိုဘာဖြစ်လို့လက်မခံတာလဲ။ မသေဆေးရဖို့အတွက်၊ ရွှေမန်ကျည်းစေ့တွေရဖို့အတွက် တစ်ရွာလုံးက ဦးရှင်ကြီးကိစ္စအတွက် အားကြိုးမာန်တက် ဆောင်ရွက်နေချိန်မှာ နင်က ဘာဖြစ်လို့ ရှောင်ဖယ်ရှောင်ဖယ်လုပ်နေရတာလဲ"

ဤတွင် မလေးငယ်က ဝင်ပြောလိုက်သည်။

"ဟုတ်တယ်၊ နင်က ဘာကိစ္စ အလှူငွေတွေကိုလက်မခံချင်ရတာလဲ။ အဖေလည်း ဒီလိုပဲ။ တစ်ရွာလုံးက သူတို့ကိုယ့်ကြည်လို့လုပ်စေချင်ကြတာ။ အခုတော့ နင်ရော အဖေပါ ရှောင်ဖယ်ရှောင်ဖယ်လုပ်နေတော့ ဘယ်စိတ်ကောင်းကြပါ့မလဲ"

ထို့ကြောင့် ဝင်းပက ပြောလိုက်ပြန်သည်။

"စိတ်မကောင်းရှိဘယ်ကမလဲ။ တချို့ကဆိုရင် ဝင်းသောင်း



www.burmeseclassic.com

www.burmeseclassic.com


ပြောင်းလဲလာတာကို ထူးအောင်က မနာလိုဖြစ်နေတယ်လို့ တောင် ထင်နေကြတာ"

"ဘာဆိုင်လို့လဲဟာ"

ထူးအောင်က မကျေမနပ် ပြောဆိုလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် ခင်နှင်းလှိုင်က ပြောလိုက်သည်။

"*ဘာလို့မဆိုင်ရမှာလဲဟာ၊ ဝင်းသောင်းကလည်း* လေးငယ်ကို မျှော်မှန်းနေတာ တစ်ရွာလုံးက ရိပ်မိနေကြတာပဲ။ ဝင်းသောင်းကသာ လေးငယ်ကို ဖွင့်မပြောသေးတာ"

"မဆိုင်ပါဘူးဟာ"

ထူးအောင်က ထိုမျှသာပြောဆိုလိုက်သည်။

ထို့ကြောင့် မလေးငယ်ကပြောလိုက်ပြန်သည်။

"ကဲပါ - ထားပါတော့။ ငါတို့သုံးယောက်ကို ပြောစရာရှိတယ်ဆိုတာ ဘာလဲ"

"ငါ အခုရွာမှာ တရားပွဲတွေကျင်းပနိုင်ဖို့ ကြိုးစားနေတယ်။ နောက်ပြီး တရားပြဆရာတွေပင့်ဖိတ်ပြီး တရားစခန်းတွေ ဖွင့်ဖို့လည်း ကြိုးစားနေတယ်။ အဲဒီအတွက် နင်တို့သုံးယောက်စလုံးကို ငါအကူအညီတောင်းချင်လို့"

"ပြော - ငါတို့ ဘာအကူအညီပေးရမှာလဲ။ ရွာထဲမှာ အလှူလိုက်ခံပေးရမှာလား"

မလေးငယ်က ပြောလိုက်သဖြင့် ထူးအောင်က -

"ဒီအချိန်မှာ အလှူခံလိုက်လို့ ဘယ်သူကထည့်မှာလဲဟာ။ လောလောဆယ် အကျိုးပေးနိုင်တဲ့ ဦးရှင်ကြီးကိုပဲ လှူချင်ကြမှာပေါ့။ ဒါကြောင့် ဒီကိစ္စနဲ့ပတ်သက်ပြီး ငါ ဘယ်မှ အလှူမခံဘူး။ ငါ့နည်းငါ့ဟန်နဲ့ပဲ ဖြစ်အောင်လုပ်မယ်"

"ဒါဆို ငါတို့က ဘာအကူအညီပေးရမလဲ"

ဝင်းပက မေးလိုက်ပြန်သဖြင့် ထူးအောင်က ပြန်ပြောလိုက်သည်။

"တို့ရွာမှာ တရားပွဲတွေကျင်းပတဲ့အခါမှာ နင်တို့သုံးယောက်စလုံး တရားလာနာကြဖို့၊ တရားစခန်းတွေဖွင့်တဲ့အခါမှာလည်း နင်တို့သုံးယောက်စလုံး တရားစခန်းဝင်ဖို့၊ နောက်ပြီး ရွာထဲကလူတွေကိုလည်း တရားနာလာကြဖို့ တရားစခန်း


www.burmeseclassic.com

www.burmeseclassic.com


ဝင်ကြဖို့၊ နင်တို့သုံးယောက်ကပဲ ရှင်းပြဆွဲဆောင်ပေးကြဖို့ ငါအကူအညီတောင်းတာပါ။ အဲဒါလေးတော့ ငါ့ကိုကူညီကြပါဟာ"

ထို့ကြောင့် မလေးငယ်က မေးလိုက်သည်။

"ဒီကိစ္စအတွက်မပူနဲ့။ နင်ပေးထားတဲ့ တရားစာအုပ်တွေကို တောင်မှ တို့သုံးယောက်ဖတ်ပြီး တခြားလူတွေကို တို့ကပေးဖတ်နေကြတာ။ နင့်တရားပွဲနဲ့ တရားစခန်းကို လူတွေရောက်လာအောင် ငါတို့တာဝန်ယူတယ်။ ကြုံတုန်း နင့်ကိုငါမေးချင်သေးတယ်"

"မေးလေ"

"ငါပြောထားတာ နင်သတိမှရသေးရဲ့လား"

"ဘာလဲဟ"

"မသေဆေးကိစ္စလေ"

"ငါကြိုးစားနေတာပါဟာ"

"နင်ကကြိုးစားနေပါတယ်လို့သာ ပါးစပ်ကပြောနေတာ။ ငါပြောခဲ့တဲ့အချိန်ကစပြီး ဒီကနေ့အထိ အကျိုးဘယ်လို အကြောင်းဘယ်လိုဆိုတာ တစ်ခွန်းမှမပြောခဲ့ဘူး။ အခုငါမေးမှ ကြိုးစားနေပါတယ်လို့ ပြောဖော်ရတာ။ သက်ပိုင်စိုးဆိုရင် သူဘယ်လိုကြိုးစားနေကြောင်း၊ ဘယ်လိုအခြေအနေရှိနေပြီဖြစ်ကြောင်း တွေ့တိုင်းကြုံတိုင်း ပြောပြောနေလို့ နားတောင်ငြီးတယ်။ နင်စိတ်ကောဝင်စားရဲ့လား"

"သက်ပိုင်စိုးကလည်း သူ့နည်းသူ့ဟန်နဲ့ ကြိုးစားနေသလို ငါကလည်းငါနည်းငါဟန်နဲ့ ကြိုးစားနေပါတယ်ဟာ။ ငါအခုလုပ်နေတဲ့ကိစ္စတွေကလည်း ကြိုးစားမှုတွေထဲမှာပါပါတယ်"

ထူးအောင်ပြောနေသည်ကို မလေးငယ်တို့သုံးယောက် နားမလည်နိုင်။ ဘယ်နားလည်နိုင်ပါ့မလဲ။ အများသူငါက မသေဆေးရဖို့၊ ကြီးပွားချမ်းသာဖို့အတွက် ဦးရှင်ကြီးပွဲတော်ကိစ္စ ကြိုးစားနေကြချိန်မှာ ထူးအောင်က တရားပွဲတွေ ကျင်းပဖို့ ကြိုးစားနေခဲ့သည်။ ဘာစိတ်ကူးနှင့် ဘယ်လိုလုပ်နေသည် မသိ။ မသိသော်လည်း မလေးငယ်တို့က မေးမြန်းခြင်းမပြုကြတော့ပေ။

ထို့နောက် ဝင်းပက ထူးအောင်ကို မေးလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com


"နင်နဲ့ သက်ပိုင်စိုး အဆင်ကောပြေကြရဲ့လား"

"ဒီကောင်က ဘာပြောလို့လဲ"

"သက်ပိုင်စိုးကတော့ ဘာမှမပြောပါဘူး။ ဒါပေမယ့် အရင်ကဆို ဘာပဲလုပ်လုပ် နင်တို့နှစ်ယောက် တတွဲတွဲနဲ့ တိုင်တိုင်ပင်ပင်လုပ်နေကြတာ။ အခုတော့ နင်ကတစ်မျိုး၊ သက်ပိုင်စိုးကတစ်မျိုး။ နောက်ပြီး နင်နဲ့သက်ပိုင်စိုးနဲ့ တွဲတာလည်း သိပ်မတွေ့ရတော့ဘူး။ သက်ပိုင်စိုးကလည်း ဝင်းသောင်းတို့ကိုချစ်တို့နဲ့ အတွဲများနေတယ်။ ဒါကြောင့် မေးကြည့်တာပါ"

"သူနဲ့ငါ ဘာမှမဖြစ်ပါဘူး။ ဒါပေမယ့် လူတစ်ကိုယ်စိတ်တစ်မျိုးဆိုတော့ သူကြိုက်တာသူလုပ်၊ ငါကြိုက်တာငါလုပ်ပေါ့ဟာ"

"အေးလေ၊ ဒါကတော့ နင်တို့အကြောင်းပဲ။ ငါ့အကြောင်းကတော့ ငါ့စကားအတည်ပဲ။ မသေဆေးရှာပေးနိုင်သူ ငါ့ချစ်သူပဲ။ နောက်တစ်ခု ငါထပ်ပြောလိုက်ဦးမယ်။ အခုဆိုရင် ဝင်းသောင်းဟာ တော်တော်လေးအချိုးပြောင်းလာတာ နင်တို့လည်းအသိပဲ။ မကြာခင်မှာ ဝင်းသောင်းဟာ နင်တို့သက်ပိုင်စိုးတို့လိုပဲ ငါ့ကို ချစ်ရေးဆိုလာမှာ သေချာတယ်။ လက်ရှိအချိန်မှာ ဝင်းသောင်းဟာ နင်နဲ့ သက်ပိုင်စိုးလိုပဲ လက်မခံနိုင်စရာအကြောင်း မရှိတော့ဘူး။ မှားဖူးတဲ့လူဟာ မမှားဘူးတဲ့လူထက် အမှားကို ပိုကြောက်လေ့ရှိတယ်။ ဒါကြောင့် ဝင်းသောင်းကိုလည်း နင်နဲ့သက်ပိုင်စိုးကိုပြောသလို ပြောရမှာပဲ။ နင်သိအောင် ငါကြိုပြောတာ။ သက်ပိုင်စိုးကိုလည်း အဲဒီအကြောင်း နင်ပြောပြလိုက်ပါ"

မလေးငယ်က ထူးအောင်နှင့် သက်ပိုင်စိုးတို့ကို ပြောခဲ့သလို ဝင်းသောင်းကိုလည်း ထိုကဲ့သို့ပင်ပြောဆိုခဲ့မည်ဆိုလျှင် ဝင်းသောင်းအတွက် အခွင့်အရေးများစွာ သာလွန်သွားတော့မည် ဖြစ်သည်။

သို့သော် ထူးအောင်က တုန်လှုပ်မှုမရှိဘဲ မလေးငယ်ကိုပြန်ပြောလိုက်သည်။

"ဟုတ်ပြီလေ၊ နင်သာ နင့်စကားတည်အောင်ကြိုးစားပါ"

ထို့နောက် ဝင်းပက ပြောလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com


"ကဲ - တို့လည်း တော်တော်ကြာသွားခဲ့ပြီ။ တော်တော်ကြာ လူကြီးတွေစိတ်ပူနေဦးမယ်။ သွားကြစို့"

ဂျိုကြောင့် ထူးအောင်က ပြောလိုက်သည်။

"နင်တို့ ငါပြောတာလည်း မမေ့ကြနဲ့ဦးနော်"

"ဘာလဲ"

"ငါ့အကူ အညီတောင်းထားတဲ့ကိစ္စလေ"

"အေးပါဟယ်"

ခင်နှင်းလှိုင်က ပြောလိုက်ခြင်း ဖြစ်သည်။ မလေးငယ်ကမူ ထူးအောင်က သူမ၏တောင်းဆိုမှုတွေကို အလေးမထားဘဲ လုပ်ချင်ရာတွေလျှောက်လုပ်နေသဖြင့် ဘဝင်မကျဖြစ်နေသဖြင့် ဘာစကားမှမပြောတော့။ ထို့နောက် လေးငယ်တို့သုံးယောက် ထ,ပြန်လာခဲ့ကြတော့သည်။

ထူးအောင်က လေးငယ်တို့ကို မျက်စိတစ်ဆုံးကြည့်ကာ ရေရွတ်ပြောဆိုနေခဲ့လေတော့သည်။

"ငါ့အခုကြိုးစားလုပ်ကိုင်နေတာတွေဟာ နင့်ကိုမသေဆေး ယူပေးနိုင်ဖို့အတွက် လုပ်ကိုင်ဆောင်ရွက်နေတာယ်ဆိုတာ နင်တစ်နေ့သိလာရမှာပါ လေးငယ်ရယ်။ အဲဒီအချိန်ကျရင် သာ နင်ပြောခဲ့တဲ့ကတိတည်ပါစေလို့ ငါဆုတောင်းနေပါတယ်ဟာ"

■


www.burmeseclassic.com

www.burmeseclassic.com

## ကုန်သည့်ရေစက် ပြန်မဆက်

"သူကြီး၊ ဗျို့ . . . သူကြီး"

"အဖေမရှိဘူး။ ဆရာတော်ကျောင်းသွားတယ်"

အိမ်ရှေ့မှ ခေါ်သံကြားလိုက်ရသဖြင့် မီးဖိုချောင်ထဲတွင် အိုးခွက်ပန်းကန်များကို တိုက်ချွတ်ဆေးကြောနေသော မလေးငယ် အိမ်ရှေ့သို့ ဟစ်အော်ပြောဆိုလိုက်ခြင်း ဖြစ်သည်။ ထို့နောက် လေးငယ်က အိမ်ရှေ့သို့ထွက်လာခဲ့ရာ -

"ဩော် - ကိုဝင်းသောင်းပါလား၊ အဖေမရှိဘူး။ တရားပွဲကိစ္စဆိုလားဘာလားမသိဘူး။ ဆရာတော်ကျောင်းကိုသွားတယ်"

"တင်စိုးတို့ကော"

"အစ်ကိုတင်စိုးက ဦးဝေထွန်းတို့အိမ်မှာလေ။ အလှူခံကိစ္စ အလုပ်ရှုပ်နေကြတာ။ တစ်ခါတလေ ဦးဝေထွန်းအိမ်မှာပဲ စားသောက်ပြီး ညကျပြန်လာတာ။ ကိစ္စရှိလို့လား"

"ကိစ္စမရှိပါဘူး။ တမင်သက်သက် စကားပြောရအောင်လာခဲ့တာ"

"အဖေနဲ့စကားပြောစရာရှိလို့လား။ အဖေက ကြာဦးမယ်ထင်တယ်"

"မဟုတ်ပါဘူး၊ မလေးငယ်နဲ့ ပြောစရာရှိလို့ပါ"

"ရှင်"

အမှန်တကယ်တွင်မူ သူကြီးဦးလှကျော်ကျောင်းကိုသွားနေ

www.burmeseclassic.com

www.burmeseclassic.com


သည်။ ကိုဝင်းသောင်းသိနေသကဲ့သို့ တင်စိုးမှာလည်း ဦးဝေထွန်း အိမ်တွင်ရှိနေကြောင်း ဝင်းသောင်း သိရှိနေခဲ့ပါသည်။ ထို့ကြောင့် အိမ်တွင် မလေးငယ်တစ်ယောက်တည်းသာ ရှိနေမည်ကို သိနေသဖြင့် ဝင်းသောင်း လာခဲ့ခြင်းပင်ဖြစ်သည်။ ဝင်းသောင်းမှာ အကြံနှင့် လာသူဖြစ်သဖြင့် မလေးငယ်ကိုပြောလိုက်သည်။

"ဧည့်သည်ကို ထိုင်ခွင့်တောင်မှမပေးတော့ဘူးလား မလေးငယ်"

"ကျွန် . . . ကျွန်မ အလုပ်တွေ ရှိ . . . ရှိနေသေးလို့ပါ"

အိမ်မှာ ဘယ်သူမှမရှိသဖြင့် မလေးငယ် ဝင်းသောင်းကို ဧည့်ခံစကားမပြောလိုသည်မှာ အမှန်ပါ။ ထို့ကြောင့် မလေးငယ်က ထိတ်လန့်စွာ ပြောဆိုလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် ဝင်းသောင်းက ပြောလိုက်သည်။

"ကျွန်တော့်ကို မစိုးရိမ်ပါနဲ့ မလေးငယ်။ ကျွန်တော့်ရဲ့ညစ်နွမ်းမှုတွေကို ခဝါချပြီး အတိတ်က အညစ်အကြေးတွေကို လုံးဝ သန့်စင်သွားအောင် ကျွန်တော်ကြိုးစားနေသူပါ။ အိမ်မှာ ဘယ်သူမှမရှိတဲ့အချိန်မှာ ကျွန်တော်နဲ့မလေးငယ် နှစ်ယောက်တည်း မတင့်တယ်ဘူးဆိုတာ ကျွန်တော်နားလည်ပါတယ်။ ဒါပေမယ့် ကျွန်တော်ပြောချင်တာလေးတွေကို ပြောနိုင်တဲ့ အခွင့်အရေးလေးကိုတော့ ကျွန်တော်လက်လွှတ်မဆုံးရှုံးပါရစေနဲ့ဗျာ"

ဝင်းသောင်း ဘာပြောမည်ဆိုသည်ကို မလေးငယ်ကြိုတင်သိရှိနေခဲ့ပါသည်။ သို့သော် ဝင်းသောင်းမှာ တကယ် လူယဉ်ကျေးတစ်ယောက်ပမာ ပြောဆိုနေပြန်သဖြင့် မလေးငယ်က ဘာပြန်ပြောရမည်မသိ။

ထို့နောက် -

"ကျွန်တော် ခဏလောက်ထိုင်ပါရစေ မလေးငယ်။ ပြောပြီးရင် ကျွန်တော်ပြန်မှာပါ"

မလေးငယ် အယောင်ယောင်အမှားမှားနှင့် ခေါင်းညိတ်လိုက်သည်။ ထို့ကြောင့် ဝင်းသောင်းက ထိုင်ခုံတွင်ဝင်ထိုက်လိုက်ပြီး မလေးငယ်ကိုပြောသည်။

"ခဏလောက်ထိုင်ပါဦးမလေးငယ်။ ကျွန်တော်ပြောပြီးရင်

www.burmeseclassic.com

ww.burmeseclassic.com


ပြန်မှာပါ"

မလေးငယ် ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ ထို့နောက် ဝင်းသောင်းက ပြောလိုက်သည်။

"အစွန်းအထင်းဆိုတာ ပြန်ဖျက်ဖို့မလွယ်ပါဘူး မလေးငယ်။ စာရွက်ပေါ်မှာ ရေးခြစ်ထားတဲ့ ခဲရာလေးတွေကို ခဲဖျက်နဲ့ ဖျက်လို့ပျက်သွားနိုင်ပေမယ့် စာရွက်ပေါ်မှာ ခဲတံနဲ့ ဖိရေးခဲ့တဲ့အရာလေးတွေကိုတော့ ဖျောက်ဖျက်လို့ မရနိုင်သလို စာရွက်မှာလည်း မည်းညစ်မှုတွေ ရှိနေဦးမှာပါ။ ဘဝမှာဖြစ်ပေါ်ခဲ့တဲ့ အစွန်းအထင်းတွေကျတော့ ပိုပြီးဖျက်ရခက်တာပေါ့ဗျာ။ ဒါပေမယ့် ကျွန်တော်ကြိုးစားပြီးဖျက်နေပါတယ် မလေးငယ် တကယ်ပါ။ မယုံဘူးဆိုရင်လည်း ကျွန်တော်အပြစ်မပြောလိုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ကောင်းမှုမကောင်းခဲ့တာဘဲ။ ဒီတော့ မယုံတဲ့လူကို အပြစ်ပြောလိုက်လို့မဖြစ်ဘူးလေ။ အဲဒီလို လူတစ်ယောက်ကို မလေးငယ် ဘယ်လိုမှ မေတ္တာမမျှနိုင်ဘူးဆိုတာလည်း ကျွန်တော် သိနေခဲ့ပါတယ်"

"ရှင်"

မလေးငယ် စိုးရိမ်လှုပ်ရှားနေသည်ကလွဲလို့ ဘာပြန်ပြောရမည်မသိ။ ထို့နောက် ဝင်းသောင်းက ဆက်ပြောလိုက်ပြန်သည်။

"ကျွန်တော် မလေးငယ်ကို မေတ္တာစစ်နဲ့ ချစ်ခဲ့တာပါ။ ကျွန်တော့်ကို ပြန်လည်မေတ္တာမျှပါလို့ အတင်းအကျပ်မတောင်းဆိုချင်ပေမယ့် မလေးငယ်ရဲ့မေတ္တာကိုမျှော်လင့်နေကြောင်းကိုတော့ ပြောခဲ့ပါရစေ"

ထို့နောက် ဝင်းသောင်းက အိတ်ထဲမှ စက္ကူထုပ်ကလေးကို ယူကာ ဖြေလိုက်သည်။ စက္ကူထုပ်လေးထဲတွင် ရွှေမန်ကျည်းစေ့တစ်စေ့။ ဝင်းသောင်းက ခုံပေါ်တင်ကာ ပြောလိုက်သည်။

"ဒီရွှေမန်ကျည်းစေ့လေးကို မလေးငယ်ကို ကျွန်တော်လက်ဆောင်ပေးခဲ့ပါရစေ။ တကယ်လို့ မလေးငယ် ကျွန်တော့်ကို ပြန်မချစ်နိုင်ဘူးဆိုရင် ဒီကျွန်တော့်လက်ဆောင်လေးကို ထားလိုက်ပါ။ ကျွန်တော့်မေတ္တာကို လက်ခံတယ်ဆိုရင်တော့ ဒီရွှေမန်ကျည်းစေ့လေးကို လက်မခံပါနဲ့၊ ကျွန်တော့်ကိုပြန်

www.burmeseclassic.com

ww.burmeseclassic.com


ပေးပါ"

ခက်ပြီ။ မလေးငယ်အခက်တွေ့နေပါပြီ။ ရွှေမန်ကျည်းစေ့လေးကို လက်မခံဘဲ ပြန်ပေးလိုက်လျှင် ဝင်းသောင်း၏ အချစ်ကို လက်ခံရာရောက်သွားပေတော့မည်။ ဝင်းသောင်းပေးသော ဒီရွှေမန်ကျည်းစေ့ကိုလည်း မလိုချင်။ လေးငယ်ဘာလုပ်ရမှန်းမသိ ဖြစ်နေခဲ့တော့သည်။

ထိုစဉ် -

"ဟင်"

မလေးငယ်တစ်ယောက် သွေးပျက်ချောက်ချားစွာ တုန်လှုပ်သွားခဲ့တော့သည်။ ဝင်းသောင်း၏ ရွှေမန်ကျည်းစေ့လေးကို ယူရအခက်၊ မယူရအခက်ဖြစ်နေစဉ် အိမ်ဝသို့အမှတ်မထင်ကြည့်လိုက်မိရာ ထူးအောင်ကို တွေ့မြင်လိုက်ရသဖြင့် မလေးငယ်တုန်လှုပ်သွားခဲ့ရခြင်း ဖြစ်သည်။

ထူးအောင်များ အထင်လွဲသွားခဲ့လေပြီလားဟု စိုးရိမ်စိတ်တွေ မိုးတိမ်ထိပ်အထိ ရောက်သွားခဲ့တော့သည်။ ထူးအောင် ဘယ်အချိန်က ရောက်နေသည်မသိ။ မလေးငယ် လှမ်းကြည့်လိုက်တော့ ထူးအောင်က မျက်စိမျက်နှာပျက်နှင့် သူတို့နှစ်ယောက်ကို ကြည့်နေသည်။ ဝင်းသောင်းကတော့ ထူးအောင်ကြည့်နေသည်ကိုမသိ။ ထို့ကြောင့် ရွှေမန်ကျည်းစေ့လေးကို ပြန်ကောက်ယူလိုက်ပြီး မလေးငယ်ကို ပေးလိုက်ပြန်သည်။

"ယူလိုက်ပါ မလေးငယ်။ ဘာလဲ မလေးငယ် ဒီရွှေမန်ကျည်းစေ့ကို ကျွန်တော့်ကို ပြန်ယူသွားစေချင်လို့လား"

"အို - မဟုတ်ဘူး မဟုတ်ဘူး။ ပေး. . . ပေး"

ရွှေမန်ကျည်းစေ့လေးကို ဝင်းသောင်းကို ပြန်ပေးလိုက်လျှင် ဝင်းသောင်း၏အချစ်ကို လက်ခံရာရောက်သွားမည်ဖြစ်သဖြင့် မလေးငယ်က ရွှေမန်ကျည်းစေ့လေးကို အလျင်အမြန် လှမ်းယူလိုက်သည်။

ထိုစဉ် ထူးအောင်ကလှည့်ထွက်သွားခဲ့သဖြင့် လေးငယ်က အလျင်စလို လှမ်းခေါ်လိုက်သည်။

"ထူးအောင် ထူးအောင် ထူးအောင်"

ထူးအောင်က နောက်သို့ လှည့်မကြည့်တော့ဘဲ ခပ်သုတ်


www.burmeseclassic.com

ww.burmeseclassic.com

သွတ် ထွက်သွားခဲ့တော့သည်။ ထို့ကြောင့် ဝင်းသောင်းကလည်း ထူးအောင်ကို တွေ့မြင်သွားခဲ့တော့သည်။

"ထူးအောင် ကျွန်တော်တို့ကို အထင်လွဲသွားပြီနဲ့တူတယ် မလေးငယ်။ ကျွန်တော်စိတ်မကောင်းပါဘူးဗျာ။ ထူးအောင်ကို ကျွန်တော်ရှင်းပြလိုက်ပါ့မယ်။ ကျွန်တော်ပြန်ပါဦးမယ်။ ကျွန်တော့်မေတ္တာကို လက်ခံနိုင်တဲ့နေ့မှာ ကျွန်တော့် ရွှေမန်ကျည်းစေ့လေးကို ကျွန်တော့်ကိုပြန်ပေးပါ။ ကျွန်တော် မျှော်လင့်နေပါတယ် မလေးငယ်"

ထို့နောက် ဝင်းသောင်းက ပြန်သွားခဲ့တော့သည်။ ဝင်းသောင်းပြန်သွားခဲ့ပြီးနောက် မလေးငယ်မှာ ရွှေမန်ကျည်းစေ့လေးကို ပြန်ကြည့်နေမိခဲ့သည်။ ထို့နောက် ရွှေမန်ကျည်းစေ့လေးကို ပြတင်းပေါက်မှ အပြင်သို့ လွှင့်ပစ်လိုက်တော့သည်။

မလေးငယ်က ရွှေမန်ကျည်းစေ့လေးကို လွှင့်ပစ်လိုက်သော်လည်း ထူးအောင်ကမူ မလေးငယ်နှင့် ဝင်းသောင်းကို အထင်လွဲသွားခဲ့ပြီ ဖြစ်သည်။ ထူးအောင်မှာ ဝင်းသောင်းနှင့် မလေးငယ်တို့၏ အခြေအနေကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရသည်။ ဒီမြင်ကွင်းကို မျက်စိထဲကဖျောက်လို့မရ။ ထို့အပြင် ဘုန်းတော်ကြီးကျောင်းဝတွင် တွေ့ခဲ့စဉ်က မလေးငယ်ပြောခဲ့တဲ့စကားတွေကိုလည်း ပြန်လည်ကြားယောင်နေမိပြန်သည်။

'မကြာခင် ဝင်းသောင်းဟာ နင်နဲ့ သက်ပိုင်စိုးတို့လိုပဲ ငါ့ကို ချစ်ရေးဆိုလာမှာ သေချာတယ်။ လက်ရှိအချိန်မှာ ဝင်းသောင်းဟာ နင်နဲ့ သက်ပိုင်စိုးတို့လိုပဲ လက်မခံနိုင်စရာအကြောင်းမရှိဘူး'

မလေးငယ်ပြောခဲ့တဲ့စကားတွေကို နားထဲတွင် ပဲ့တင်ထပ်ကြားယောင်နေပြန်သဖြင့် မလေးငယ်က ဝင်းသောင်းပေးသော ရွှေမန်ကျည်းစေ့လေးကို အလျှင်အမြန် လှမ်းယူလိုက်သည်မှာ မလေးငယ်နှင့် ဝင်းသောင်းတို့ အဆင်ပြေနေသည်ဆိုသည်မှာ သံသယဖြစ်ဖွယ်မရှိ ။

ဤသို့ဆိုလျှင် -

မလေးငယ်နှင့် ထူးအောင်တို့ ရေစက်ကုန်ဆုံးခဲ့ပြီ ဖြစ်သည်။ ကုန်သည့်ရေစက်ကို ပြန်ဆက်ရန် မည်သို့မျှ ဖြစ်နိုင်သည်မဟုတ်။

www.burmeseclassic.com

ww.burmeseclassic.com


ထူးအောင်အနေနှင့်လည်း ကုန်သည့်ရေစက် ပြန်မဆက်လို့ပေ။

ထို့ကြောင့် မလေးငယ်တို့အိမ်နှင့် ဝေးနိုင်သမျှဝေးရန် ခပ်သွက်သွက်လျှောက်လာခဲ့လေတော့သည်။

■

www.burmeseclassic.com

ww.burmeseclassic.com

၁၉

## အနုကိုကျွဲခတ်မခံနိုင်သူ

"ဘာ- ဘာပြောတယ်၊ ဝင်းသောင်းနဲ့ လေးငယ်အဆင်ပြေနေကြပြီဟုတ်လား။ မင်းကိုဘယ်သူပြောလဲ"

"ဘယ်သူမှပြောတာမဟုတ်ဘူး။ ငါကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရတာ"

ထူးအောင်က ပြောလိုက်သဖြင့် သက်ပိုင်စိုး မယုံသလို ပြန်မေးလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် ထူးအောင်က သူတွေ့မြင်ခဲ့ရသည်များကို ပြန်လည် ပြောပြလိုက်သည်။

"လေးငယ်ကလည်းကွာ၊ ဘယ်ကဘယ်လိုလာမှန်းမသိရတဲ့လူကိုမှ ကြိုက်ရတယ်လို့ကွာ။ ဘာလဲ ဒီကောင် မလေးငယ်ကို မသေဆေးယူပေးခဲ့လို့လား"

"အဲဒါတော့ ငါလည်း ဘယ်သိမလဲကွာ။ လေးငယ်ကို မေးကြည့်မှ သိမှာပေါ့"

"ဒါဆို လာ- သွားမေးကြမယ်"

"မမေးချင်တော့ပါဘူးကွာ"

"ဟော့ကောင် ထူးအောင်၊ လေးငယ်ကို မင်းနဲ့ငါတစ်ယောက်ယောက်ပိုင်ဆိုင်ကြရမှာကွ။ ငါပိုင်ရင်ပိုင် ငါမပိုင်ရင် မင်းပိုင်။ ဒါဆို ကျေနပ်တယ်။ အခုတော့ကွာ၊ တို့ကြားမှာ အချောင်နေရာဝင်ယူသွားတာ ငါ လုံးဝ မကျေနပ်ဘူးကွ။ မကျေနပ်ဘူး"

"ရည်းစားလုလုအနုကျွဲခတ်ဖြစ်မနေစမ်းပါနဲ့ သက်ပိုင်စိုး

www.burmeseclassic.com

www.burmeseclassic.com



ရာ။ မင်းမခံကျေနပ်တော့ကော သူကြည်ဖြူလို့သူလက်ခံတာ။ မင်း ဘာလုပ်လို့ရမှာလဲ"

"ထူးအောင် မင်းက အူနုကြွဲခတ်ခံနိုင်ပေမယ့် ငါမခံနိုင်ဘူးကွ"

"မခံနိုင်တော့ မင်းကဘာလုပ်မလဲ"

ထူးအောင်က ပြောလိုက်သဖြင့် သက်ပိုင်စိုးငိုင်ကျသွားတော့သည်။ ဟုတ်သည်လေ။ သက်ပိုင်စိုး ဘာလုပ်လို့ရမှာလဲ။ လေးငယ်ကိုယ်တိုင်က ကြည်ဖြူနေပြီဆိုမှတော့ ဘာလုပ်လို့ရတော့မှာလဲ။ ဒါပေမယ့် အူနုကိုကြွဲခတ်မခံနိုင်တာကတော့ အမှန်တကယ်ပါ။ ဒီတော့ သက်ပိုင်စိုးဘာလုပ်မလဲ။ တစ်ခုခုတော့လုပ်ကိုလုပ်ရမယ်။ မသေဆေးယူပေးနိုင်သူ ငါ့ချစ်သူဆိုလို့ သက်ပိုင်စိုးကတော့ မသေဆေးရဖို့ကြိုးစားလိုက်ရတာ။ အခုတော့ ကြိုးစားခဲ့သမျှ သဲထဲရေသွန်သလိုဖြစ်ခဲ့ရပြီဆိုတော့ ဘယ်လိုလုပ်ခံစားနိုင်တော့မှာလဲ။ ဒီတော့ သက်ပိုင်စိုးတစ်ခုခုလုပ်ရမည်။ တစ်ခုခုကိုလုပ်ရမှ ကျေနပ်မည်။

ထို့ကြောင့် သက်ပိုင်စိုးက ထူးအောင်ကို တိုင်ပင်ပြောဆိုလိုက်သည်။

"ဝင်းသောင်းကို ရှင်းပစ်လိုက်ရင်ကောင်းမယ်။ ဘယ်နှယ့်လဲ"

"ဝင်းသောင်းကို ရှင်းပစ်လိုက်လို့ လေးငယ်က မင်းကိုချစ်သူအဖြစ် လက်ခံလာမှာလား"

"လေးငယ် ငါ့ကို ချစ်သူအဖြစ်လက်ခံတာ၊ လက်မခံတာထက် ဝင်းသောင်းနဲ့ လေးငယ် ချစ်သူဖြစ်တာကို ငါလုံးဝလက်မခံနိုင်ဘူး။ မင်းကကော လက်ခံနိုင်လို့လား"

"သက်ပိုင်စိုး၊ မင်းသိပ်ပြီးသွေးဆူနေပြီ။ သွေးအေးအေးနဲ့စဉ်းစားစမ်းပါကွာ။ ဒီကိစ္စက မင်းတို့ငါတို့ ဆုံးဖြတ်ရမယ့်ကိစ္စမဟုတ်ဘူးလေကွာ။ လေးငယ်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပဲ။ တို့လက်မခံလည်း သူလုပ်ချင်တာသူလုပ်တာ ဘာဖြစ်လဲ။ မင်းတားလို့ရမလား"

ထို့ကြောင့် သက်ပိုင်စိုး ငြိမ်ကျသွားခဲ့သည်။ ငြိမ်ကျသွားခဲ့သည်ဆိုသော်လည်း သက်ပိုင်စိုးက မကျေမနပ် ပြောလိုက်ပြန်



www.burmeseclassic.com

ww.burmeseclassic.com



သည်။

"ငါမကျေနပ်ဘူးကွာ၊ ငါ လေးငယ်ကိုတွေ့ပြီး မေးချင်သေးတယ်။ မင်းပါလိုက်ခဲ့"

"ငါမတွေ့ချင်တော့ဘူးကွာ"

ထူးအောင်မှာ မလေးငယ်ကို အမှန်တကယ် မတွေ့လိုတော့ပါ။ ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခဲ့ရသူဖြစ်၍ မတွေ့လိုခြင်းပင် ဖြစ်သည်။

ထို့ကြောင့် သက်ပိုင်စိုးက ပြောလိုက်ပြန်သည်။

"တို့ကို မသေဆေးယူပေးသူငှါ့ချစ်သူလို့ ပြောခဲ့တုန်းက တို့နှစ်ယောက်စလုံးကို အတူတူခေါ်ပြောခဲ့တာ။ အခုလည်း တို့နှစ်ယောက်အတူတူ သူ့ခေါ်ပြီး ပြတ်ပြတ်သားသားမေးရမယ်။ မနက်ဖြန် ရွာပြင်ကဇရပ်ကို ချိန်းလိုက်မယ်။ ဝင်းပနဲ့ ခင်နှင်းလှိုင်တို့က တစ်ဆင့်ချိန်းလိုက်မယ်။ မင်းဆက်ဆက်လာခဲ့။ မင်းမလာရင်တော့ နောက်နောင် ငါ့ကို ဘယ်တော့မှ မခေါ်နဲ့တော့"

ထို့နောက်၊ အူနုကိုကျွဲခတ်မခံနိုင်သော သက်ပိုင်စိုးက မလေးငယ်ကိုချိန်းဆိုရန် စတင် လှုပ်ရှားခဲ့လေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## သံသယပျောက်လို့ အမုန်ဘဝရောက်

နောက်တစ်နေ့တွင် သက်ပိုင်စိုးနှင့် ထူးအောင်တို့ ရွာပြင်ဇရပ်ဆီသို့ ရောက်လာခဲ့ကြတော့သည်။ ရွာပြင်ဇရပ်တွင် ဘိန်းစားငထွန်းမရှိ။ သူ၏ပစ္စည်းများလည်းမရှိ၊ ငထွန်းခရီးသွားနေဟန်ရှိသည်။

ထို့နောက် မလေးငယ်နှင့်အတူ ဝင်းပနှင့် ခင်နှင်းလှိုင်တို့ ရောက်ရှိလာခဲ့ကြတော့သည်။ ဒီတစ်ခါတွင်မူ မလေးငယ်က ဝင်းပနှင့် ခင်နှင်းလှိုင်တို့ကို ရှောင်ခိုင်းခြင်းမပြုတော့ဘဲ သက်ပိုင်စိုးနှင့် ထူးအောင်တို့ကို မေးလိုက်သည်။

"ဘာလဲ၊ ငါနဲ့ ကိုဝင်းသောင်းအကြောင်း မေးမလို့ချိန်းတာ မဟုတ်လား"

ထို့ကြောင့် သက်ပိုင်စိုးက မခိုးမခန့်နှင့် ပြန်ပြောလိုက်သည်။

"ဘယ်ဆိုးလို့လဲ၊ လေးငယ်က အကြားအမြင်ရနေပြီနဲ့တူတယ်။ တို့ ဘာကြောင့် ချိန်းတယ်ဆိုတာ ကြိုသိနေတာပဲ"

"သိတာပေါ့။ မနေ့က ထူးအောင် ငါတို့ကိုမြင်သွားခဲ့တာပဲ။ နောက်ကနေ ငါခေါ်တာလှည့်တောင်မှမကြည့်ဘူး"

လေးငယ်က ပြောလိုက်သဖြင့် ထူးအောင်က ပြန်ပြောလိုက်သည်။

"လှည့်ကြည့်စရာလိုသေးလို့လား လေးငယ်ရယ်၊ ... ကိုယ်ရွှင်ကြည့်ရရင် ပွဲလယ်တင့်နေချိန်မှာ ငါဝင်...ရင် နင်တို့ ဇာတ်လမ်းဇာတ်ကွက်တွေ ပျက်ကုန်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com


"ဒီမှာ ထူးအောင်၊ ထွေ့တယ်ငေါ့တယ်ဆိုတာ ယောကျာ်း တွေအလုပ်မဟုတ်ဘူး မိန်းမတွေအလုပ်။ မိန်းမတွေထဲမှာ တောင် မိန်းမပေါ့တွေမှလုပ်တာ။ နင် ဘာမှလဲ သေသေ ချာချာမသိဘဲ ငါ့ကို အဲဒီလိုမပြောနဲ့"

၌တွင် သက်ပိုင်စိုးက ဝင်ပြောလိုက်ပြန်သည်။

"ဒီလိုမပြောလို့ တို့က ဘယ်လိုပြောရမှာလဲ"

"ဘယ်လိုမှ မပြောနဲ့တော့"

လေးငယ်က စိတ်မရှည်နိုင်တော့ဘဲ အော်ပြောလိုက်သည်။ ထို့ကြောင့် သက်ပိုင်စိုးက ပြောလိုက်ပြန်သည်။

"မပြောဘဲတော့ မနေနိုင်ဘူး လေးငယ်။ ပြောစရာရှိတာ တော့ပြောရမှာပဲ"

"ကဲ - ပြော၊ ဘာပြောမှာလဲ"

"တို့နှစ်ယောက် မသေဆေးကိုယူပေးရဦးမှာလား။ မယူပေး ရတော့ဘူးလား။ နင် တို့ကိုတော့ အရှုးမလုပ်ပါနဲ့ဟာ"

ထို့ကြောင့် ခင်နှင်းလှိုင်က ဝင်ရောက် ပြောဆိုလိုက်ရတော့ သည်။

"နင်တို့ကလည်းဟယ်၊ နင်တို့ထင်တာနင်တို့ စွတ်ပြောနေ တာပဲ။ လေးငယ်ပြောတာကိုလည်း နားထောင်ကြဦးမှာပေါ့"

"ဟုတ်တယ်၊ နင်တို့က ဘာမှလဲ သေသေချာချာမသိဘဲနဲ့ စွတ်ပြောနေကြတာပဲ။ ကဲ - လေးငယ်၊ နင်ကလည်း ပြောပြ လိုက်လေဟာ"

ထို့ကြောင့် ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်တော့သည်။ မလေးငယ်က ပြောပြပြီးသောအခါ ဝင်းပက ဝင်ရောက် ပြောဆို လိုက်ပြန်သည်။

"နင်ပြန်သွားပြီး ကိုဝင်းသောင်းပြန်သွားတယ်။ လေးငယ် က ငါနဲ့ ခင်နှင်းလှိုင်ဆီလာပြီး အဲဒီအကြောင်းတွေ ပြော ပြခဲ့တယ်။ ဒါကြောင့် ငါနဲ့ခင်နှင်းလှိုင်က လေးငယ်လွှင့်ပစ် လိုက်တဲ့ ရွှေမန်ကျည်းစေ့လေးကို သွားရှာတော့ ပြန်တွေ့ တယ်။ လေးငယ်က သူမလိုချင်ဘူးဆိုလို့ ငါသိမ်းထားခဲ့ တယ်၊ ဒီမှာ"

ဝင်းပက ရွှေမန်ကျည်းစေ့လေးကို ထုတ်ပြလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ခင်နှင်းလှိုင်က ထူးအောင်တို့ကို မေးလိုက်သည်။

"ကဲ - နင်တို့ မဟုတ်ကဟုတ်ကထင်နေတဲ့ သံသယတွေ ရှင်းပြီလား"

ထူးအောင်နှင့် သက်ပိုင်စိုးတို့ ဘာမှပြန်မပြောနိုင်ကြတော့ပေ။ မလေးငယ်အပေါ် တွင်လည်း သံသယတွေရှင်းသွားခဲ့ပြီ ဖြစ်သဖြင့် မျက်နှာတွေလည်း ရွှင်လန်းလာခဲ့ကြတော့သည်။

ထို့ကြောင့် မလေးငယ်က ပြောလိုက်သည်။

"မျက်ဝါးထင်ထင် တွေ့မြင်နေရုံနဲ့ သေချာပြီလို့ပြောလို့မရနိုင်ဘူး ထူးအောင်။ မျက်ဝါးထင်ထင် တွေ့မြင်နေရပေမယ့်လည်း တွေ့မြင်နေရတဲ့မြင်ကွင်းဟာ ဘာကြောင့်ဘယ်လိုဖြစ်တာခဲ့တယ်ဆိုတာ သေသေချာချာမသိရင် အမြင်မှန်ရပေမယ့် အထင်မှားမှားနေတတ်တယ်"

ဤတွင် ခင်နှင်းလှိုင်က ပြောလိုက်ပြန်သည်။

"နင်တို့ရဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေဟာ လက်တွေ့ကြုံရင် ယုံမယ်ဆိုတဲ့လူတွေအတွက် သင်ခန်းစာပေါ့ပါ"

ထို့ကြောင့် ဝင်းပက ပြောလိုက်ပြန်သည်။

"လက်တွေ့ကြုံမှယုံမယ်ဆိုတာ အသိတရားနည်းလို့ ပြောတာပါ။ အသိတရားနည်းတော့ တွေးခေါ်မြော်မြင်မှုအားနည်းမယ်၊ မတွေးတတ်မထင်တတ်တော့ မြင်မှသိတော့မယ်။ ဒါကြောင့် လက်တွေ့ကြုံမှယုံမယ်လို့ပြောတာ"

ဤတွင် သက်ပိုင်စိုးက ပြောလိုက်သည်။

"နင်တို့ပြောချင်တာပြောတော့၊ ကျေနပ်တယ်။ အဓိကက ဝင်းသောင်းနဲ့ လေးငယ်နဲ့ ဘာမှမဖြစ်ဖို့ဘဲ"

ထို့ကြောင့် ခင်နှင်းလှိုင်က ပြောလိုက်ပြန်သည်။

"နင်တို့ဟာလေ လည်မလိုလိုနဲ့အ,တယ်။ ပြောရင်လည်း မကြိုက်ဘူး။ ဝင်းသောင်းနဲ့ လေးငယ်နဲ့ ဖြစ်နေမှတော့ လေးငယ်က နင်တို့ချိန်းတာ လာတွေ့ပါတော့မလား"

"အေး - ဒါလည်းဟုတ်တာပဲ"

"ဟုတ်ရင်သေလိုက်။ အဲဒီမှာလဲသေလိုက်"

သက်ပိုင်စိုးက အေး- ဒါလည်းဟုတ်တာပဲဟု ပြောလိုက်သဖြင့် မလေးငယ်က ဟုတ်ရင်သေလိုက်ဟု အရွဲ့တိုက်ပြောဆိုလိုက်

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ထို့ကြောင့် အားလုံးမှာ ပွဲကျသွားခဲ့ကြတော့သည်။

အားလုံးမှာ သံသယရှင်းသွားခဲ့ကြပြီ ဖြစ်သဖြင့် စိတ်လက်ပေါ့ပါးရွှင်လန်းနေခဲ့ကြတော့သည်။ ထို့ကြောင့် တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင် ပြောဆိုနေကြရာမှ ခင်နှင်းလှိုင်က သက်ပိုင်စိုးကို မေးလိုက်သည်။

"နင်တို့ ဦးရှင်ကြီးပွဲ အလှူခံကိစ္စမပြီးသေးဘူးလား"

"ရွာထဲက လူတွေတော့ စုံသလောက်ဖြစ်နေပါပြီ။ လှူမယ့်လူ လေးငါးဆယ်ယောက်လောက်ပဲ ကျန်တော့တယ်"

"တစ်ရွာလုံးဆိုတော့ တော်တော်ရမှာပဲနော်"

"လောလောဆယ် နှစ်သိန်းကျော်ရထားပြီးပြီဟ"

"ဟာ - ငွေတွေက မနည်းပါလား"

ဝင်းပက ပြောလိုက်ခြင်း ဖြစ်သည်။ ထိုခေတ်ထိုအခါက ငွေကျပ်ငါးထောင်ခန့်ရှိလျှင် ပျဉ်ထောင်အိမ် အိမ်ကြီးအိမ်ကောင်းတစ်လုံး ဆောက်လုပ်နေနိုင်သည်။ ငွေကျပ်တစ်သိန်း သိန်းဆုပေါက်ခဲ့လျှင် ချက်ချင်းသူဌေးဖြစ်၊ တိုက်ဆောက်ကားစီးပြီး စီးပွားရေးလုပ်ငန်းကြီးတစ်ခုကို လုပ်ကိုင်ဆောင်ရွက်နိုင်သော အချိန်အခါ ဖြစ်သည်။ ထို့ကြောင့် ငွေကျပ်နှစ်သိန်းဆိုသည်မှာ အလွန်များပြားလွန်းသော ငွေကြေးပမာဏ ဖြစ်သည်။

ဝင်းပက ငွေကြေးပမာဏများပြားလွန်းနေသဖြင့် တအံ့တသြပြောလိုက်ရာ သက်ပိုင်စိုးက ပြန်ပြောလိုက်သည်။

"ဟုတ်တယ်၊ ငွေတွေက သိပ်များနေလို့ သူခိုးဓားပြအန္တရာယ်ကြောက်ရတယ်။ ဒါကြောင့် ရွာထဲကစိတ်ချယုံကြည်ရတဲ့လူတွေဆီမှာ ခွဲဝေအပ်နှံထားတယ်။ နောက်လေးငါးဆယ်ရက်ဆို လူစုံပြီ။ အလှူရှင်အားလုံးစုံရင် ခွဲဝေအပ်ထားတဲ့ ငွေတွေကို အားလုံးပြန်စုလိုက်မယ်။ ပြန်စုပြီးရင် သုံ့ဝယ်ဖို့၊ သစ်ဝယ်ဖို့၊ ဘိလပ်မြေဝယ်ဖို့၊ အုတ်ဝယ်ဖို့၊ သွပ်ဝယ်ဖို့ လူရွေးပြီး ဝယ်ဖို့ ကုန်ကျနိုင်မယ့် အတိုင်းအတာကိုလည်း ဒီလူတွေလက်ထဲ တစ်ခါတည်း ထည့်ပေးလိုက်မယ်"

"ပွဲဌားဖို့ကော"

"ပွဲဌားဖို့လည်း ပါတယ်ဝေ"

"ဒါဆိုရင် အဲဒီနေ့ကျရင် တော်တော်သတိထားရမယ်နော်။

www.burmeseclassic.com

ww.burmeseclassic.com



ငွေကြေးက နည်းတာမဟုတ်ဘူး"

ခင်နှင်းလှိုင်က ပြောဆိုလိုက်သည်။ ထို့ကြောင့် သက်ပိုင်စိုးက ပြန်ပြောလိုက်ပြန်သည်။

"အဲဒီအချိန်မှာ တစ်ရွာလုံးက လူတွေရှိနေတာပဲဟာ။ စိုးရိမ်စရာမရှိပါဘူး"

ထို့နောက် မလေးငယ်က ထူးအောင်ကို မေးလိုက်သည်။

"နင့်တရားပွဲအစီအစဉ်ကကော ဘယ်လိုလဲ။ ဦးရှင်ကြီးပွဲထက် စောမလား၊ နောက်ကျမလား"

"ဦးရှင်ကြီးပွဲက တပေါင်းလမှာလုပ်မှာဆိုတော့ ငါ့တရားပွဲက စောမှာပေါ့"

ဤတွင် ခင်နှင်းလှိုင်က ပြောလိုက်သည်။

"နင့်တရားပွဲကလည်း လူစည်မှာပါဟာ။ ရွာထဲမှာ တို့တီးခေါက်ကြည့်ရသလောက်တော့ လူကြီးတွေရော လူလတ်ပိုင်းတွေပါ သဘောကျကြတယ်ဟ"

ထို့နောက် ဝင်းပက သက်ပိုင်စိုးကို မေးလိုက်ပြန်သည်။

"တပေါင်းလပြည့်နေ့မှာ မိန်းမလှကျွန်းကို ဘယ်သူတွေကို ခေါ်သွားရမှာလဲ"

"ယောကျ်ားတွေထဲက ဦးဝေထွန်းရယ်၊ ကိုချစ်ရယ်၊ သံချောင်းရယ်၊ ဂွတိုရယ်၊ ငါရယ်. . ."

"ဘာ - ဦးရှင်ကြီးနဲ့တွေ့ဖို့ နင်လိုက်သွားမယ် ဟုတ်လား"

ဝင်းပက သက်ပိုင်စိုးလိုက်သွားမည်ဆိုသဖြင့် တအံ့တသြမေးလိုက်သည်။

ထို့ကြောင့် သက်ပိုင်စိုးက -

"မသေဆေးရဖို့ ဒီတစ်လမ်းပဲရှိတယ်လေဟာ"

ဝင်းပတို့သုံးယောက်မှာ သက်ပိုင်စိုးကိုကြည့်ပြီး ဘာမှဆက်မပြောကြတော့။ ထို့ကြောင့် သက်ပိုင်စိုးက ဆက်ပြောလိုက်သည်။

"သူကြီးနဲ့ ထူးအောင်တို့က မလိုက်ချင်ဘူးဆိုလို့ သူတို့နေရာမှာ ဂွတိုနဲ့သံချောင်းကိုထည့်လိုက်ရတာ"

"မိန်းမတွေထဲကကော ဘယ်သူတွေကိုခေါ်မှာလဲ"

မလေးငယ်က မေးလိုက်သဖြင့် သက်ပိုင်စိုးက -

"မိန်းကလေးတွေထဲက နင်တို့သုံးယောက်ရယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ - ဘာ ဒါတို့သုံးယောက်လဲ။ ဘယ်သူကလိုက်မယ်ပြောလို့ နင်ကထည့်ထားရတာလဲ"

"ငါပြောတာလည်း ဆုံးအောင်နားထောင်ပါဦး ဝင်းပရယ်။ နင်တို့သုံးယောက်ရယ်၊ ထွေးမရယ်၊ မြခင်ရယ်ခေါ်မယ်လို့ စီစဉ်ထားတာ။ သူကြီးနဲ့ထူးအောင်က နင်တို့သုံးယောက်ကို မထည့်ဖို့ ကန့်ကွက်တာနဲ့ သူဇာခင်ရယ်၊ နိုင်နိုင်မော်ရယ်၊ ဖြူနုရယ်ကို အစားထည့်လိုက်ရတယ်။ သူတို့ကလည်း လိုက်ကြမယ်လို့ပြောတယ်"

ထို့ကြောင့် မလေးငယ်က ထူးအောင်ကို မေးလိုက်သည်။

"နေစမ်းပါဦး၊ နင်က နင်လည်းမလိုက်၊ ငါတို့ကိုလည်း မလိုက်ရအောင် ကန့်ကွက်တယ်ဆိုတော့ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲဆိုတော့ ငါလည်းမလိုက်ချင်ဘူး၊ နင်တို့ကိုလည်း မလိုက်စေချင်လို့ဘဲ"

ထူးအောင်က မရေမရာပြောလိုက်သည်။ ထို့ကြောင့် ဝင်းပက မေးလိုက်ပြန်သည်။

"သက်ပိုင်စိုးကိုကော နင်ကမတားဘူးလား"

"ဒီကောင်က သိကြားမင်းဆင်းတားတောင် တားလို့ရမှာမဟုတ်ဘူး"

"နင်ကကော မသေဆေးလိုက်မယူချင်တော့ဘူးလား"

"လိုက်မယူချင်ပါဘူးဟာ"

"ဘာဖြစ်လို့လဲ"

"မယူချင်လို့ပေါ့ဟာ"

ထူးအောင်က မရေမရာများသာ ဖြေနေသဖြင့် မလေးငယ်က စိတ်မရှည်တော့ဘဲ ဝင်းပနှင့်ခင်နှင်းလှိုင်တို့ကို ပြောလိုက်သည်။

"ထူးအောင်ကို မေးမနေစမ်းပါနဲ့ဟာ။ ဘယ်တော့မှ ကောင်းကောင်းမေးလို့ရမှာ မဟုတ်ဘူး"

ထို့ကြောင့် ထူးအောင်က မလေးငယ်ကို မခံချင်စွာပြောဆိုလိုက်သည်။

"အချိန်တန်လို့ မသေဆေးရရင်ပြီးတာပဲ မဟုတ်လားဟာ။ မသေဆေးရပြီးရင်သာ နင့်စကားတည်ပါစေ"

ဤတွင် သက်ပိုင်စိုးက ထောက်ခံပြောဆိုလိုက်သည်။

www.burmeseclassic.com

ww.burmeseclassic.com



“ဟုတ်တယ်၊ မသေဆေးရလာရင်သာ နင့်ကတိနင်မမေ့ပါစေနဲ့”

ထို့ကြောင့် မလေးငယ်က ပြောလိုက်သည်။

“စိတ်ချစမ်းပါဟာ၊ ကိုယ်ကျင့်တရားနဲ့ ဂုဏ်သိက္ခာကိုတန်ဖိုးထားတဲ့သူအတွက် ကတိတည်ဖို့ သတိပေးစရာမလိုပါဘူး။ နင်တို့သာ မသေဆေးကို ငါ့ဆီယူလာခဲ့။ မသေဆေးယူပေးနိုင်သူ ငါချစ်သူပဲ”

ထို့နောက် ခင်နှင်းလှိုင်က ပြောလိုက်သည်။

“ကဲ - သံသယတွေလည်း ရှင်းသွားခဲ့ကြပြီ။ သံသယပျောက်လို့က အမှန်ဘဝရောက်ကြပြီဆိုတော့ တို့ပြန်တော့မယ်”

ထို့ကြောင့် လူစုခွဲကာပြန်လာခဲ့ကြလေတော့သည်။ အားလုံး၏ရင်ထဲတွင် သံသယမိုးတိမ်တွေ လင်းထိန်သွားခဲ့ရပြီဖြစ်သဖြင့် မောဟိုက်ပင်ပန်းနေရာကြရာမှ ရှင်လန်းသွားခဲ့ကြရလေတော့သည်။

www.burmeseclassic.com

ww.burmeseclassic.com

## ထူးအောင်၏တရားပွဲ

ဤသို့ဖြင့် -

ဦးရှင်ကြီးပွဲတော်အတွက် အလှူခံငွေကြေးများ ပြည့်စုံသွားခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် ခွဲဝေအပ်နှံထားသော ငွေကြေးများကို ပြန်လည် စုစည်းကာ ပစ္စည်းဝယ်မည့်ပုဂ္ဂိုလ်များကို ရွေးချယ်ရန်စီစဉ်ဆောင်ရွက်ခဲ့ကြတော့သည်။

သို့သော် -

ထူးအောင်က ဒီရက်ပိုင်းအတွင်းမှာပင် တရားပွဲများကျင်းပကာ တရားစခန်းဖွင့်လိုသည်ဆိုသဖြင့် ဦးရှင်ကြီးပွဲတော်ကိစ္စနှင့် နန်းဆောက်လုပ်ရန်ကိစ္စကို ရွှေ့ဆိုင်းခဲ့ရသည်။ မြို့မှပင့်ဖိတ်ထားသော ဓမ္မကထိကဆရာတော်များနှင့် တရားပြသမည့် ဆရာရဟန်းပုဂ္ဂိုလ်များမှာ ယခုရက်ပိုင်းအတွင်းမှာသာ ရက်အားရှိနေသဖြင့် ထူးအောင်၏ အစီအစဉ်ကို ဦးစားပေးပြုလုပ်ခဲ့ကြခြင်းပင် ဖြစ်သည်။

ထို့ကြောင့် ငါးရက်တရားစခန်းဖွင့်ကာ ညစဉ်ညတိုင်းတရားပွဲများ ကျင်းပပြုလုပ်ခဲ့သည်။ ရွာထဲမှ သက်ကြီးရွယ်အိုများနှင့် လူလတ်ပိုင်းမိန်းကလေးများ၊ စိတ်ပါဝင်စားသော လူငယ်လူလတ်ပိုင်းများ တရားစခန်းဝင်ခဲ့ကြသည်။ ထို့ကြောင့် တရားစခန်းတွင် ထင်တာထက်ပင် ပို၍ စည်ကားနေခဲ့တော့သည်။ ညပိုင်းတရားပွဲများတွင်လည်း တရားစခန်းမဝင်သူများပင် လာရောက်နာယူနေခဲ့သဖြင့် ပို၍ပင် စည်ကားနေခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com


ဤကဲ့သို့ စည်ကားခဲ့ရခြင်းမှာလည်း မလေးငယ်၊ ဝင်းပနှင့် ခင်နှင်းလှိုင်တို့၏ စည်းရုံးလှုံ့ဆော်မှုအားကလည်းရှိနေသည့်အပြင် ဒီရပ်ဒီရွာတွင် ဒီလို တစ်ကြိမ်တစ်ခါမှ မပြုလုပ်ခဲ့ဘူးသဖြင့် စိတ်ဝင်စားမှုကြောင့်လည်း ဖြစ်သည်။ ထို့အပြင် ဆရာတော်ဘုရားကလည်း တပည့်ဒါယကာများကို ပြောဆိုဟောပြ ဆိုဆုံးမခဲ့သည်။ သူကြီးဦးလှကျော်ကလည်း လိုလိုလားလား အားပေးနေသဖြင့် တစ်ရွာလုံးက စိတ်ဝင်စားသွားခဲ့ခြင်းပင် ဖြစ်သည်။

ထို့ကြောင့် အစပထမတွင် ကုန်ကျစရိတ်ကို ထူးအောင်တစ်ယောက်တည်းက ကုန်ကျခံရန် စီစဉ်ခဲ့သော်လည်း အလှူရှင်အများအပြား ထွက်ပေါ်လာခဲ့သဖြင့် ကုန်ကျစရိတ်ကို ပြည့်မီခဲ့သည့်အပြင် ငွေပိုငွေလျှံများပင်ရရှိလာခဲ့သည်။ ထူးအောင်က ထိုအလှူငွေများကို ကျေးရွာ၏ သာသနာရေးကိစ္စများတွင်သုံးစွဲရန် ဆရာတော်နှင့်ကျေးရွာလူကြီးများကို ပြန်လည်ပေးလှူခဲ့သည်။ ထို့ကြောင့် ထူးအောင်၏လုပ်ရပ်ကို တစ်ရွာလုံးက သာဓုခေါ်ခဲ့ကြသည်။

တရားစခန်းဖွင့်နေသည့် ငါးရက်အတွင်းတွင် အပင်ပန်းဆုံးမှာ ထူးအောင်၊ မလေးငယ်၊ ဝင်းပ၊ ခင်နှင်းလှိုင်၊ သက်မိုင်စိုးနှင့် ဝင်းသောင်းတို့ပင် ဖြစ်သည်။ ဝင်းသောင်းကလည်း တရားစခန်းအတွက် အလှူငွေ လောက်လောက်လားလားထည့်ဝင်ကူညီလှူဒါန်းခဲ့သည်။ မလေးငယ်တို့ သူငယ်ချင်းသုံးယောက်ကလည်း ထူးအောင်ပေးထားသော ဘာသာရေးစာအုပ်များကို တရားဝင်သူ၊ တရားနာသူများကို ပေးဝေဖတ်စေခဲ့သည်။ သူကိုယ်တိုင်မရှင်းလင်း၊ နားမလည်နိုင်သော အကြောင်းအရာများကို ဆရာတော်သံဃာတော်များနှင့် တရားပြဆရာများသို့ လျှောက်ထားမေးမြန်းခဲ့ကြသည်။ ဆရာတော်သံဃာတော်များကလည်း မေးမြန်းလျှောက်ထားမှုများကို စိတ်ရှည်ရှည်နှင့် ပြန်လည် ရှင်းပြတော်မူခဲ့ကြသည်။

ထူးအောင် ဦးစီးကျင်းပပြုလုပ်ခဲ့သော တရားစခန်းနှင့် တရားပွဲ၏ ထူးခြားဆုံးမှာ ဘိန်းစားငထွန်းတစ်ယောက် လာရောက်တရားနာခဲ့ခြင်းပင်ဖြစ်သည်။ ဘိန်းစားငထွန်းမှာ တရားစခန်းသိမ်းရန် နှစ်ရက်အလိုတွင် ပြန်လည် ရောက်ရှိလာပြီး နှစ်ရက်လုံးလုံး တရားလာနာခဲ့သည်။ ထို့ကြောင့်ပင်လျှင် ရွာသူရွာသားများက ဘိန်းစားငထွန်းကို ချီးကျူးပြောဆိုခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားပွဲနောက်ဆုံးညတွင် မလေးငယ်က သက်ပိုင်စိုး၊ ဝင်းသောင်း၊ ခင်နှင်းလှိုင်နှင့် ဝင်းပတို့ရှေ့မှာပင် ထူးအောင်ကို ပြောခဲ့သည်။

"ထူးအောင်၊ နင်သိပ်တော်တယ်။ ငါထင်တာထက်တောင် နင်ကပိုတော်နေသေးတယ်။ ဒါကြောင့် နင့်ကိုငါလေးစားတယ်၊ အထင်ကြီးတယ်၊ ချီးကျူးတယ်။ နင့်အတွက် ငါဂုဏ်ယူတယ်"

ထူးအောင်က ဘာမှပြန်မပြော၊ ပြုံး၍သာနေခဲ့သည်။ သက်ပိုင်စိုး၊ ဝင်းသောင်း၊ ခင်နှင်းလှိုင်နှင့်၊ဝင်းပတို့ကမူ လေးငယ်ပြောဆိုခဲ့သည့် အဓိပ္ပာယ်ကို နားမလည်။ သူတို့တွေးထင်ခဲ့တာက ဒီအရပ်ဒီဒေသမှာ ဒီလိုတရားပွဲတွေတရားစခန်းတွေကိုဖြစ်အောင် စွမ်းဆောင်နိုင်သဖြင့် မလေးငယ်က ထူးအောင်ကို ချီးကျူး ပြောဆိုနေသည်ဟုပင် တွေးထင်ခဲ့ကြသည်။

ထို့ကြောင့် သက်ပိုင်စိုးနှင့် ဝင်းသောင်းကလည်း ထူးအောင်ကို ချီးကျူးပြောဆိုလိုက်ကြသည်။

"ဟုတ်တယ် ထူးအောင်၊ မင်းရဲ့စိတ်ကူးနဲ့ လုပ်ရပ်ကိုတော့ ချီးကျူးတယ်ကွာ"

"ငါလည်း ဦးရှင်ကြီးပွဲနဲ့ပဲ အချိန်ကုန်နေတာ ဒီလိုကိစ္စကို စိတ်တောင်မကူးခဲ့မိဘူး။ မင်းက တကယ်တော်တဲ့ကောင်"

"ကျေးဇူးတင်ပါတယ်ကွာ။ ငါလည်း စိတ်ကူးရလာတာနဲ့ အကောင်အထည်ဖော်လိုက်မိတာပဲ"

ဤတွင် မလေးငယ်က ပြောလိုက်ပြန်သည်။

"ထူးအောင် နင်ငါပြောခဲ့တဲ့အဓိပ္ပာယ်ကို နားလည်ပါတယ်နော်"

ထူးအောင်က ခေါင်းညိတ်ပြလိုက်သည်။ ထူးအောင်က ခေါင်းညိတ်ပြလိုက်သော်လည်း ကျန်တဲ့လူတွေကတော့ ဘာတစ်ခုမှနားမလည်။

ဤသို့ဖြင့် သမ္မတပင်ကျေးရွာလေးတွင် တရားပွဲနှင့်တရားစခန်းကို ငါးရက်ငါးညတိုင် စည်စည်ကားကားနှင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့လေတော့သည်။ အောင်မြင်စွာ ကျင်းပပြီးစီးသွားခဲ့သော ထူးအောင်၏တရားပွဲမှာ ထူးအောင်အတွက် အကျိုးထူးတစ်

www.burmeseclassic.com

www.burmeseclassic.com



ခုရရှိသွားခဲ့သည်ကို ထူးအောင်နှင့်လေးငယ်မှလွဲ၍ မည်သူမျှမသိ ခဲ့ကြပေ။

www.burmeseclassic.com

ww.burmeseclassic.com

## နားမလည်နိုင်သောဖြစ်စဉ်များ

တရားပွဲများ ကျင်းပပြီး နောက်တစ်နေ့တွင် ဦးရှင်ကြီးပွဲတော် ဦးရှင်ကြီးနတ်နန်းနှင့် ဦးရှင်ကြီးရုပ်တုကိစ္စအတွက် စီစဉ်ဆောင်ရွက်ခဲ့ကြရပြန်သည်။ ခွဲဝေအပ်နှံထားသောငွေများကို ပြန်လည် စုစည်းကာ ပစ္စည်းဝယ်လူရွေးချယ်ရန်အတွက် သူကြီးအိမ်တွင်ပင် ပြုလုပ်ခဲ့ကြသည်။

ထို့ကြောင့် ထိုနေ့ညနေစောင်းအချိန်တွင် သူကြီးအိမ်၌ လူများရောက်ရှိနေခဲ့ကြသည်။ အလှူငွေများကို ခေတ္တခဏ ထိန်းသိမ်းထားကြသူများကလည်း ထိန်းသိမ်းထားသော ငွေကြေးများကို သူကြီးထံ ပြန်လည် အပ်နှံပေးခဲ့ကြသဖြင့် သူကြီးရှေ့စားပွဲပေါ်တွင် အလှူငွေများ စုပုံရောက်ရှိနေခဲ့သည်။ ထို့နောက် ပစ္စည်းများဝယ်ရန်၊ ပွဲငှားရန် သင့်တော်သူများကို ရွေးချယ်ခဲ့ကြသည်။

သို့နှင့် -

တဖြည်းဖြည်းမှောင်လာပြီဖြစ်သဖြင့် အောက်လင်းဓာတ်မီးများကို ထွန်းလိုက်ကြသည်။ ပရိသတ်များမှာ လုပ်ကိုင်ကြမည့်အစီအစဉ်များကို ပြောဆိုဆွေးနွေးနေခဲ့ကြသော်လည်း ဝင်းသောင်းမှာ ဂနာမငြိမ်ဖြစ်နေသဖြင့် သူကြီးက မေးလိုက်သည်။

"မောင်ဝင်းသောင်း ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး"

"မောင်ဝင်းသောင်း ဘာပြောစရာရှိသေးလဲ ပြောစရာရှိတာပြောလေ"



www.burmeseclassic.com

ww.burmeseclassic.com



သူကြီးက ဝင်းသောင်းကို အဓိကလူအဖြစ် အရေးပေးပြော ဆိုလိုက်သဖြင့် ဝင်းသောင်းက ဣန္ဒြေပြန်ဆည်ကာ ပြောလိုက် သည်။

"ဘာမှတော့ ထူးထူးထွေထွေပြောစရာမရှိပါဘူး။ အခုလို အားကြိုးမာန်တက် စိတ်ဝင်စားစွာ လုပ်ကိုင်ကြတဲ့အတွက် အားရစမ်းသာဖြစ်ရသလို ကျွန်တော့်ကို လက်တွဲလုပ်ကိုင် ခွင့်ပေးကြတဲ့အတွက် တစ်ရွာလုံးကိုလည်း ကျေးဇူးတင်ပါ တယ်။ ကျွန်တော့်ပြောစရာကတော့ ဒါလောက်ပါပဲ"

ထို့ကြောင့် တင်စိုးက ပြောလိုက်သည်။

"ကျွန်တော်က အလှူငွေကောက်ခံရရှိမှု အခြေအနေနဲ့ပတ် သက်ပြီး ရှင်းပြပါ့မယ်။ အခုဆိုရင် ဇာတ်ပွဲငှားဖို့ ဦးရှင်ကြီး ရုပ်တုထုလုပ်ဖို့ နန်းဆောက်ဖို့ တစ်ရွာလုံးက လှူဒါန်းတဲ့ အလှူငွေ နှစ်သိန်းသုံးသောင်းကျော် ရရှိပါတယ်"

"အဲဒီ ရရှိတဲ့အလှူငွေတွေ ငါ့ဆီယူခဲ့စမ်း"

တံခါးဝမှနေ၍ အလှူငွေတွေ ငါ့ဆီယူခဲ့စမ်းဟု အမိန့်ပေး ပြောဆိုသံကြားလိုက်ရသဖြင့် တံခါးဆီသို့ လှမ်းကြည့်လိုက်ကြရာ-

"ဟာ"

"ဟင်"

"ဒုက္ခပဲ"

"ဓားပြတွေ"

မျက်နှာဖုံးစွပ် လူဆိုးငါးယောက်ကို တွေ့မြင်လိုက်ကြရသ ဖြင့် အံ့သြတုန်လှုပ်သွားခဲ့ကြတော့သည်။ မျက်နှာဖုံးစွပ်လူဆိုးငါး ယောက်မှာ သေနတ်များ ကိုင်ဆောင်ထားကြပြီး လေးယောက်က ပရိသတ်ကို ဝိုင်းရံကာ သေနတ်နှင့် ချိန်ထားလိုက်ကြသည်။ ကျန် တစ်ယောက်က သူကြီးကို သေနတ်နှင့်ချိန်ကာ အမိန့်ပေးပြောဆို လိုက်သည်။

"တစ်ယောက်မှမလှုပ်နဲ့နော်၊ လှုပ်တဲ့လူပစ်ထည့်လိုက်မယ်။ ဟေ့ကောင်တွေ၊ လှုပ်တဲ့ကောင် အသေသာပစ်ထည့်လိုက်"

သူကြီးကို သေနတ်နှင့် ချိန်ထားသူ ခေါင်းဆောင်ဖြစ်ဟန်ရှိ သည့်ထိုသူက စားပွဲခုံပေါ်ရှိ အလှူငွေများကို ကြည့်လိုက်သည်။ စားပွဲခုံအနီးတွင် ဝင်းသောင်း၊ ထူးအောင်၊ တင်စိုး၊ သက်ပိုင်၊

www.burmeseclassic.com

ww.burmeseclassic.com


းဝေထွန်းနှင့် သူကြီးတို့ရှိနေကြသည်။

ထို့နောက် ခေါင်းဆောင်လူဆိုးက အမိန့်ပေးပြောဆိုလိုက်သည်။

"ဟေ့ကောင်ဝင်းသောင်း၊ ငွေတွေယူခဲ့လေ။ ဘာလုပ်နေတာလဲ"

ဓားပြခေါင်းဆောင်က ဝင်းသောင်းကို ပြောလိုက်သဖြင့် ရှိသတ်မှာ ဝင်းသောင်းကိုလှည့်ကြည့်လိုက်ကြသည်။ ဓားပြခေါင်းဆောင်၏ ပြောဆိုပုံအရ ဝင်းသောင်းနှင့်ဓားပြများမှာ ကြိုတင်စည်းဝါးတိုက်ထားပုံရသည်။ ဤသို့ဆိုလျှင် ဝင်းသောင်းမှာ ဓားပြများနှင့် တစ်ဖွဲ့တည်းပင်ဖြစ်ပေတော့မည်။ ဝင်းသောင်းသည် အသိဘရားရရှိခဲ့ဟန်ဆောင်ကာ ကျေးရွာအတွင်းရှိငွေကြေးများကို တစ်နေရာတည်းတွင် စုပုံရောက်ရှိရန် ဖန်တီးလုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ငွေတွေစုံပုံရောက်ရှိလာကာမှ သူ့အဖွဲ့နှင့် စည်းကိုက်ဝါးကိုက် အပိုင်ကြံခဲ့ခြင်းပင် ဖြစ်ပေလိမ့်မည်။ ထိုသို့တွေးမိလိုက်ကြသဖြင့် ရွာသူရွာသားများက ဝင်းသောင်းကို ဒေါသဖြစ်သွားခဲ့ကြတော့သည်။ သို့သော် သေနတ်များနှင့် ချိန်ရွယ်ထားခဲ့ကြသဖြင့် ဘယ်သူကမှမလှုပ်ရဲကြ။

ဘယ်သူကမှမလှုပ်ရဲသကဲ့သို့ ဝင်းသောင်းကလည်း မတုန်မလှုပ်ကျောက်ဆစ်ရုပ်လို ရပ်နေခဲ့သဖြင့် ဓားပြခေါင်းဆောင်က ဝင်းသောင်းကို ဒေါသတကြီး အမိန့်ပေးပြောဆိုလိုက်သည်။

"ဟေ့ကောင် ဝင်းသောင်း၊ ဘာကြောင်နေတာလဲ။ ငွေတွေယူခဲ့လေ"

ဝင်းသောင်းက တုတ်တုတ်မျှမလှုပ်၊ ဓားပြခေါင်းဆောင်မှာ ဝင်းသောင်း၏အပြုအမူကိုကြည့်ကာ ဒေါသတကြီး ပြောလိုက်ပြန်သည်။

"ဝင်းသောင်း အချိန်မရှိတော့ဘူး။ ငွေတွေယူလာခဲ့။ ဘာလဲ မင်းက သစ္စာဖောက်တာလား"

သေချာပြီ။ ဓားပြခေါင်းဆောင်၏ ပြောစကားအရ ဝင်းသောင်းမှာ ဓားပြတွေနဲ့ တစ်ဖွဲ့တည်းဖြစ်နေသည်မှာ သေချာပြီ။ ထို့ကြောင့် ဦးဝေထွန်းက မကျေမချမ်းပြောလိုက်သည်။

"လက်စသတ်တော့ ငါတို့က မြွေပွေးကို ခါးပိုက်ထဲလည့်ပြီး


www.burmeseclassic.com

www.burmeseclassic.com



မွေးခဲ့မိတာကိုးကွ။ မိုက်ရိုင်းလိုက်တာ ဝင်းသောင်းရယ်"

"ဟေ့အဘိုးကြီး ပါးစပ်ပိတ်ထား။ ပစ်ထည့်လိုက်မယ်"

ဓားပြခေါင်းဆောင်က ဟိန်းဟောက်လိုက်သဖြင့် ဦးဝေထွန်း ငြိမ်ကျသွားခဲ့သည်။ ထို့နောက် ဓားပြခေါင်းဆောင်က ဝင်းသောင်းကို ကြိမ်းမောင်းပြောဆိုလိုက်သည်။

"ဝင်းသောင်း ငါတို့မှာအချိန်မရှိဘူး။ ငွေတွေယူပြီးလာခဲ့။ မင်းမလာရင် ငါပစ်လိုက်မှာနော်"

"ခင်ဗျား ပစ်ချင်ရင်ပစ်လိုက်လေဗျာ။ ကျုပ်ဘဝက ခင်ဗျားတို့မသတ်လည်း သေနေတာနဲ့ ဘာထူးသေးလဲဗျ။ ခင်ဗျားတို့ကြောင့် ကျုပ်ဘဝဟာ ရှင်ရက်နဲ့သေနေရတာ။ ကျုပ်ကြောင့်လည်း ကျုပ်အဖေသေခဲ့ရပြီ။ ကျုပ်ကြောင့် နောက်ထပ်လူတွေ ဒုက္ခမရောက်စေချင်တော့ဘူး။ ဒါကြောင့် ကျုပ်ခင်ဗျားတို့ကို သစ္စာဖောက်တယ်။ ခင်ဗျားပစ်ရင်ပစ်လိုက်"

"ဟေ့ကောင် ဝင်းသောင်း မင်းရူးနေသလား။ တို့ကိုသစ္စာဖောက်တယ်ဆိုရင် ဒီငွေတွေကို ဘာဖြစ်လို့ဒီလိုရအောင်စုခဲ့ရတာလဲ။ မရူးချင်စမ်းပါနဲ့ ဝင်းသောင်းရယ်။ ငွေတွေယူလာခဲ့ပါ"

"မယူဘူး။ ခင်ဗျားပစ်ရင်ပစ်လိုက်"

"ဟာ - ဒီကောင်တော့ ခက်တော့တာပဲ။ ဟေ့ကောင်တွေအဲ့ဒီကောင်ကို ဖမ်းချုပ်ခေါ်လာခဲ့။ ဟိုကျန်ခဲ့တဲ့ကောင်သုံးကောင်ကိုပါ ဖမ်းခေါ်ခဲ့ကွာ။ ငွေတွေပါယူခဲ့"

ဓားပြခေါင်းဆောင်က သူ့လူတွေကို အမိန့်ပေးပြောဆိုလိုက်ခြင်းဖြစ်သည်။ ငွေတွေကိုယူကာ ဝင်းသောင်းနှင့်အတူ ထူးအောင်၊ တင်စိုးနှင့် သက်ပိုင်စိုးတို့ကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်ခိုင်းလိုက်သဖြင့် ဓားပြလေးယောက် သေနတ်များနှင့်ချိန်ကာ ဝင်းသောင်းတို့ဆီသို့ တိုးကပ်သွားခဲ့ကြသည်။

ထိုစဉ် ပရိသတ်မှာ လှုပ်လှုပ်ရွရွဖြစ်လာခဲ့သဖြင့် ဓားပြခေါင်းဆောင်က သေနတ်ကို မိုးပေါ်ထောင်ဖောက်ကာ အမိန့်ပေးပြောဆိုလိုက်သည်။

"ဒိုင်း"

"ဟေ့ - သေချင်လို့ လှုပ်လှုပ်ရွရွလုပ်နေကြတာလား"



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပရိသတ်မှ ငြိမ်သက်သွားခဲ့ပြန်သည်။ ဓားပြလေးယောက်မှာလည်း ဝင်းသောင်းတို့အနီးသို့ ရောက်ရှိသွားခဲ့ကြပြီဖြစ်သည်။

ထိုစဉ် -

"ဖောက်"

"ဒုတ်"

"အမယ်လေးဗျာ"

"ဖောက်"

"အင့်"

"ဟာ"

ဓားပြခေါင်းဆောင်မှာ သေနတ်ကိုမြှောက်ကာ မိုးပေါ်ကို ထောင်ပစ်ခဲ့ရာ သေနတ်ကိုင်ထားသောလက်ကို လောက်လေးခွ ထိမှန်ခြင်းခံလိုက်ရသဖြင့် သေနတ်လွတ်ကျသွားခဲ့သည်။ တစ်ချိန်တည်းမှာပင် ဓားပြခေါင်းဆောင်၏ ဝမ်းဗိုက်နေရာကို လောက်လေးခွထိမှန်ခဲ့ပြန်သဖြင့် ဓားပြခေါင်းဆောင်မှာ ဗိုက်ကိုနှိပ်ကာ ခွေကျသွားတော့သည်။

ဝင်းသောင်းတို့အနီးသို့ ရောက်ရှိနေကြသော ဓားပြလေးယောက်မှာ ခေါင်းဆောင်ဖြစ်သူကို တအံ့တသြငေးကြောင်ကြောင် ကြည့်နေခဲ့ကြရာ ဝင်းသောင်းက အနီးရှိဓားပြတစ်ယောက်ကို လျှပ်တစ်ပြက် အလစ်ဝင်ရောက် တိုက်ခိုက်လိုက်သည်။

"ဒုတ်"

"ခွပ်"

"အင့်"

တစ်ချိန်တည်းမှာပင် တင်စိုးနှင့်ထူးအောင်၊ သက်ပိုင်စိုးတို့ကလည်း အနီးရှိဓားပြများကို အလစ်တိုက်ခိုက်လိုက်ကြပြန်သည်။

"ဒုတ်"

"ခွပ်"

"အင့်"

"အိ"

"ဘုတ်"

"အိ"

www.burmeseclassic.com

ww.burmeseclassic.com



မားပြလေးယောက်စလုံး သေနတ်များ လွင့်စဉ်ကျသွားခဲ့ကြသည်။ မားပြများက သေနတ်များ လွင့်စဉ်ထွက်သွားခဲ့ကြသဖြင့် မားမြှောင်များကိုထုတ်ကာ ပြန်လည် တိုက်ခိုက်ခဲ့ကြသည်။

"ဝှစ်"

"ဝိုး"

"ဒုတ်"

"ခွပ်"

"အင့်"

ထိုစဉ် မားပြခေါင်းဆောင်မှာ ကုန်းရုန်းထလာပြီး သေနတ်ကို အလျင်အမြန် ပြေးကောက်ယူလိုက်ရာ

"ခွပ်"

"အင့်"

"ဘုတ်"

ဝင်းသောင်းက ပြေးလာပြီး မားပြခေါင်းဆောင်၏မျက်နှာကို အားရပါးရကန်ထည့်လိုက်ရာ ခေါင်းဆောင်မှာ ကျွမ်းပစ်လဲကျသွားတော့သည်။ ဝင်းသောင်းက သေနတ်ကိုကောက်ယူမည်ပြုစဉ် ခေါင်းဆောင်က ခါးကြားမှမားကိုထုတ်ကာ ဝင်းသောင်းကိုပြေးထိုးလိုက်သည်။

"ယား"

"ဝိုး"

"ဒုတ်"

"ခွပ်"

"အင့်"

"အမယ်လေး သေပါပြီ"

ပရိသတ်က စိုးရိမ်တကြီး အော်ဟစ်လိုက်ကြသည်။ ဝင်းသောင်းမှာ သေနတ်ကို မကောက်နိုင်တော့ဘဲ ခေါင်းဆောင်၏မားချက်ကိုရှောင်ပြီး ပြန်လည် တိုက်ခိုက်နေရတော့သည်။

ထိုစဉ် ထူးအောင်၊ သက်ပိုင်စိုးနှင့် ဘင်စိုးတို့မှာလည်း မားပြလေးယောက်နှင့် သဲကြီးမဲကြီး တိုက်ခိုက်နေခဲ့ကြရသည်။ ရွာသူရွာသားများမှာလည်း မားပြများလက်ထဲတွင် မားမြှောင်များရှိနေသဖြင့် ဝင်ရောက် ကူညီခြင်း မပြုရဲကြပေ။ ထို့ကြောင့် ထူးအောင်တို့

www.burmeseclassic.com

ww.burmeseclassic.com


လေးယောက်နှင့် ဓားပြငါးယောက်တို့မှာ သဲကြီးမဲကြီး ထိုးကြိတ်တိုက်ခိုက်နေခဲ့ကြတော့သည်။

"ယား"

"ဗုန်း"

"ခွပ်"

"အင့်"

"အု"

သူကြီးနှင့် ဦးဝေထွန်းတို့မှာလည်း ငွေစက္ကူများကို အိတ်ထဲသို့ အလျင်အမြန်ထည့်ကာ ငွေစက္ကူအိတ်ကို စောင့်နေခဲ့ကြသည်။

ထို့နောက် သူကြီးက တစ်စုံတစ်ရာကိုသတိရသွားခဲ့သဖြင့် လူကြီးသုံးလေးယောက်ကိုခေါ်ယူကာ ဦးဝေထွန်းနှင့်အတူ ငွေစက္ကူအိတ်ကို စောင့်ကြည့်ခိုင်းလိုက်သည်။ ပြီးလျှင် ဓားပြများလွင့်စဉ်ကျနေသော သေနတ်ငါးလက်ကို အလျင်အမြန်လိုက်လံကောက်ယူလိုက်သည်။ ထိုအချိန်တွင် ဓားပြများလက်ထဲတွင်လည်း ဓားများမရှိတော့။ ထူးအောင်တို့လေးယောက်၏ တိုက်ခိုက်မှုကြောင့် ဓားပြငါးယောက်စလုံးမှာ ဓားများလွင့်စဉ်ကျသွားခဲ့ပြီ ဖြစ်သည်။

သူကြီးက အနီးရှိရွာသားများကို ဓားများကိုကောက်ယူခိုင်းလိုက်ပြန်သည်။ ထို့နောက် သူကြီးက သေနတ်ကိုမိုးပေါ်သို့ ထောင်ပစ်လိုက်သည်။

"ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း"

"ရပ်ကြစမ်း၊ အားလုံးရပ်လိုက်ကြစမ်း"

သေနတ်သံများ အဆက်မပြတ်ထွက်ပေါ်လာကာ အမိန့်ပေးပြောဆိုသံကြောင့် တိုက်ခိုက်သူတွေရပ်သွားခဲ့ကြတော့သည်။ တိုက်ခိုက်မှုတွေရပ်စဲသွားကာမှ ဓားပြများစွာမှာ ကိုယ့်ကိုယ်ကိုယ်ပင် မဟန်နိုင်ကြတော့ဘဲ ပျော့ခွေလဲကျသွားခဲ့ကြလေတော့သည်။

"မျက်နှာဖုံးတွေ ချွတ်ကြည့်ကြစမ်း"

သူကြီးက ပြောလိုက်သဖြင့် ဓားပြများ၏မျက်နှာဖုံးများကို ချွတ်ပစ်လိုက်ကြသည်။ နောက်ဆုံး ခေါင်းဆောင်ဖြစ်သူ၏ မျက်နှာဖုံးကိုချွတ်လိုက်ကြသောအခါ -

"ဟာ - ကာလသားခေါင်းဆောင် ကိုချစ်ပါလား"

အားလုံးက တအံ့တဩဖြစ်သွားခဲ့ကြရတော့သည်။ ကျေးရွာ

www.burmeseclassic.com

www.burmeseclassic.com


၏ကာလသားခေါင်းဆောင်ကိုချစ်မှာ ဓားပြခေါင်းဆောင်ဖြစ်နေသဖြင့် ရွာသူရွာသားများ တအံ့တဩဖြစ်သွားခဲ့ကြခြင်း ဖြစ်သည်။

"ဟာ - ဘယ်လိုတွေဖြစ်ကုန်တာလဲကွာ"

"ကိုချစ်က ဓားပြခေါင်းဆောင်ဆိုတာ ယုံတောင်မယုံနိုင်စရာဘဲ"

"ဒီအလှူငွေတွေကိုလုယူဖို့ ဘယ်အချိန်ထဲက ကြံစည်ခဲ့တာလဲမသိဘူး"

"ဝင်းသောင်းနဲ့ အတူတူကြံစည်ခဲ့တာ ဖြစ်မှာပေါ့"

အမျိုးမျိုးတွေးထင်ပြောဆိုနေခဲ့ကြသည်။ ထို့ကြောင့် ဝင်းသောင်းက ပြန်ပြောလိုက်သည်။

"ကျွန်တော်သစ္စာဖောက်တယ်လို့ပြောတာ ကိုချစ်ကိုပြောခဲ့တာမဟုတ်ဘူး"

"ကိုချစ်ကိုပြောတာမဟုတ်ရင် ဘယ်သူ့ကိုပြောတာလဲ"

သူကြီးက မေးလိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် ဝင်းသောင်းက ပြန်ပြောလိုက်သည်။

"ကျွန်တော်က ကိုထွန်းမှတ်ပြီးပြောလိုက်တာ"

"ဘယ်ကကိုထွန်းလဲ"

"ရွာပြင်ဇရပ်မှာနေတဲ့ ဘိန်းစားငထွန်းဆိုတဲ့ ကိုထွန်း မှတ်ပြီး ကျွန်တော်ကပြောလိုက်တာ။ အခုတော့ ကိုထွန်းမဟုတ်ဘဲ ကိုချစ်ဖြစ်နေတော့ ကျွန်တော်လည်း မပြောတတ်တော့ဘူး"

ထိုစဉ် ရွာသားတစ်ယောက်က ပြောလိုက်သည်။

"သူကြီး၊ ဝင်းသောင်းကို လူတစ်ယောက်က စာပေးခိုင်းလိုက်လို့တဲ့။ ဒီမှာ တလေးတစ်ယောက်လာပေးတာ"

ကလေးတစ်ယောက်က ဝင်းသောင်းကို စာတစ်စောင်ပေးလိုက်သည်။ ဝင်းသောင်းက ကလေးကိုမေးလိုက်သည်။

"ဘယ်သူပေးခိုင်းတာလဲ"

"ရွာပြင်ဇရပ်မှာနေတဲ့ ဘိန်းစားငထွန်းက သားကို မုန့်ဖိုးပေးပြီး ဒီစာပေးခိုင်းတာပဲ"

ထို့နောက် ဝင်းသောင်းက စာကိုဖောက်ဖတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


ဝင်းသောင်း -

မင်းထက်မလျှင်ရင် မင်းကိုဘယ်ခိုင်းစားပါ့မလဲကွာ။ မင်းကိုစိတ်မချလို့ ငါကိုယ်တိုင်မလာဘဲ ငါ့ကိုယ်စား ကိုချစ်ကို လွှတ်လိုက်တာ။ ငါ့အတွက်ကိန်းမှန်သွားတယ်။ ဒီမှာ - ငါပြောမယ်၊ သေသေချာချာနားထောင်။ လေးငယ်၊ ဝင်းပနဲ့ ခင်နှင်းလှိုင်တို့ကို ဘဝမဆုံးစေချင်ဘူးဆိုရင် မနက်ဖြန် မနက် (၁၀) နာရီမှာ အလှူခံရတဲ့ငွေနှစ်သိန်းသုံးသောင်းယူပြီး မင်းကိုယ်တိုင်လာရွေး။ တိုင်လားတောလားလုပ်ရင် လေးငယ်၊ ဝင်းပနဲ့ ခင်နှင်းလှိုင်တို့ကို ငါအပိုင်ယူလိုက်မယ်။ လာရမယ့်နေရာကို မင်းသိတယ်။

ငထွန်း

ဝင်းသောင်းက စာဖတ်ပြီး သူကြီးကိုပေးလိုက်သည်။ နောက်သက်ပိုင်စိုး၊ ထူးအောင်နှင့် တင်စိုးတို့က ဖတ်လိုက်ကြသည်။ ထိုအခါမှ လေးငယ်တို့ကို သတိရသွားကြသဖြင့် လိုက်ရှာကြည့်ကြရာ လေးငယ်၊ ဝင်းပနှင့် ခင်နှင်းလှိုင်တို့ကို ရှာမတွေ့ကြတော့။ ထို့ကြောင့် စိုးရိမ်သောက ဖြစ်သွားခဲ့ကြရတော့သည်။

ထိုစဉ် -

"ဟာ - ရဲတွေရောက်လာပြီဟေ့"

"ဟယ် - လေးငယ်တို့၊ ဝင်းပတို့၊ ခင်နှင်းလှိုင်တို့လည်းပါလာတယ်ဟေ့"

"ဟော့ဗျာ၊ ဘိန်းစားငထွန်းကိုလည်း ဖမ်းလာကြတာပဲ"

ထို့ကြောင့် လှမ်းကြည့်လိုက်ကြရာ ဘိန်းစားငထွန်းနဲ့ လူဆိုးများကို ဖမ်းဆီးလာကြသော ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ဝင်းပ၊ လေးငယ်နှင့် ခင်နှင်းလှိုင်တို့ကို တွေ့လိုက်ရသဖြင့် အားရဝမ်းသာဖြစ်သွားခဲ့ကြလေတော့သည်။

ရွာသူရွာသားများမှာ အားရဝမ်းသာဖြစ်ခဲ့ကြရသော်လည်း ဇာတ်ရည်မလည်ကြသေးသဖြင့် ဖြစ်စဉ်ဖြစ်ရပ်များကို နားမလည်နိုင်အောင် ဖြစ်နေခဲ့ကြလေတော့သည်။

■


www.burmeseclassic.com

www.burmeseclassic.com

## ဖြစ်စဉ်များ၏နောက်ကြောင်းပြန်

ဌာနာအုပ်ဦးမြင့်ကြိုင်က ထူးအောင်နှင့် သူကြီးကို နှုတ်ဆက်ပြောဆိုလိုက်သည်။

"ကျွန်တော်တို့ သင်္ဘောစက်ပျက်သွားလို့ လမ်းမှာပြင်နေရတာနဲ့ နောက်ကျသွားတယ်ဗျာ။ အခြေအနေဘယ်လိုလဲ၊ အထိအခိုက်ရှိသေးလား"

ထို့ကြောင့် ထူးအောင်က ပြန်ပြောလိုက်သည်။

"အထိအခိုက်မရှိပါဘူး။ ဒီမှာ တရားခံငါးယောက်ကိုလည်း ဖမ်းမိထားပြီးပါပြီ။ လက်နက်တွေလည်း သိမ်းဆည်းနိုင်ခဲ့ပါတယ်"

"ဟာ - တယ်ဟုတ်ပါလားဗျ။ လက်နက်နဲ့လူတွေကို လက်နက်မဲ့လူတွေက ဖမ်းနိုင်တယ်ဆိုတော့ ချီးကျူးစရာပါပဲဗျာ"

ဌာနာအုပ်က ပြောလိုက်သဖြင့် သူကြီးက ပြန်မေးလိုက်သည်။

"သူတို့ကို ဘယ်လိုလုပ်ဖမ်းလာခဲ့တာလဲ"

"ကျုပ်တို့ သင်္ဘောဆိုက်ပြီးတက်လာတော့ ရွာပြင်တာလမ်းပေါ်မှာ ဒီတရားခံတွေက ဒီမိန်းကလေးသုံးယောက်ကို ဆွဲလားတွန်းလားလုပ်ပြီး အဓမ္မခေါ်ဆောင်နေတာ တွေ့လို့ မသင်္ကာလို့ စစ်လိုက်တော့ ဒီမိန်းကလေးတွေကို ဖမ်းလာတာသိရတယ်။ ဒါကြောင့် ဖမ်းလာခဲ့တာ"

ဤတွင် ထူးအောင်က ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ - အေးအေးဆေးဆေး ပြောကြတာပေါ့။ ဌာနာအုပ်မင်းတို့လည်း ပင်ပန်းလာတာ။ တရားခံတွေနဲ့ လက်နက်တွေကို ဌာနာအုပ်မင်းကိုအပ်ပြီး အေးအေးဆေးဆေး နားနားနေနေပြောကြတာပေါ့"

"ကောင်းတယ်၊ ကောင်းတယ်။ ကဲ - သမီးတို့ပင်ပန်းတယ်လဲ သဘောမထားကြပါနဲ့ကွယ်။ ဌာနာအုပ်မင်းတို့ စားဖို့တစ်ခုခု စီစဉ်လိုက်ပါဦး"

သူကြီးက မလေးငယ်၊ ဝင်းပန့်ခင်နှင်းလှိုင်တို့ကို ပြောလိုက်သည်။ ထို့ကြောင့် ခင်နှင်းလှိုင်တို့သုံးယောက် မီးတိုင်ထွန်းကာနောက်ဖေးဆောင်သို့ ဝင်သွားခဲ့ကြသည်။ သူကြီးနှင့်အဖွဲ့က တရားခံများနှင့် သိမ်းဆည်းရမိခဲ့သော လက်နက်များကို ဌာနာအုပ်နှင့်အဖွဲ့ကို အပ်နှံခဲ့ကြသည်။ လုပ်ကိုင်ဆောင်ရွက်ပြီးသောအချိန်တွင် မလေးငယ်တို့ကလည်း စားသောက်ဖွယ်ရာများကို စီစဉ်ဆောင်ရွက်ခဲ့ကြပြီး ဖြစ်သည်။ ထို့ကြောင့် မလေးငယ်တို့စီစဉ်လုပ်ဆောင်ပေးခဲ့ကြသော ထမင်းကြော်၊ ငါးပုတ်ခြောက်ဖုတ်ဆီဆမ်း၊ လက်ဖက်သုပ်၊ ရေနွေးကြမ်းတို့နှင့် ဌာနာအုပ်နှင့်အဖွဲ့ကို ဧည့်ခံ ကျွေးမွေးခဲ့ကြသည်။

ထို့ကြောင့် စားသောက်ရင်း စကားပြောနေခဲ့ကြရာ ဌာနာအုပ်က မေးလိုက်သည်။

"ကဲ - သူကြီး၊ စောစောကစကားကိုဆက်စမ်းပါဦး။ ကျွန်တော်တို့ သဘော်စက်ပျက်တာ ကံကောင်းတယ်ဆိုတာ ဘာဖြစ်လို့လဲ"

"ဌာနာအုပ် မင်းတို့သဘော်စက်ပျက်နေလို့ တရားခံငထွန်းကို ဖမ်းမိပြီး ကျွန်တော့်သမီးနဲ့ သူငယ်ချင်းတွေကို အချိန်မီကယ်တင်နိုင်ခဲ့တာပေါ့"

သူကြီးက ဘိန်းစားငထွန်းပေးသောစာကို ထုတ်ပြလိုက်သည်။ ထို့ကြောင့် ဌာနာအုပ်ကမေးလိုက်သည်။

"ဒါဆိုရင် ဒီဇာတ်လမ်းမှာ အဓိကခေါင်းဆောင်က ဘိန်းစားငထွန်းပေါ့"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ဘိန်းစားငထွန်းက အဓိကခေါင်းဆောင်ဖြစ်မှန်း အခုမှသိကြရတာပါ။ ကျွန်တော်တို့ရွာက

www.burmeseclassic.com

www.burmeseclassic.com


ကာလသားခေါင်းဆောင်ချစ်လည်း လူဆိုးအဖွဲ့ဝင် ဖြစ်ကြောင်း အခုမှ သိကြရတာပါ”

သူကြီးကပြောလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဌာနာအုပ်က ပြန်ပြောလိုက်ပြန်သည်။

“ဖြစ်ပုံဖြစ်နည်းတွေကိုလည်း ပြောပြစမ်းပါ ဦးသူကြီးရဲ့”

ထို့ကြောင့် သူကြီးက ဘိန်းစားငထွန်းရွှာကို ရောက်ရှိလာပုံ၊ ဦးရွှေလေးတို့သားအဖ ရောက်ရှိလာကြပုံ၊ မသေဆေးသောက်ထားကြပုံ၊ ရွှေမန်ကျည်းစေ့များ၊ ခွေးခေါင်းနှင့်လူကိုယ်သရဲအကြောင်း၊ ဦးရှင်ကြီးကို ကင်းသမားများ တွေ့မြင်ခဲ့ကြရပုံ၊ ဦးရွှေလေးသေချင်၍သေသွားခဲ့ပုံ၊ ဝင်းသောင်းအမြင်မှန်ရလာပုံ၊ ထူးအောင်တရားပွဲများကျင်းပခဲ့ပုံ၊ အလှူငွေကောက်ခံခဲ့ပုံနှင့် လက်ရှိအခြေအနေများကို အသေးစိတ်ရှင်းပြလိုက်လေတော့သည်။

ထို့နောက် သူကြီးက ဆက်ပြောလိုက်သည်။

“ဒီလိုလူဆိုးတွေကို ဖမ်းဆီးနိုင်ခဲ့တာဟာ အဓိကစွမ်းဆောင်သူတွေကတော့ မောင်ထူးအောင်နဲ့မောင်ဝင်းသောင်းတို့ပါ။ မောင်ထူးအောင်က မသေဆေးကိစ္စကို မယုံဘူး။ မောင်ဝင်းသောင်းက အမြင်မှန်ရလာပြီး ကျွန်တော်တို့နဲ့ပူးပေါင်းဆောင်ရွက်ခဲ့တယ်။ ဒါကြောင့် အခုလိုဖော်ထုတ်နိုင်ခဲ့တာပါ”

ထို့ကြောင့် ဌာနာအုပ်ဦးမြင့်ကြိုင်က ပြောဆိုလိုက်သည်။

“ကိုထူးအောင် ကျွန်တော်တို့နဲ့ အဆက်လုပ်နေခဲ့တာကြာခဲ့ပါပြီ။ ကဲ - ကိုထူးအောင်၊ ခင်ဗျားရဲ့လုပ်ဆောင်ချက်တွေကို ခင်ဗျားကပဲ ပြောပြလိုက်ပါဗျာ”

ထို့ကြောင့် ထူးအောင်က ပြောလိုက်သည်။

“ဝင်းသောင်းက ဦးဝေထွန်းရယ်၊ ကိုချစ်ရယ်၊ တင့်စိုးရယ်ကို ရွှေမန်ကျည်းစေ့တွေပေးပြီး သူတို့သားအဖ မသေဆေးသောက်ထားကြတယ်။ တပေါင်းလပြည့်နေ့တိုင်း ရေငန်ပိုင်ဦးရှင်ကြီးနဲ့ တွေ့ကြရတယ်ဆိုကတည်းကိုက ကျွန်တော်က မယုံတာ”

“ဘာဖြစ်လို့မယုံတာလဲ”

ဌာနာအုပ်က မေးလိုက်သဖြင့် ထူးအောင်က ပြန်ပြောလိုက်


www.burmeseclassic.com

www.burmeseclassic.com



သည်။

"မဟုတ်တာလုပ်တတ်တဲ့လူတွေဟာ မဖြစ်နိုင်တာတွေကို ဘဲ ပြောလေ့ရှိကြတယ်။ ကျွန်တော်တို့က ဘာသာရေးပေတံ နဲ့ပဲတိုင်းတယ်။ ဘာသာရေးပေတံနဲ့ မကိုက်ညီရင် လက်မခံ ဘူး။ စဉ်းစားကြည့်ကြလေဗျာ။ မြတ်စွာဘုရားရှင် ကိုယ် တော်တောင်မှ လွန်ဆန်လို့မရနိုင်တဲ့ သေခြင်းတရားကို သူတို့က လွန်ဆန်နိုင်တယ်ဆိုတော့ သူတို့ကဘုရားရှင်ထက် သာလွန်မြင့်မြတ်တဲ့ အကျင့်ထူးတွေကို ကျင့်နေကြလို့လား။ မြတ်စွာဘုရားက မမြဲပါဘူးဆိုတာကို သူတို့ကမြဲတယ်လို့ လုပ်ကြတယ်။ ဝင်းသောင်းကြည့်လိုက်ပြန်တော့လည်း မ ဟုတ်တာ အကုန်လုပ်တယ်။ အပြောနဲ့အလုပ်မညီကြဘူး။ ဒါကြောင့် သူတို့သက်သေပြတဲ့ ရွှေမန်ကျည်းစေ့လေးတွေ ကို သေသေချာချာလေ့လာကြည့်တော့ အခေါင်းပွလုပ်ထား တာ။ ဆယ်စေ့ဆယ့်နှစ်စေ့လောက်မှ တစ်ကျပ်သားလောက် ရှိတယ်။ သူပေးခဲ့တာ ဦးဝေထွန်းကို နှစ်စေ့၊ တင်စိုးကိုသုံး စေ့၊ ကိုချစ်ကိုတစ်စေ့၊ စုစုပေါင်း ခြောက်စေ့ပဲ ရှိတယ်။ ပေါင်းလိုက်ရင် ငါးမူးသားလောက်ပဲရှိမယ်။ ဒါဟာ ဒီ ကောင်တွေ ရင်းလိုက်တာလို့ ကျွန်တော်ယူဆတယ်"

"ရွာအတွက် ဆယ်စေ့၊ လေးငယ်တို့ကိုတစ်စေ့၊ ကိုသာခင် ကိုပန်းမြနဲ့ ကိုဂွတိုကို နှစ်စေ့စီပေးသေးတယ်လေ"

ဦးဝေထွန်းက ပြောလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် ထူး အောင်က ပြန်ပြောလိုက်သည်။

"ဒါက နောက်ပိုင်းမှပေးတာ။ အဲဒီပေးတာတွေပါ ထည့် ပေါင်းလိုက်ဦး စုစုပေါင်း နှစ်ဆယ့်သုံးစေ့၊ နှစ်ကျပ်သား လောက်ပဲရှိမယ်။ ဒီနေ့ရွှေဈေးနဲ့တွက်ကြည့်ရင် သုံးထော ထောင်ဖိုးလောက်ပဲရှိမယ်။ အခု သူတို့ လုယူလို့ရသွားငွေ နှစ်သိန်းသုံးသောင်းလေ။ ဒါကြောင့် ဒီကောင်တွေ ငထော မြင်လို့ ရာစွန့်တယ်ဆိုတာ ကျွန်တော်တွေးမိတယ်"

"အဲဒီလိုတွေးမိလို့ ကိုထူးအောင်က ကျွန်တော်တို့ကို သတင်းပို့တာလား"

ဌာနာအုပ်က မေးလိုက်ပြန်သဖြင့် ထူးအောင်က ဆက်ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"အဲဒီအချိန်အထိ ကျွန်တော် ရဲစခန်းကို သတင်းမပို့သေးဘူး။ ဒီကောင်တွေ အကြံတစ်ခုခုရှိနေပြီဆိုတာကတော့ သိနေတယ်။ ဒါပေမယ့် ကျွန်တော့်မှာ သက်သေပြစရာမရှိဘူး။ အကြောင်းအရာတစ်ခုဟာ သက်သေပြချက် ခိုင်လုံမှ အတည်ပြုလို့ရတာ။ ဒီအချိန်မှာ သက်ပိုင်စိုး၊ တင်စိုးနဲ့ ဦးဝေထွန်းတို့ကလည်း ဝင်းသောင်းကို ချဉ်းကပ်ဖို့ကြိုးစားနေကြပြီ။ ကျွန်တော်ပြောတာကို ဘယ်သူကမှလက်ခံကြမှာလည်းမဟုတ်ဘူး။ သူကြီးကတော့ ဇဝေဇဝါဖြစ်နေပုံရတယ်။ ဒါကြောင့် ကျွန်တော် သူကြီးကို တိုးတိုးတိတ်တိတ် ရှင်းလင်းပြောပြခဲ့တယ်။ နောက် သူကြီးနဲ့ကျွန်တော် သူတို့အခြေအနေကို စောင့်ကြည့်လေ့လာနေခဲ့တယ်။ အဲဒီအချိန်မှာ ခွေးခေါင်းသရဲကိစ္စနဲ့ ဝင်းသောင်းတို့အိမ်ရှေ့မှာ ဦးရှင်ကြီးကို စောင်းပိုက်လျက် တွေ့ရတယ်ဆိုတဲ့ကိစ္စတွေ ဖြစ်လာခဲ့တယ်"

"အဲဒီကိစ္စက ဘယ်လိုဖြစ်တာလဲ"

ဤတွင် ဝင်းသောင်းက ဝင်ပြောလိုက်သည်။

"အဲဒီကိစ္စက ကိုထွန်းလုပ်တာပါ။ အဲဒီညက ကျွန်တော်တို့သားအဖ တကယ်မသိတာပါ။ ကိုထွန်းက ကျွန်တော်တို့သားအဖကို အိပ်ဆေးခွံ့ချ၊ ဦးရှင်ကြီးရုပ်တုကြီးကို အိမ်ရှေ့မှာ ရွှေ့ထားတာ ကင်းသမားတွေပြန်သွားမှ အိမ်ထဲပြန်သွင်းထားခဲ့တာ။ ဒီကိစ္စကိုလည်း ကိုထွန်းပြန်ပြောလို့ သိခဲ့ရတာပါ"

"ကိုထွန်းက ဦးရှင်ကြီးရုပ်တုကြီးကို ဘာဖြစ်လို့ အိမ်ရှေ့မှာ ရွှေ့ထားရတာလဲ"

ဌာနာအုပ်၏အမေးကို ဝင်းသောင်းက ပြန်ဖြေလိုက်သည်။

"ကျွန်တော်တို့သားအဖနဲ့ ဦးရှင်ကြီးတကယ်အဆက်အသွယ်ရှိကြောင်း ပိုပြီးယုံကြည်လာအောင် အကွက်ဆင်လိုက်တာပါ"

"ကင်းသမားတွေ ဒီည ဒီကိုလာကြမယ်ဆိုတာ ကိုထွန်းက ဘယ်လိုသိလဲ"

www.burmeseclassic.com

ဌာနာအုပ်က အကွက်စေ့စေ့မေးလိုက်သည်။ ထို့ကြောင့် ဝင်းသောင်းက ပြန်ပြောလိုက်သည်။

"အဲဒါတော့ ကျွန်တော်လည်းမသိဘူး"

ဤတွင် သက်ပိုင်စိုးက ပြောလိုက်သည်။

"ခွေးခေါင်းသရဲက ကျွန်တော်ဖန်တီးခဲ့တာပါ"

ထို့ကြောင့် အားလုံးက အံ့ဩသွားခဲ့ကြသည်။ သူကြီးက သက်ပိုင်စိုးကို တအံ့တဩမေးလိုက်သည်။

"မင်းက ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲ"

"ဝင်းသောင်းတို့သားအဖကို သရဲတစ္ဆေမွေးတဲ့ အောက်လမ်းဆရာတွေလို့ထင်ပြီး ရွာက နှင်ထုတ်ခံရအောင် လုပ်တာပါ။ ဘိန်းစားကိုကြီးထွန်းရဲ့ အကြံပေးချက်အရ စပါးပုတ်ကြီးကို ခွေးခေါင်းသရဲပုံစံ ဝါးတွေစက္ကူတွေနဲ့ လုပ်ခဲ့တာပါ။ အဲဒါကိုလည်း ကိုကြီးထွန်းကပဲလုပ်ပေးခဲ့ပြီး အဲဒီညက သူကိုယ်တိုင် စပါးပုတ်ထဲဝင်ပြီး ခွေးခေါင်းသရဲလုပ်ခဲ့တာပါ။ မီးလုံးကြီးသုံးလုံးကိုလည်း သူပဲဖန်တီးခဲ့တာပါ။ ပါးစပ်ထဲ ရေနံဆီငုံပြီး ဖယောင်းတိုင်မီးကို မှုတ်လိုက်ရင် မီးတောက်လုံးကြီးတွေ ဖြစ်လာပါတယ်။ ကျွန်တော်က ကင်းသမားတွေကို ဝင်းသောင်းတို့ခြံထဲ မရောက်ရောက်အောင် ခေါ်လာခဲ့တာပါပဲ။ အဲဒီအစီအစဉ်တွေ အားလုံးဟာ ကိုကြီးထွန်းရဲ့ အစီအစဉ်တွေပါ။ ကျွန်တော်က သွားတိုင်ပင်ခဲ့တဲ့အတွက် ကိုကြီးထွန်းက အကြံပေးစီစဉ်ခဲ့တာပါ"

"ကိုသက်ပိုင်စိုးက ကိုဝင်းသောင်းကို ဘာဖြစ်လို့ ရွာကနှင်ထုတ်စေချင်ရတာလဲ"

ဌာနာအုပ်က မေးလိုက်သည်။ ဒီကိစ္စကိုတော့ သက်ပိုင်စိုး မဖြေနိုင်။ မလေးငယ်နှင့် ပတ်သက်ဆက်နွယ်နေသဖြင့် သက်ပိုင်စိုး ဖြေ၍မဖြစ်။ ဤသည်ကို ထူးဖေအောင်က ရိပ်စားသိရှိနေသဖြင့် သက်ပိုင်စိုးဘက်က ဝင်ပြောပေးလိုက်သည်။

"သက်ပိုင်စိုးကလည်း ဝင်းသောင်းကို ရွာမှာ မရှိစေချင်ဘူးလေ။ ဒါကြောင့်လည်း သူက သူ့နည်းသူ့ဟန်နဲ့ ကြံခဲ့တာဖြစ်မှာပေါ့။ ဟုတ်တယ်မို့လား သက်ပိုင်စိုး"

"ဟုတ်တယ်၊ ဟုတ်တယ်"


www.burmeseclassic.com

www.burmeseclassic.com

သက်ပိုင်စိုးမှာ ထွက်ပေါက်ရသွားခဲ့သဖြင့် အလျှင်အမြန် ပြန်ဖြေလိုက်သည်။ ထို့နောက် သူကြီးက တွေးတွေးဆဆပြောလိုက် သည်။

"ဘိန်းစားငထွန်းက သူနဲ့ဝင်းသောင်းတို့သားအဖ အဆက် အသွယ်ရှိနေတာကို မရိပ်မိအောင် သက်ပိုင်စိုးကို ကူညီ လုပ်ကိုင်ပေးခဲ့တာဖြစ်မယ်။ နောက်ပြီး ဝင်းသောင်းတို့သား အဖ ဦးရှင်ကြီးနဲ့ အဆက်အသွယ်ရှိကြောင်း ရွာကလူတွေ ယုံကြည်လာအောင် လုပ်တာလည်းဖြစ်မယ်။ တစ်ချက်ခုတ် နှစ်ချက်ပြတ် လုပ်လိုက်တာပဲ"

ထို့နောက် ထူးအောင်က ဆက်ပြောလိုက်ပြန်သည်။

"နောက်ပြီး ဦးရွှေလေးက သေဆုံးသွားချိန်မှာ ကျွန်တော် ပိုပြီး သံသယဖြစ်လာခဲ့တယ်။ ဦးရွှေလေးဟာ ဝင်းသောင်း ကိစ္စနဲ့ပတ်သက်ပြီး သေချင်လောက်အောင် စိတ်ညစ်နေ ချိန်မှာ သေသွားခဲ့ရတာ။ ဒါဟာ ဦးရွှေလေးတို့ သားအဖ မသေဆေးသောက်ထားခဲ့ကြတယ်ဆိုတာ ပိုပြီးခိုင်လုံအောင် သက်သေပြလိုက်တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ မသေဆေး သောက်ခဲ့သူဟာ သေချင်စိတ်ဖြစ်လာရင် သေတယ်လို့ သူ ကပြောခဲ့ကြတယ်လေ။ ဒီတော့ ရွာထဲကလူတွေက ဦးရွှေ လေးဟာ သေချင်စိတ်ဖြစ်လာလို့ သေတာလို့ပဲ ထင်နေကြ တာပေါ့။ အဲဒီအချိန်မှာ ကျွန်တော်ပိုပြီး သံသယဝင်ခဲ့တာ။ ဦးရွှေလေးသေဆုံးခဲ့ရတာ ရောဂါလည်းမရှိ။ ဒဏ်ရာဒဏ် ချက်လည်းမရှိ။ ဝင်းသောင်းကလည်း ကိုယ့်အဖေကိုတော့ ကိုယ်ပြန်သတ်မှာမဟုတ်ဘူး။ အဲဒီအချိန်အထိ ကျွန်တော့် မှာ သက်သေပြစရာမရှိသေးဘူး"

ဤတွင် ဝင်းသောင်းက ဝင်ပြောလိုက်သည်။

"ထူးအောင်တွေးတာမှန်ပါတယ်။ ကျွန်တော့်အဖေဟာ အ သတ်ခံလိုက်ရတာပါ"

"ဘာ - ဦးရွှေလေး အသတ်ခံခဲ့ရတာ ဟုတ်လား"

ဦးဝေထွန်းက တအံ့တဩမေးလိုက်သည်။ ထို့ကြောင့် ဝင်း သောင်းက ပြန်ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်တော့်အဖေကို ကိုထွန်းသတ်ခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းသောင်းက 'ကျွန်တော့်အဖေကို ကိုထွန်းသတ်ခဲ့တာပါ' ဟု အစပျိုးကာ ပြန်လည်ပြောပြလိုက်တော့သည်။

■

www.burmeseclassic.com

ww.burmeseclassic.com

## ဝင်းသောင်း၏အတိတ်

"အောက်. . . အီ. . . အီး. . . အွတ်"

ဝင်းသောင်း တစ်ရေးနိုးလာခဲ့သည်။ သန်းခေါင်ကြက်တွန်သံကိုကြားလိုက်ရသည်။

ထိုစဉ် -

"အု အိ အု"

"ဝုန်း ဒုန်း"

ဖခင်ဖြစ်သူအခန်းဆီမှ အော်ဟစ်ညည်းညူသံနှင့် လူပ်ရှားရုန်းကန်သံများကို ကြားနေရသဖြင့် ဝင်းသောင်း ဖခင်အိပ်ရာဆီသို့ အပြေးအလွှားလာခဲ့သည်။

"ဟာ - ဟေ့ ဟေ့လူ၊ မလုပ်နဲ့ မလုပ်နဲ့"

"အု. . . အိ. . . အိ"

"ဝုန်းဒုန်း. . . ဝုန်း"

ဖခင်ဖြစ်သူကို ဘိန်းစားငထွန်းက အပေါ်မှာတက်ခွကာ မျက်နှာကို ခေါင်းအုံးနှင့်ဖိထားသည်ကို တွေ့မြင်လိုက်ရသဖြင့် ဝင်းသောင်းက အထိတ်တလန့်ပြောဆိုလိုက်သည်။ သို့သော် ငထွန်းက ဝင်းသောင်းကို အရေးမစိုက်။ ဦးရွှေဂေးမျက်နှာကို ခေါင်းအုံးနှင့် အားစိုက်ဖိကပ်ထားနေသဖြင့် ဦးရွှေလေးမှာလည်း အသည်းအသန်လူပ်ရှား ရုန်းကန်နေလေတော့သည်။

ထို့ကြောင့် ဝင်းသောင်းက ငထွန်း ၂သို့ အော်ဟစ်ပြောသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com


"ဟော့လူ၊ ဘာလုပ်တာလဲ။ မလုပ်နဲ့ မလုပ်နဲ့"

"ဖောင်း. . . ခွပ်. . . အင့်. . . ဝုန်း"

ဝင်းသောင်းက ငထွန်း၏ပခုံးကို လှုပ်ကိုင်ဆွဲဖယ်နေသဖြင့် ငထွန်းက ဝင်းသောင်းကို လက်ပြန်ရိုက်လိုက်သည်။ ဝင်းသောင်း လဲကျသွားတော့သည်။ ထိုအချိန်တွင် ဦးရွှေလေးမှာလည်း ငြိမ်သက်သွားခဲ့ပြီ ဖြစ်သည်။ ဝင်းသောင်းကလည်း လဲကျနေရာမှ ပြန်ထလာခဲ့သည်။ ငထွန်းက ခေါင်းအုံးကိုလွှင့်ပစ်လိုက်ပြီး မတ်တတ်ရပ်လိုက်သည်။ ဝင်းသောင်းသည် ဖခင်ဖြစ်သူထံ အော်ဟစ်ပြေးဖက်လိုက်သည်။

"အဖေ. . . အဖေ. . . အဖေ"

ဦးရွှေလေးအသက်မရှိတော့။ ထို့ကြောင့် ဝင်းသောင်းက ဖခင်အလောင်းကို ပွေ့ဖက်ကာ ငထွန်းကို ငိုယိုပြောဆိုလိုက်သည်။

"အဖေသေပြီ။ ကိုထွန်းအဖေသေပြီဗျ။ အဖေ့ကို ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲဗျာ။ ကိုထွန်းသိပ်ရက်စက်တယ်ဗျာ။ သိပ်ရက်စက်တယ်"

ဝင်းသောင်းက ကြေကွဲစွာပြောဆိုနေသော်လည်း ငထွန်းကမူ အရယ်အပြုံးမပျက်ဘဲ အေးဆေးစွာ ဆေးလိပ်သောက်နေခဲ့သည်။ ထို့နောက် ဝင်းသောင်းကို ပြောလိုက်သည်။

"ဒီမှာ ဝင်းသောင်း၊ ငါ့ကိုအပိုတွေပြောမနေနဲ့။ ဒီအချိန်မှာ မင်းအဖေဟာ မင်းအတွက်နဲ့ သေချင်စိတ်ဖြစ်နေတာ သက်ပိုင်စိုးနဲ့ ကိုချစ်ကပြောလို့ ငါသိပြီးပြီ။ ဒီတော့ မင်းအဖေကို သေချင်စိတ်ဖြစ်လို့ သေတာလို့ပြော။ ဒါမှမင်းတို့ မသေဆေးသောက်ခဲ့ရတာကို လူတွေပိုယုံမှာ။ နောက်ပြီး မင်းကမင်းအဖေသေရလို့ အသိတရားရလာတဲ့ပုံစံနဲ့ ကိုပန်းမြ၊ ကိုဂွတိုနဲ့ ကိုသာခင်တို့ကို မန်ကျည်းစေ့နှစ်စေ့စီပေး၊ ရွာအတွက် သူကြီးကိုဆယ်စေ့ပေး၊ နောက်တစ်ရွာလုံးကို တောင်းပန်ပြီးမှ ဦးရှင်ကြီးပွဲအတွက် အလှူငွေကောက်ခံ ဖို့စီစဉ်၊ မင်းကို ပိုပြီး ယုံကြည်အောင် ငွေမကိုင်နဲ့။ ရော့ ဒီမှာ ရွှေမန်ကျည်းစေ့လေးတွေ"

"ကျွန်တော်မလုပ်ချင်တော့ဘူးဗျာ"

"မင်းမလုပ်ချင်ရင်လည်း ရတယ်လေ။ ဒီခေါင်းပုံတွေကို ငါ



www.burmeseclassic.com

www.burmeseclassic.com


က ရဲလက်အပ်လိုက်ရုံပေါ့"

ငထွန်းက ဓာတ်ပုံများကို အိတ်ထဲမှနှိုက်ယူကာ ထောင်ပြလိုက်သဖြင့် ဝင်းသောင်းတုန်လှုပ်သွားခဲ့ရတော့သည်။ ထိုဓာတ်ပုံများသည် ဝင်းသောင်းကို ကြိုးစင်ပို့မည့် ဓာတ်ပုံများပင် ဖြစ်သည်။

အမှန်တကယ်တွင်မူ ဝင်းသောင်း အကုသိုလ်ဝင်ခဲ့ခြင်းသာဖြစ်သည်။ ညဘက် သူငယ်ချင်းတွေအိမ်မှ အပြန်လမ်းတွင် လူတစ်ယောက် သွေးအိုင်ထဲတွင် လဲနေသည်ကိုတွေ့ရသဖြင့် ပြေးယူပွေ့ချီခဲ့ရာ သူဌေးဦးချစ်ဖူးဖြစ်နေသည်ကို တွေ့လိုက်ရသည်။ သူဌေးဦးချစ်ဖူးမှာ ဝင်းသောင်းတို့ရပ်ကွက်တွင် လူချစ်လူခင်ပေါသောသူဌေးတစ်ဦး ဖြစ်သည်။ ထို့ကြောင့် ဝင်းသောင်းက ဦးချစ်ဖူးရင်ဝမှ ဓားကိုဆွဲနုတ်ကာ ဦးချစ်ဖူးကိုခေါ်လိုက်သည်။

"ဦးချစ်ဖူး၊ ဦးလေး ဦးလေးချစ်ဖူး၊ ဟင် - အသက်မရှိတော့ပါလား"

ထိုစဉ် -

"ဝေါ. . . ဝေါ. . . ဝေါ"

ရဲကားများ ရောက်လာခဲ့သဖြင့် ဝင်းသောင်းမှာ ဓားကိုလွှင့်ပစ်ပြီး ကိုယ်လွတ်ထွက်ပြေးလာခဲ့ရသည်။ နောက်တစ်နေ့သတင်းစာများတွင် သူဌေးဦးချစ်ဖူး အသတ်ခံရပြီး တရားခံ ထွက်ပြေးလွတ်မြောက်နေကြောင်း သတင်းပါလာခဲ့သည်။ ထိုစဉ် ငထွန်းကလည်း ဝင်းသောင်းတို့အိမ်သို့ ရောက်လာခဲ့သည်။ ဝင်းသောင်း၏အိမ်ကို ညကတည်းကပင် ခြေရာခံလိုက်ကြည့်ခဲ့ခြင်း ဖြစ်သည်။ ငထွန်းပြသည့်ဓာတ်ပုံများမှာ ဝင်းသောင်းက သူဌေးဦးချစ်ဖူးကိုပွေ့ချီကာ ဓားနှင့်ထိုးနေပုံများဖြစ်သည်။ ထိုဓာတ်ပုံများကိုပြကာ ငထွန်းက ဝင်းသောင်းကို သူခိုင်းတာလုပ်ပေးရမည်။ မလုပ်ပေးလျှင် ဓာတ်ပုံတွေကို ရဲလက်အပ်မည်ဟု အကျပ်ကိုင်ခဲ့သည်။ ထို့ကြောင့် ဝင်းသောင်းမှာ ငထွန်း၏ ကကြိုးရုပ်ဖြစ်ခဲ့ရသည်။ ဝင်းသောင်းကို သမ့်တပင်ရွာတွင် မသေဆေးသောက်ထားသူအဖြစ် သရုပ်ဆောင်ခိုင်းခဲ့သည်။ ဖခင်ဖြစ်သူက ဝင်းသောင်းကို စိုးရိမ်၍ လိုက်လာခဲ့သည်။ ထို့ကြောင့် ဦးရွှေလေးနှင့် ဝင်းသောင်းတို့မှာ သမ့်တပင်ရွာတွင် မသေဆေးသောက်ထားသူများ ဦးရှင်ကြီးနှင့်


www.burmeseclassic.com

www.burmeseclassic.com


ဘပေါင်းလပြည့်တိုင်း တွေ့နေကြရသူများအဖြစ် သရုပ်ဆောင်နေခဲ့ကြရတော့သည်။

ယခု ဦးရွှေလေးကို ငထွန်းကသတ်ပစ်လိုက်ပြီး ဝင်းသောင်းကို ထိုခါတတ်ပုံ ငတွပြကာ အကျပ်ကိုင်နေခဲ့ခြင်း ဖြစ်သည်။ ဝင်းသောင်းက ငထွန်းကို ရွံ့မုန်းစွာကြည့်လိုက်သည်။ ထို့နောက် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချကာ ငထွန်းကိုပြောလိုက်သည်။

"ခင်ဗျားက ကျုပ်ကို မလှုပ်နိုင်အောင် ချုပ်ကိုင်ထားနိုင်မှတော့ ကျုပ်က လုပ်ပေးရတော့မှာပေါ့ဗျာ"

"နောက်ဆုံးတော့ ဒီလိုပဲဖြစ်ရမှာပေါ့ ဝင်းသောင်းရာ၊ လိမ္မာစမ်းပါ"

ငထွန်းက အားရကျေနပ်စွာပြောကာ ရွှေမန်ကျည်းစေ့နှင့် သုံးစွဲရန် ငွေကြေးအချို့ကိုပေးကာ ပြန်သွားခဲ့သည်။ ဝင်းသောင်းက ငထွန်း၏ကျောပြင်ကိုကြည့်ကာ နာကြည်းစွာ ရေရွတ်ပြောဆိုလိုက်သည်။

"အလှည့်ကျရင်တော့ မနွဲ့ကြစတမ်းပေါ့ ငထွန်းရာ"

■



www.burmeseclassic.com

www.burmeseclassic.com

## ထူးအောင်၏လှုပ်ရှားမှုများ

ဝင်းသောင်း၏ စကားဆုံးသွားသောအခါ သူကြီးက ပြောလိုက်သည်။

"လက်စသတ်တော့ ငထွန်းက တို့ရွာကိုလုပ်ကြံဖို့ ဘိန်းစားယောင်ဆောင်ပြီး အနီးကပ် လှုပ်ရှားနေတာကို"

ထို့နောက် ဝင်းသောင်းက ပြောလိုက်သည်။

"ကျွန်တော်အခုပြောနေတာတွေဟာ အမှန်တွေပါ။ ဦးချစ်ဖူးကို ကျွန်တော် တကယ်မသတ်ခဲ့ပါဘူး"

ထို့ကြောင့် ဌာနာအုပ်က ပြောလိုက်သည်။

"ကဲပါ - ဦးချစ်ဖူးအသတ်ခံရမှုကို ခဏထားပါဦး။ နောက်ပိုင်းအဖြစ်အပျက်တွေကို ဆက်ပြောပြပါဦး"

ထို့ကြောင့် ဝင်းသောင်းက ဆက်ပြောပြလိုက်သည်။

"ကျွန်တော် ကိုထွန်းကို တကယ်ပဲနာကြည်းသွားခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ ကိုထွန်းကို သူ့တုတ်နဲ့သူ့ကိုပြန်ရိုက်ဖို့အတွက် သူပြောတဲ့အတိုင်း စတင် လှုပ်ရှားခဲ့ပါတယ်။ အလျှော်ငွေတွေ စတင်ကောက်ခံဖို့ စတင် လှုပ်ရှားခဲ့ပါတယ်။ အဲဒီနောက် ဒီအကြောင်းကို ဖွင့်ဟတိုင်ပင်ဖို့ ကျွန်တော်စဉ်းစားခဲ့တယ်။ အထက်မြက်ဆုံး လူငယ်တစ်ယောက်ဖြစ်တဲ့ ထူးအောင်ကတစ်ဆင့် သူကြီးကို ဖွင့်ပြောတိုင်ပင်ခဲ့တယ်။ နောက်ပိုင်း အခြေအနေတွေကတော့ ထူးအောင်ရဲ့အစီအစဉ်နဲ့ လှုပ်ရှားခဲ့ကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com


ထို့ကြောင့် ထူးအောင်က ပြောလိုက်သည်။

"ဝင်းသောင်းက စတင် အလှူငွေကောက်ခံတဲ့အချိန်မှာ ကျွန်တော် ဝင်းသောင်းကို လုံးဝမယုံတော့ဘူး။ ဒီကောင့်အမြင်မှန်ရလာပြီဆိုတာလည်း မယုံဘူး။ ဒါကြောင့် သူကြီးနဲ့တိုင်ပင်ပြီး ဌာနအုပ်မင်းတို့ဆီကို အကြောင်းကြား သတင်းပို့ခဲ့တာပဲ။ ကျွန်တော် သတင်းပို့ပြီးမှ ဝင်းသောင်းက ကျွန်တော့်ကိုအဖြစ်မှန်တွေ ဖွင့်ပြောပြခဲ့တယ်။ ကျွန်တော် သိပ်မယုံသေးဘူး။ ဒါကြောင့် သူကြီးရော ကျွန်တော်ပါ အလှူငွေတွေကို လက်မခံတော့ဘဲ ကိုကြီးထွန်းကို လေ့လာကြည့်တော့လည်း မထူးခြားဘူး။ တရားပွဲမှာတောင်မှ တရားလာနာသွားသေးတယ်။ ဒါနဲ့ ဝင်းသောင်းက အလှူငွေတွေကို တစ်နေရာစီခွဲထားဖို့ အကြံပေးတာကြောင့် ရွာထဲမှာစိတ်ချယုံကြည်ရတဲ့သူတွေဆီမှာ ခွဲဝေအပ်နှံထားခဲ့တယ်။ တစ်နေရာထဲမှာထားရင် သူခိုးဓားပြအန္တရာယ်ရှိနိုင်တယ်လေ။ ဒီတော့မှ ဝင်းသောင်းပြောတာတွေ တကယ်များဖြစ်နေမလားလို့ တွေဝေလာခဲ့တယ်။ ဒါကြောင့် သူကြီးနဲ့တိုင်ပင်ပြီး ဌာနာအုပ်မင်းတို့ဆီ သတင်းထပ်ပို့ခဲ့တယ်။ ဒီအချိန်မှာ ကိုကြီးထွန်းက ဝင်းသောင်းကို သူခိုင်းသလိုလုပ်နေတာပဲဆိုပြီး ကျေနပ်နေခဲ့တာပေါ့"

ဤတွင် သက်ပိုင်စိုးက ပြောလိုက်သည်။

"အဲဒီအကြောင်းတွေကို ငါတို့ကိုဘာဖြစ်လို့မပြောတာလဲ"

"ဟာ - မင်းတို့က အဲဒီအချိန်မှာ မသေဆေးကလွဲလို့ ဘာကိုစိတ်ဝင်စားလို့လဲ"

"နင်ကရောကာ စိတ်မဝင်စားဘူးလား"

ဝင်းပက ဝင်မေးလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဌာနာအုပ်က ဝင်ပြောလိုက်သည်။

"ကဲပါ - ကိုထူးအောင် ဆက်ပြောပါဦး"

"အလှူငွေတွေ ပြန်စုတဲ့နေ့မှာ ကိုကြီးထွန်းတို့က ငွေတွေကို ဝင်လုကြလိမ့်မယ်လို့ ဝင်းသောင်းက အကြောင်းပေးခဲ့တယ်။ ဒီတော့ ကျွန်တော်ရော သူကြီးပါ စိုးရိမ်သွားခဲ့တာပေါ့။ ဒါကြောင့် ငွေတွေပြန်စုဖို့ကိစ္စကိုရွှေ့ပြီး တရားပွဲကို အရင်ကျင်းပဖို့စီစဉ်ခဲ့တယ်။ မြို့တက် ဆရာတော်၊ သံဃာတော်


www.burmeseclassic.com

www.burmeseclassic.com


နဲ့ တရားပြဆရာတွေကို ပင့်ဖိတ်ရင်းနဲ့ ဌာနာအုပ်ကြီးတို့ ဆီဝင်ပြီး သတင်းပို့ခဲ့တာပေါ့။ အလှူငွေတွေပြန်စုမယ့် နေ့ရက်နဲ့အချိန်ကိုလည်း သေသေချာချာ ပြောပြခဲ့တယ်။ ဒါမှ ကိုကြီးထွန်းတို့ အလှူငွေတွေကို ဓားပြလာတိုက်တုန်း ဌာနာအုပ်မင်းတို့က ဖမ်းမိနိုင်မှာပေါ့"

ဤတွင် ဌာနာအုပ်ဦးမြင့်ကြိုင်က မေးလိုက်သည်။

"ကိုထူးအောင်က ဘာဖြစ်လို့ တရားပွဲတွေနဲ့ တရားစခန်း ဖွင့်ချင်တာလဲ"

ထူးအောင်က မလေးငယ်ကိုကြည့်ပြီး ပြောလိုက်သည်။

"ရွာကလူတွေ ဘာသာရေးအသိတရားတွေ တိုးတက်စေချင်တယ်။ ဘာသာရေးအသိရှိနေခဲ့ရင် အခုလိုမသေဆေးတို့၊ ဦးရှင်ကြီးတို့ဆိုတဲ့ ဂုဏ္ဍီရဖြစ်စဉ်ဖြစ်ရပ်တွေကို ခုတုံးလုပ်ပြီး လိမ်တာညာတာ မခံရတော့ဘူးပေါ့"

ဤတွင် ခင်နှင်းလှိုင်က ဝင်ပြောလိုက်သည်။

"နင့်ရည်ရွယ်ချက်က ဒါတင်မဟုတ်ပါဘူးဟာ"

မလေးငယ်က ခင်နှင်းလှိုင်ကို လိမ်ဆွဲလိုက်သည်။ ထူးအောင်က မကြားချင်မမြင်ချင်ယောင်ဆောင်ပြီး ဆက်ပြောလိုက်သည်။

"ဌာနာအုပ်မင်းတို့ကို သတင်းပို့ပြီးပြန်လာတော့ တကယ်လို့များ ဌာနာအုပ်မင်းတို့ အချိန်မီရောက်မလာခဲ့ရင်ဆိုတဲ့ အတွေးက ကျွန်တော့်ခေါင်းထဲဝင်လာခဲ့တယ်။ ဒါကြောင့် ကျွန်တော် စိုးရိမ်ပြီး သူငယ်ချင်းတွေကို တိုးတိုးတိတ်တိတ် စည်းရုံးပြောဆိုပြီး ငွေတွေပြန်စုမယ့်နေ့မှာ သူကြီးအိမ်နဲ့ပတ်ဝန်းကျင်မှာ ကင်းပုန်းချထားခဲ့တယ်။ ကျွန်တော့်အတွေးမှန်သွားခဲ့တယ်။ ဓားပြတွေဝင်စီးတဲ့အချိန် ဌာနာအုပ်မင်းတို့ကလည်း မော်တော်စက်ပျက်လို့ အချိန်မီရောက်မလာနိုင်ခဲ့ဘူး။ ကင်းပုန်းသမားတွေက ဓားပြတွေကို သားရေခွနဲ့ပစ်ခတ်တိုက်ခိုက်ခဲ့လို့ ကျွန်တော်တို့လည်း ပြန်ခုခံနိုင်ခဲ့ကြတာပဲ။ ကင်းပုန်းသမားတွေကတော့ ဖိုးဝ၊ ဝင်းထိန်၊ ခင်ဇော်၊ သန်းမောင်နဲ့ တင်လှတို့ပါ"

ထို့ကြောင့် ဌာနာအုပ်က ပြောလိုက်သည်။

"ကိုထူးအောင်ကတော့ နာမည်နဲ့လိုက်ပါပေတယ်ဗျာ။ သူများနဲ့ထူးအောင် စွမ်းဆောင်နိုင်ပါပေတယ်။ အခုလို ဓားပြ


www.burmeseclassic.com

www.burmeseclassic.com



တွေ့ရော လက်နက်တွေပါ ဖမ်းဆီးရမိခဲ့လို့ ကျွန်တော်လည်း ရာထူးတက်မလား၊ နာမည်ကောင်းရမည်လား တစ်ခုခုပဲ။ အဲဒါ ကိုထူးအောင်တို့ကြောင့်။ ဒါကြောင့် ကျွန်တော် တရားခံတွေကို မြို့ကစခန်းမှာ အပ်နှံပြီးရင် ကိုထူးအောင်နဲ့ ကင်းပုန်းသမားငါးယောက်၊ နောက်ပြီး သူကြီး၊ ကိုသက်ပိုင်စိုး၊ ကိုဝင်းသောင်းနဲ့ ကိုတင်စိုးတို့ကို ဂုဏ်ပြုပွဲပြုလုပ်ဖို့ အထက်ကိုတင်ပြမယ်"

"ဌာနာအုပ်မင်း ကျွန်တော်တို့ကို ဘာဖြစ်လို့ ဂုဏ်ပြုပွဲလုပ်မှာလဲ"

သူကြီးက မေးလိုက်သဖြင့် ဌာနာအုပ်က ပြန်ပြောလိုက်သည်။

"သူကြီးရယ်၊ ကင်းပုန်းသမားငါးယောက်ရယ်၊ ကိုထူးအောင်ရယ်က ဓားပြတွေကို အကြံကောင်းဉာဏ်ကောင်းတွေနဲ့ ထုတ်ဖော်ဖမ်းဆီးပေးနိုင်ခဲ့လို့။ ကိုသက်ပိုင်စိုး၊ ကိုတင်စိုးနဲ့ ကိုဝင်းသောင်းတို့က ဓားပြတွေကို ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက်ဖမ်းဆီးပေးခဲ့လို့"

ထို့ကြောင့် ဝင်းသောင်းက ပြောလိုက်သည်။

"ကျွန်တော့်လို ကြိုးစင်တက်ရမယ့်လူအတွက် ဂုဏ်ပြုပွဲမလိုတော့ပါဘူး ဌာနာအုပ်မင်းရယ်"

ထို့ကြောင့် ဌာနာအုပ်က ပြန်မေးလိုက်သည်။

"ကိုဝင်းသောင်းက ဘာဖြစ်လို့ ကြိုးစင်တက်ရမှာလဲ"

"သူဌေးဦးချစ်ဖူးကိုသတ်မှုက ခါတ်ပုံနှင့်တကွရှိနေတော့ ကျွန်တော်ဘယ်လိုငြင်းလို့ရမှာလဲဗျာ"

"ငြင်းစရာမလိုပါဘူးဗျာ။ ဦးချစ်ဖူးကို သတ်တဲ့တရားခံ ထားပြီးပါပြီ"

"ဗျာ - မိထားပြီးပြီဟုတ်လား၊ ဘယ်မှာလဲ၊ ဘယ်သူလဲ"

"ဟိုမှာလေ"

ဌာနာအုပ်က ဘိန်းစားငထွန်းကို လက်ညှိုးထိုးပြလိုက်သ... အံ့သြသွားခဲ့ကြရပြန်သည်။ ထို့ကြောင့် ဌာနအုပ်ဦးမြင့်... ရှင်းပြပြောဆိုသိုက်သည်။

"အခုမြင်နေကြရတဲ့ ဘိန်းစားငထွန်းဆိုတာ ...တွမ်တီးရော... ဆိုတဲ့ ဒုစရိုက်သမားတစ်ယောက်ပဲ။ ဒီကောင့်နာမည်...



www.burmeseclassic.com

www.burmeseclassic.com


ရာဇာ။ ဒုစရိုက်မှုတွေကို လက်တစ်လုံးခြားလုပ်တတ်လွန်းလို့ ဒီကောင့်ကို ဒုစရိုက်လောကမှာ ဖိုးတွမ်တီးရာဇာလို့ခေါ်ကြတာ။ သူ့ဌေးဦးချစ်ဖူး အသတ်ခံရတဲ့ နယ်မြေခံဂါတ်တဲက ရာဇာရဲ့တပည့်တစ်ယောက်ကို ဖမ်းမိခဲ့တယ်။ အဲဒီကောင်က ဖော်ကောင်လုပ်လို့ ဦးချစ်ဖူးကို ရာဇာကသတ်ပြီး ကိုဝင်းသောင်းကို မလိမ့်တပတ်နဲ့ အသုံးချခိုင်းစေနေတာတွေ၊ သမ့်တပင်ကျေးရွာမှာ ကိုဝင်းသောင်းတို့သားအဖကို မသေတဲ့လူသားတွေအဖြစ် သရုပ်ဆောင်ခိုင်းပြီး တစ်ရွာလုံးက ငွေတွေကို လုယက်ဖို့ကြံစည်နေတာတွေ အကုန်လုံး သတင်းရပြီးပြီ။ နယ်မြေခံဂါတ်တဲကလည်း အဲဒီသတင်းနဲ့ ရာဇာရဲ့ဓာတ်ပုံ ကျွန်တော်တို့ဂါတ်တဲကို ပို့ပေးထားပြီးပြီ။ အဲဒီအချိန်မှာပဲ ကိုထူးအောင်က ကျွန်တော့်တို့ကို သတင်းလာပို့ခဲ့တာပဲ”

ထို့ကြောင့် ဝင်းသောင်းက အားရဝမ်းသာပြောလိုက်သည်။

“ဟာ - ဒီလိုဆို ကျွန်တော် တရားခံမဟုတ်တော့ဘူးပေါ့နော်။ ဝမ်းသာလိုက်တာဗျာ”

ထို့နောက် ရဲအုပ်ဦးမြင့်ကြိုင်က ပြောလိုက်သည်။

“ဒါ့ထက် ဟိုမိန်းကလေးသုံးယောက်က ဘယ်လိုဖြစ်ပြီး ဖိုးတွမ်တီးရာဇာရဲ့ အဖမ်းခံခဲ့ကြရတာလဲ”

ထို့ကြောင့် မလေးငယ်က ရှင်းလင်းပြောပြလိုက်သည်။

“ကျွန်မကို ကလေးတစ်ယောက်က လာပြောတယ်။ ဆရာတော်က ခိုင်းစရာရှိလို့ ကျောင်းကိုလာခဲ့ကြဖို့ ခေါ်ခိုင်းလိုက်တယ်။ ဝင်းပနဲ့ ခင်နှင်းလှိုင်တို့ကိုလည်းခေါ်ခဲ့ပါလို့ အဲဒီကလေးကပြောတယ်။ ဆရာတော်က ဒီလိုပဲခိုင်းစရာရှိရင် ကျွန်မတို့သုံးယောက်ကို ခေါ်ခိုင်းနေကျဆိုတော့ ကျွန်မလည်း ဝင်းပနဲ့ ခင်နှင်းလှိုင်တို့ကိုဝင်ခေါ်ပြီး ဆရာတော်ကျောင်းကို ထွက်လာခဲ့တယ်။ အဲဒီအချိန်မှာ အဖေတို့ကလည်း အလှူငွေတွေပြန်ပေးဖို့ကိစ္စ အလုပ်ရှုပ်နေလို့ ကျွန်မလည်း အဖေတို့ကို မပြောမိခဲ့ဘူး။ ကျွန်မတို့သုံးယောက်က ဆရာတော်ကျောင်းနားလည်းရောက်ရော လုံနှစ်ကောက်တကျွန်မတို့ဘေးနားကပ်ပြီး သူတို့အကျီအောက်က ဓားတွေကို ပြပြီး မအော်နဲ့၊ အော်ရင်သတ်ပစ်မယ်။ လိုက်ခဲ့လို့ခေါ်တာ



www.burmeseclassic.com

www.burmeseclassic.com

နဲ့ ကျွန်မတို့လည်း ကြောက်ကြောက်နဲ့ လိုက်လာခဲ့ကြတယ်။ ရွာပြင်ရောက်တော့ ဘိန်းစားငထွန်းနဲ့ သူ့လူတွေက ကျွန်မတို့ကို ငြိမ်ငြိမ်ထိုင်နေခိုင်းတယ်။ ခဏကြာတော့ ရွာထဲက သေနတ်သံတွေကြားရပြီး သူတို့လူတစ်ယောက် ပြေးထွက်လာပြီး ဆရာရာဇာ ဟိုကောင်တွေ ဖမ်းမိသွားပြီလို့ ပြောတယ်။ ဒီတော့ ဘိန်းစားငထွန်းက သူ့အိတ်ထဲက စာတစ်စောင်ထုတ်ပေးပြီး ကလေးတစ်ယောက်ယောက်ကို မုန့်ဖိုးပေးပြီး သူကြီးအိမ်သွားပို့ခိုင်းပြီး မင်းလိုက်ခဲ့လို့ပြောတယ်။ နောက် ကျွန်မတို့ကို အတင်းအဓမ္မဆွဲခေါ်လာခဲ့ကြတာ တာလမ်းဘေးကနေ ရုတ်တရက် ရဲတွေပေါ်လာပြီး ကျွန်မတို့ကို ကယ်ခဲ့တာပဲ”

မလေးငယ်၏စကားဆုံးသွားသောအခါ ဥာနာအုပ်က ပြောလိုက်သည်။

“ကျွန်တော်တို့ကလည်း သူတို့ကို အဝေးကြီးထဲက မြင်တယ်။ ဒါကြောင့် တာလမ်းဘေးမှာ ကြိုတင်နေရာယူစောင့်နေခဲ့လို့ ဒီကောင်တွေကို ဖမ်းမိခဲ့တာ”

ထို့ကြောင့် သူကြီးက ပြောလိုက်သည်။

“ဒါကြောင့် စောစောက ကျွန်တော်ပြောခဲ့တာပေါ့။ ဥာနာအုပ်မင်းတို့ သဘောစက်ပျက်တာ ကံကောင်းတယ်လို့ ပြောတာပေါ့”

ထို့နောက် ဥာနာအုပ်က ပြောလိုက်ပြန်သည်။

“ဖိုးတွမ်တီးရာဇာဟာ နာမည်နဲ့လိုက်အောင် တော်တော်အကွက်မြင်တာပဲ။ ဝင်းသောင်းကို စိတ်မချလို့ ဒီမိန်းကလေးသုံးယောက်ကို ဓားစာခံအဖြစ် ကြိုးပမ်းထားခဲ့တာ။ ဒါကြောင့်လည်း ဒုစရိုက်လောကမှာ ဖိုးတွမ်တီးရာဇာလို့ နာမည်ကြီးခဲ့တာပဲ။ ဒီနေရာမှာသာ စာရေးဆရာတစ်ယောက်ရှိနေခဲ့ရင် ဖိုးတွမ်တီးရာဇာနှင့် မသေသောလူသားဆိုတဲ့ ခေါင်းစဉ်နဲ့ စွန့်စားသည်းထိတ်ရင်ဖိုဝတ္ထုကောင်းတစ်ပုဒ် ရသွားနိုင်တယ်။ ကျုပ်တို့ကတော့ စာရေးဆရာမဟုတ်တော့ မရေးတတ်ဘူး။ ဒီတော့ ကျုပ်တို့လည်းပြန်ကြမယ်”

ဥာနာအုပ်က အဆီအငေါ်မတည့်စွာ ပြောဆိုလိုက်သည်။ ထို့ကြောင့် သူကြီးက ပျာပျာသလဲပြောလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ဟာ - ဌာနာအုပ်မင်း မနက်ကျမှပြန်ပါလား"

"ဒီညပဲပြန်မယ်ဗျာ။ ကျွန်တော်တို့မှာ မော်တော်ပါတာပဲ။ တရားခံဆိုတာ အချုပ်ထဲရောက်နေမှ စိတ်ချရတာ။ သူကြီးတို့ ဂုဏ်ပြုပွဲတက်ဖို့သာ စဉ်းစားထားကြ။ ကဲ - ကျွန်တော်တို့ပြန်မယ်။ တရားခံတွေကို မော်တော်ထဲကို ဝိုင်းပို့ပေးကြဦး"

ထို့ကြောင့် တရားခံများကို ချုပ်နှောင်ကာ ဌာနာအုပ်၏ မော်တော်ထဲသို့ ပို့ပေးခဲ့ကြလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## ထူးအောင်ပေးတဲ့ မသေဆေး

ဖိုးတွမ်တီးရာဇာနှင့် မသေသောသူများဇာတ်လမ်းမှာ ရှင်းသွားခဲ့ပြီဖြစ်သော်လည်း သူကြီးတို့၊ ထူးအောင်တို့လူစုမှာ ဇာတ်လမ်းမပြတ်သေးပေ။ အလှူခံရရှိထားခဲ့သော အလှူငွေနှစ်သိန်းသုံးသောင်းကို အလှူရှင်များထံသို့ ပြန်လည်ပေးအပ်ရန် စီစဉ်ခဲ့ကြရပြန်သည်။

သို့သော် -

အလှူရှင်များမှာ ဆုံးဖြတ်လှူဒါန်းခဲ့ကြခြင်းဖြစ်သဖြင့် အလှူငွေများကို ပြန်မယူလိုကြ။ ငွေကြေးပမာဏမှာလည်း များပြားလွန်းနေသဖြင့် မူလရည်ရွယ်ထားသည့်အတိုင်း ဦးရှင်ကြီးပွဲတော်၊ ဦးရှင်ကြီးရုပ်တုနှင့် ဦးရှင်ကြီးနန်းအပြင် ဘုန်းတော်ကြီးကျောင်းအား ပြန်လည်ပြုပြင်ခြင်း၊ ဥပုသ်ဇရပ်များဆောက်လုပ်ခြင်းနှင့် တရားပွဲနှင့် တရားစခန်းများကျင်းပရန် သဘောတူခဲ့ကြသည်။

စင်းသောင်းမှာလည်း အမှန်တကယ် အသိတရား ရရှိလာခဲ့ပြီး နေရင်းဒေသသို့မပြန်တော့ဘဲ သမုံ့တပင်ကျေးရွာမှာပင် အခြေချနေထိုင်ရန် ဆုံးဖြတ်ခဲ့သဖြင့် အားလုံးက အားရဝမ်းသာဖြစ်ခဲ့ကြရသည်။ သက်ပိုင်စိုးမှာမူ မသေဆေးဇာတ်လမ်းပျက်သွားခဲ့ပြီဖြစ်သဖြင့် စိတ်ဓာတ်ကျနေခဲ့တော့သည်။

ဤသို့ဖြင့် သမုံ့တပင်ကျေးရွာလေးမှာ ရရှိထားသောအလှူငွေများနှင့် ဘာသာရေး၊ သာသနာရေးကိစ္စများကို ဆောင်ရွက်နိုင်ခဲ့ကြသဖြင့် အုန်းအုန်းကျွက်ကျွက် စည်ကားနေခဲ့တော့သည်။ မလေးငယ်၊ ခင်နှင်းလှိုင်နှင့် ဝင်းပတို့က တရားပွဲကျင်းပမည့် မြေ



www.burmeseclassic.com

www.burmeseclassic.com



နေရာတွင် အမှိုက်များရှင်းလင်းနေခဲ့ကြပြီး ထူးအောင်၊ သက်ပိုင်စိုး၊ ဝင်းသောင်းနှင့် တင်စိုးတို့ ယောက်ျားလေးတွေက မဏ္ဍပ်ဆောက်လုပ်ရန် ဝါးမန်းများကို သယ်ယူနေခဲ့ကြသည်။

ထိုစဉ် ဝင်းပက မလေးငယ်ကို မေးလိုက်သည်။

"လေးငယ်၊ ထူးအောင်နဲ့ သက်ပိုင်စိုးတို့ကို မသေဆေးယူပေးသူ ငါ့ချစ်သူလို့နင်ပြောခဲ့တာ အခု မသေဆေးဇာတ်လမ်းက ပျက်သွားခဲ့ပြီဆိုတော့ သူတို့နှစ်ယောက်ထဲက နင်ဘယ်သူ့ကိုရွေးမလဲ"

"မသေဆေးပေးတဲ့လူကိုပဲ ငါ့ချစ်သူအဖြစ်ရွေးမှာပေါ့"

ထို့ကြောင့် ခင်နှင်းလှိုင်က ပြောလိုက်သည်။

"နင်က အခုထိရူးနေတုန်းပါပဲလား၊ နင့်ကို ဘယ်သူက မသေဆေးယူပေးနိုင်မှာလဲ"

"ယူပေးလို့ပဲ ငါရပြီးပြီ"

"ဘာ - နင်က မသေဆေးရပြီးပြီဟုတ်လား။ ဘယ်သူကပေးတာလဲ"

"ထူးအောင်"

"ဘာ - မသေဆေးကို ထူးအောင်ကရှာပေးတာ ဟုတ်လား။ ဘယ်တုံးကလဲ မဖြစ်နိုင်တာဟာ"

ခင်နှင်းလှိုင်နှင့် ဝင်းပက ဘဝင်မကျစွာ ပြောဆိုလိုက်ကြသည်။ ထိုစဉ် သက်ပိုင်စိုး၊ ထူးအောင်၊ တင်စိုးနှင့် ဝင်းသောင်းတို့ရောက်ရှိလာကာ တင်စိုးက ပြောလိုက်သည်။

"အစားအသောက် ကျွေးမွေးမယ့်လူတွေကလည်း အခုထိမလာကြသေးဘူး။ ဗိုက်ကတော်တော်ဆာနေပြီ"

"နင်ကလည်း အလုပ်မလုပ်ရသေးဘူး။ အစားစားဖို့ကအရင်"

ခင်နှင်းလှိုင်က ပြောလိုက်သဖြင့် တင်စိုးက ပြန်ပြောလိုက်ပြန်သည်။

"ဟာ - အစားဆိုတာလူနဲ့တည့်တာပဲ။ စားနိုင်မှလုပ်နိုင်မှာ"

ထိုစဉ် ဝင်းပက ထူးအောင်ကို မေးလိုက်သည်။

"ထူးအောင်၊ နင် လေးငယ်ကို မသေဆေးပေးလိုက်ပြီးပြီဆို"

"ဘယ်သူကပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လေးငယ်က ပြောတာ"

ထူးအောင်က မလေးငယ်ကို မသေဆေးပေးပြီးပြီဟုဆိုသဖြင့် သက်ပိုင်စိုး၊ ဝင်းသောင်းနဲ့ တင်စိုးတို့ အံ့သြသွားခဲ့ကြသည်။ မသေဆေးဇာတ်လမ်းမှာ ပြီးဆုံးသွားခဲ့ပြီ ဖြစ်သည်။ မသေဆေးဆိုသည်မှာလည်း မဖြစ်နိုင်။ မဖြစ်နိုင်သည်ကို ပြောနေကြသဖြင့် အံ့သြနေခဲ့ကြခြင်းဖြစ်သည်။

ထိုစဉ် ထူးအောင်က လေးငယ်ကို မေးလိုက်သည်။

"ငါမသေဆေးယူပေးခဲ့တာ နင်ရလား"

လေးငယ်က ရယ်ပြုံးခေါင်းညိတ်လိုက်သည်။ ထို့ကြောင့် ထူးအောင်က မေးလိုက်ပြန်သည်။

"ဒါဆို နင်ပေးထားတဲ့ကတိ နင်တည်လား"

မလေးငယ်က ပြုံးပြုံးကလေး ခေါင်းညိတ်ပြလိုက်သည်။ မလေးငယ်က ခေါင်းညိတ်ပြလိုက်သည်နှင့် ထူးအောင်က လက်သီးလက်မောင်းတန်းကာ အော်ဟစ်ထခုန်နေတော့သည်။

"ဟေး - ငါကွ၊ အဲဒါ ငါကွ။ ဟေး. . . ပျော်လိုက်တာ ပျော်လိုက်တာ"

တင်စိုးနှင့် ဝင်းသောင်းတို့က ထူးအောင်ကို ရူးများသွားခဲ့ပြီလားဟု စိတ်ထင်ကာ ငေးကြည့်နေခဲ့ကြသည်။ မြွေမြွေချင်း ခြေမြင်နေသော သက်ပိုင်စိုးကမူ ထူးအောင်နှင့်မလေးငယ်ကို မယုံသင်္ကာပြောလိုက်သည်။

"ဟော့ဟော့၊ နင်တို့အဲဒီလို လူလည်မကျနဲ့။ ဘာက်မလိုက်နဲ့။ ထူးအောင်ပေးတဲ့မသေဆေး ဘယ်မှာလဲပြ၊ ငါ့ကိုပြ။ မပြရင် ငါအတည်မပြုဘူး"

"မသေဆေးဆိုတာ ထိုးထွင်းသိမြင်နိုင်တဲ့လူတွေမှ တွေ့နိုင်တာ"

မလေးငယ်က ပြောလိုက်သဖြင့် သက်ပိုင်စိုးက မကျေမနပ် ပြောလိုက်ပြန်သည်။

"ရှုံးကြောင်ကြောင်စကားတွေ ငါ့ကိုလာမပြောနဲ့။ ငါလက်မခံဘူး။ ဘယ်မှာလဲပြ။ ငါမြင်ရမှယုံမယ်"

ထို့ကြောင့် မလေးငယ်က ပြောလိုက်သည်။

"သက်ပိုင်စိုးရယ်၊ နင်ဝ ရားပွဲမှာ တရားတွေလည်းနာပြီးပြီ။ တရားစခန်းလည်း ငါးရက်တိတိဝင်ခဲ့ပြီးပြီ။ ဆရာတော်တွေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ တရားပြဆရာတွေကလည်း ဟောပြောပြခဲ့ပြီးပြီ။ ဒါ တောင်မှ နင်သဘောမပေါက်သေးဘူးလား"

"သဘောမပေါက်ဘူး။ မသိဘူး ပြ။ ငါ့ကိုပြ။ ပြမှငါလက်ခံမယ်။ လေးငယ် နင် အဲဒီလိုတော့ တစ်ဖက်သတ် ဘက်မလိုက်သင့်ပါဘူးဟာ"

သက်ပိုင်စိုး တကယ်သဘောမပေါက်သေးပါ။ သက်ပိုင်စိုးနှင့်က သဘောမပေါက်နိုင်သော်လည်း ခင်နှင်းလှိုင်နှင့် ဝင်းပတို့က သဘောပေါက်သွားခဲ့ကြပြီ ဖြစ်သည်။

ထိုစဉ် တင်စိုးက ဝင်ပြောလိုက်ပြန်သည်။

"နင်တို့ဘာတွေဖြစ်နေတာလဲ။ ထူးအောင်ကလည်း ရူးသလိုလိုကြောင်သလိုလိုနဲ့ သက်ပိုင်စိုးကလည်း မသေဆေး အတင်းပြခိုင်းနေ။ လေးငယ်ကလည်း တရားဟောတာတွေရော၊ တရားပြတာတွေရော၊ ဘာလဲ၊ ဘာတွေလဲ။ တို့ကိုလည်း ပြောကြစမ်းပါဦး။ ဘာမှန်းလဲမသိဘူး"

ထို့ကြောင့် ဝင်းပက တင်စိုးကို ပြောလိုက်သည်။

"ဒီကိစ္စက နင့်ကိုပြောလို့မဖြစ်ဘူး။ နင်ရှေ့မှာလည်း ရှင်းလို့မရဘူး။ သူတို့ကိစ္စ သူတို့ဘာသာရှင်းလိမ့်မယ်။ လာ - နင်ရော ဝင်းသောင်းပါ ငါတို့နဲ့လိုက်ခဲ့။ ငါတို့ရှင်းပြမယ်"

"ဘယ်ကိုလိုက်ခဲ့ရမှာလဲ"

"လိုက်သာလိုက်ခဲ့စမ်းပါဟာ။ ကဲ - မိလေးငယ်၊ ညည်းတို့ကိစ္စ ညည်းတို့ဘာသာရှင်း"

ဝင်းပက ခင်နှင်းလှိုင်ကိုခေါ်ကာ ထွက်သွားသဖြင့် တင်စိုးနှင့် ဝင်းသောင်းတို့ကလည်း ဘာမသိဘာမသိနှင့် လိုက်သွားခဲ့ကြရတော့သည်။

ထို့နောက် သက်ပိုင်စိုးက ပြောလိုက်ပြန်သည်။

"ကဲ - ဘယ်မှာလဲ။ ထူးအောင်ပေးတဲ့မသေဆေးပြ၊ ငါ့ကိုပြ"

"ငါပြောတာကို အရင်နားထောင်ပါဦးဟာ"

မလေးငယ်က ပြောလိုက်သည်။ ထို့ကြောင့် သက်ပိုင်စိုးက စိတ်မရှည်စွာပြန်ပြောလိုက်သည်။

"ကဲ - ပြော"

"တို့တစ်တွေဟာ အရင်တုန်းကဆိုရင် ဘာသာရေးနဲ့ ပတ်သက်ပြီး နက်နက်နဲနဲမသိခဲ့ကြဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com


"တရားဟောဘုန်းကြီးမှမဟုတ်ဘဲ ဘယ်လိုလုပ်သိမှာလဲ"

"အေး - အခုသိခဲ့ကြရပြီ"

"ဘာတွေသိတာလဲ"

"ဘဝတစ်ခုရယ်လို့ဖြစ်လာခဲ့ရင် အို၊ နာ၊ သေဆိုတဲ့ ဘေးသုံးဘေးက မလွတ်နိုင်ကြဘူး"

"ဒါကတော့ နင်ပြောမှလားဟ။ လူတိုင်းသိနေကြတာပဲ"

"သိနေကြပေမယ့် သတိမထားမိခဲ့ကြဘူးလေ။ အို၊ နာ၊ သေဆိုတဲ့ ဘေးသုံးဖုံဘေးဟာ တစ်နေ့မဟုတ်တစ်နေ့ တွေ့ကြရမယ်ဆိုတာ မေ့နေခဲ့ကြတယ်။ ငါလည်းမေ့နေခဲ့တယ်၊ နင်လည်းမေ့နေခဲ့တာပဲ"

သက်ပိုင်စိုး ဘာမှပြန်မပြော။

"အဲဒီဘေးသုံးဘေးက လွတ်မြောက်နိုင်တဲ့နေရာဟာ နိဗ္ဗာန်ပဲ။ ဒါကြောင့် နိဗ္ဗာန်ကိုရောက်အောင် သွားနိုင်ရင် အိုခြင်း၊ နာခြင်း၊ သေခြင်းဘေးက လွတ်မြောက်သွားမယ်။ ဒါကြောင့် နိဗ္ဗာန်ကိုသွားနိုင်တဲ့လမ်းကြောင်းဟာ သေခြင်းတရားမရှိတဲ့နေရာ၊ မသေနိုင်တဲ့နေရာကို သွားတဲ့လမ်းကြောင်းဖြစ်လို့တဲ့။ လူဟာ မသေဆေးကိုတွေ့တာနဲ့ အတူတူဖြစ်သလို အဲဒီလမ်းကြောင်းကို ပြပေးသူဟာလည်း မသေဆေးပေးသူနဲ့အတူတူပဲ။ ငါပြောတာ နင်သဘောပေါက်တယ်နော်"

သက်ပိုင်စိုး ဘာမှပြန်မပြော။ ထို့ကြောင့် မလေးငယ်က ဆက်ပြောလိုက်သည်။

"အဲဒီအကြောင်းတွေကို အစက ငါ လေးလေးနက်နက် မတွေးမိခဲ့ဘူး။ အခုတွေးမိပြီ။ ဘာအကြောင်းတွေးမိလာသလဲဆိုတော့ ထူးအောင်ပေးတဲ့ တရားစာအုပ်တွေ၊ ထူးအောင်ကျင်းပပြုလုပ်ခဲ့တဲ့ တရားပွဲတွေ၊ တရားစခန်းတွေကြောင့် တွေးမိလာခဲ့တာပဲ။ ဒါကြောင့် ထူးအောင်ဟာ ငါ့အတွက် မသေနိုင်တဲ့နေရာကို သွားမယ့်လမ်းကို ပြသပေးသလို မသေဆေးကိုပေးခဲ့တဲ့လူလည်း ဖြစ်တယ်။ ဒီလောက်ဆို နင်သဘောပေါက်လိမ့်မယ်လို့ ငါထင်တယ်"

အမှန်တကယ်လည်း သက်ပိုင်စိုး သဘောပေါက်သွားခဲ့ပါပြီ။ ထို့ကြောင့် သက်ပိုင်စိုးက ထူးအောင်ကိုကြည့်ပြီး ပြောလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com


"ထူးအောင်၊ မင်းဟာ တကယ့်ကိုချီးကျူးလောက်ပါပေတယ် ကွာ။ ငါကျေနပ်တယ်သူငယ်ချင်း။ ငါကျေနပ်တယ်။ ငါချစ် ရတဲ့လေးငယ်ကို မင်းလိုတွေးခေါ်မြော်မြင်တတ်သူ တစ် ယောက်ရဲ့ ရင်ခွင်ထဲကို ထည့်ပေးလိုက်ရလို့ ငါ့ချစ်သူအ တွက်လည်း ငါစိတ်ချသွားရပြီ။ ငါ့ချစ်သူရဲ့ဘဝ လုံခြုံစိတ်ချ သွားခဲ့ရပြီဖြစ်လို့ ငါဝမ်းသာတယ်သူငယ်ချင်း။ ငါဝမ်းသာ တယ်။ မင်းအတွက်လည်း ဂုဏ်ယူပါတယ်ကွာ"

သက်ပိုင်စိုးက ထူးအောင်ကို လက်ဆွဲနှုတ်ဆက်လိုက်သည်။ သက်ပိုင်စိုးမှာ ဝမ်းသာဂုဏ်ယူတယ်ဟုဆိုသော်လည်း မျက်ရည်များ ရစ်ဝိုင်းနေပြီ ဖြစ်သည်။

ထိုစဉ် တင်စိုးတို့အုပ်စု ပြန်လည်ရောက်ရှိလာခဲ့ကြပြီ။ တင် စိုးက အော်ဟစ်ပြောဆိုလိုက်သည်။

"အမယ်လေးကွာ၊ မိန်းကလေးတစ်ယောက်ရဖို့ တရားပွဲတွေ ကျင်းပ၊ တရားစခန်းတွေဖွင့်နဲ့ ဒီလိုယောကျ်ားမျိုးက ရှား တယ်။ ဒီလို ယောကျ်ားမျိုးကို ငါ့နှမနဲ့ သဘောတူတယ်ဟေ့။ ငါသဘောတူတယ်။ သက်ပိုင်စိုး မင်းကလည်း သဘောထား ကြီးပေးလိုက်"

တင်စိုးမှာ ဝင်းပနှင့် ခင်နှင်းလှိုင်တို့က ရှင်းလင်းပြောပြခဲ့ပြီး ဖြစ်သဖြင့် သဘောပေါက်သွားခဲ့ပြီ ဖြစ်သည်။ တင်စိုးက နောက် ပြောင်ပြောဆိုနေသဖြင့် မလေးငယ်က ရှက်ပြီးထွက်ပြေးသွားခဲ့ တော့သည်။

"ဟာ - အစ်ကိုကလည်း ဘာမှန်းလဲမသိဘူး"

"ဟာ - ဟေ့ကောင်၊ လေးငယ်ပြေးပြီ။ လိုက်. . . လိုက်လေ၊ ဟေ့ကောင် လိုက်သွား"

တင်စိုးက ထူးအောင်ကို အတင်းတွန်းလွှတ်နေသဖြင့် ထူး အောင်ကလည်း မလေးငယ်နောက်သို့ အပြေးကလေးလိုက်သွားခဲ့ လေတော့သည်။

စေတနာကောင်းများနှင့်
ကံကောင်းနိုင်ကြပါစေ

မင်းသစ္စာလှိုင် (ကဒုံကနီ)

www.burmeseclassic.com